
www.burmeseclassic.com

ကိုရွှေတောသား

# ပျော်ပျော်ပါးပါး ဝါးဟားဟား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၁၄၁၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၃၀၇၀၃၁၀ |
| ထုတ်ဝေမည့်လ | - | ပထမအကြိမ်၊ ဧပြီလ၊ ၂၀၁၀-ခုနှစ်။ |
| စီစဉ်သူ | - | ကိုမြိုး |
| မျက်နှာဖုံးပန်းချီ | - | ဝန်ဒါ |
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း(ရဲအောင်စာပေ) အမှတ်(၂)၊ ချုန်း(၁)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်) အမှတ်(၁၇၁)၊ ၃၃လမ်းအထက်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀ |

ရွှေတောသား၊ ကို ၈၉၅.၈၃
ပျော်ပျော်ပါးပါး ဝါးဟားဟား / ကိုရွှေတောသား။
- ရန်ကုန်၊
ရဲအောင် စာပေ၊ ၂၀၁၀ ။
၉၁-စာ ၊ ၁၃ ၂၁ × ၂၀.၈၃ စင်တီ၊
(၁) ပျော်ပျော်ပါးပါး ဝါးဟားဟား


ဖတ်သူတွေ ပျော်ပျော်ပါးပေါ့
မှတ်ယူစေ ကျော်ကျော်မလွှားပါနဲ့
ဝါးဟားဟား . . . ရယ်ဖို့ရာ။

တစ်မျိုး တစ်သွင်သာပ
စာဝန်းကျင် ကမောက်ကမကိုဖြင့်
ဟာသဉာဏ် ဖာတ်အိမ်ဆောက်လို့
ဖောက်ရသည်သာ။

အပြုတ်လျောင်မယ့်
ဖာတ်ဆောင်တို့ စုံလင်စွာ
စာထဲမှာ ပါသော်ငြား။

နောက်ပြောင်စိတ်အရင်းခံနဲ့
ရယ်မောရန် ရည်ရွယ်လိုက်တာမို့
တိုက်ဆိုက်လျှင် သဘောကြီးပါခင်ဗျာ့
"Sorry" ဆို လက်စုံဖူးလို့
ညွတ်နူးကာ ကဗျာသ
တောင်းပန်ပဗျား။ ။

မြို့မေတ္တာခံယူမယ့်
**ကိုရွှေတောသား**
၁၄.၈.၂၀၀၉

www.burmeseclassic.com

# မာတိကာ


၁။ လှည့်ပြန်လာသော မြှား ....

၂။ ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ....

၃။ ဝဲချင်းတော့ ကိုယ်ချင်းစာပါတယ် ....

၄။ ခင် .. ခင် .. ခင် .. ခင် ....

၅။ မှတ်မှတ်ရရ ပျော်ပျော်ရွှင်ရွှင် ....

၆။ နံ့ကြီးဆိုတာ တစ်ချိန်တုန်းက ခံသီးပါပဲ ....

၇။ မဟူရာမီးသွေးတစ်ခဲရဲ့ သမိုင်းအစ ....

၈။ လာရာလမ်းကို ပြန်ကြသည် ....

၉။ 'ဒန်'သည် 'ဂန်'သည် ထိုနှစ်လီ ....

၁၀။ ထင်မိယောင်လည်း မှားခဲ့တယ် ....

၁၁။ မော်ကွန်းလည်း ထိုးလောက်တယ် ....

၁၂။ ရေနစ်သွားသည့် စင်ရော်များ ....

၁၃။ ခေတ်ပြိုင်အရုပ်ပုံလွှာများ ....

၁၄။ အမှတ်တရမှ အမှတ်တရသို့ ....

၁၅။ ပျော်ပျော်ပါးပါး ဝါးဟားဟား ....


BURMESE CLASSIC .com



# လှည့်ပြန်လာသော မြှား

ကျွန်ုပ်အနေဖြင့် ကိုရွှေတောသားမည်သော မဖြစ်ညစ်ကျယ်တေိနှင့် ၎င်း၏ တပည့်ကျော်ပါလေရာ ပဲခူးဆား 'ပလာယာ'တို့အား မျက်ခြ စပါးမွေးစူးသည်မှာ ကာလအတန်ကြာချေပြီ။

သင်းတို့ ဆရာတပည့်နှစ်ယောက်သည် လူ့လွှယ်အိတ်များဖြစ်ကြရုံမက ဂဏန်းသေ၍ ဝင်စားကြသူတွေ ဖြစ်လေသလော မပြောတတ်။ သူတို့လမ်းကို သူတို့ ကောင်းကောင်းမလျှောက်။ ဘေးတိုက်လျှောက်ရင်း ကျွန်ုပ်၏ ဘူးသီးပုံကျာနယ်ကိုလည်းကောင်း၊ သည်ကျာနယ်ကိုမှီရင်း ကြဲချောင်းတုတ်တုတ်ခဲခဲကြီးကို ရှလွတ်ရှလွတ်နှင့် စုပ်တော်မူသော ကျွန်ုပ် 'မောင်တေမိ' ကိုလည်းကောင်း၊ ထို့ပြင်တစ်ဝ ကျွန်ုပ်လုပ်သမျှ ကိုင်သမျှအပေါ် သောသော ညံ့မျှ ဝမ်းစမိုးပေးတော်မူသည့် တပည့်ကျော် ဆဋ္ဌဂံ ငါးစင်ရိုင်း၊ မည်းပြောင်မြေခွေး၊ ကိုနံ့ကြီး(ငွေးသီးဗန်း)နှင့် ပန်းခွေလှိုင်တို့ကိုလည်းကောင်း အခွင့်သာလျှင် သာသလို နားရင်းအုပ်နေသည်မို့ ၎င်းတို့ ဆရာတပည့်နှစ်ယောက်အပေါ်၌ အဘယ်မှာလျှင် ဥဒါန်းကျေနိုင်ပါအံ့နည်း။

ခုတလော သင်းတို့နှစ်ယောက် သိပ်ချိုထောင်သည်ကို မတွေ့ရ။

ဒါကလည်း ကျွန်ုပ်ဘက်က ၎င်းတို့၏ အညာကို ကိုင်ထားနိုင်သောကြောင့် ဖြစ်နိုင်၏။ ၎င်းတို့သည် မဖြစ်ညစ်ကျယ်ကျာနယ်ကို လုပ်ကိုင်ခွင့်မရှိပါက မြောင်းထဲသို့ ကားခနဲ ရောက်သွားကြမည့်သူတွေပင်။ ၎င်းတို့သည် ကျွန်ုပ်တို့ အုပ်စုအား ကန်တန်တန် လုပ်ချင်သာလုပ်မည်၊ ၎င်းတို့ မဖြစ်ညစ်ကျယ်ကျာနယ်၏ ထုတ်ဝေသူ စွပ်ပရားကိုမူ ကန်တန် တန်လုပ်ဖို့ဝေးစွ၊ စွပ်ပရားများ သင်းတို့တိုက် ရောက်မသွားနှင့်။ ရောက်သွားလျှင် ရောက်သွားချင်း ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com

သရာ ပညာနှစ်ယောက်၏ မျက်နှာသည် ကမ္ဘာဦးလူတို့ နေနှင့်လကို ပြိုင်တူ တွေ့လိုက်ရသည့်အလား။ သည်အထဲ ပလာယာဆို အဆိုးဆုံး။ မတော်ရသေး သည့် ယောက္ခမကို တွေ့လိုက်ရသည့်အလား။ ထုတ်ဝေသူ စွပ်ပရားအား ဖော်လံဖားလိုက်ရသည်မှာ မျောက်ဟိုဒင်း သမန်းရှသလို။

စာနယ်ဇင်းလောက၌ ကျွန်ုပ်ကြည့်မရသူတွေမှာ အများသား။

'ရုပ်ရှင်ပေါင်လှန်'မဂ္ဂဇင်း၌ လစဉ်လစဉ် ဇရတ်သုက္ခအမှုအခင်းများကို ဖြတ်လိုက် ထုံးလိုက်လုပ်နေသည့် 'ဖန်ချောင်း'ဆိုသော ငတိကိုလည်း သိပ်ကြည့်၍ မရ။ ၎င်းအပေါ် ကျွန်ုပ်က ၎င်း၏ ဂုဏ်သိက္ခာနှင့် နာမည်ကလေး ထိခိုက်ရုံလေး လုပ်လိုက်မိသည့် အမှုတစ်ခုအပေါ် မကျေမလည် ဖြစ်ကာ ၎င်းသည် ဟာရာဏာသီ ချဲ့ချဲ့ပြီး သူ့ဖြတ်ထုံး အချို့၌ ကျွန်ုပ်၏ ရွှေသောပိုက်ကို ခြေနှင့်ကန်၏။ ကျွန်ုပ်၏ နီတျာတျာ ပွယောင်း ယောင်း နှာခေါင်းအား ရုံဖန်ရုံခါ ဆွဲလိမ်တတ်၏။ ကာယကံမြောက် မဟုတ်သော်ငြား သူ၏ ကလောင်သွားဖြင့် (ဘာကံမြောက်လေသလဲတော့ မသိ) ထိုးထိုးနှက်တတ်သဖြင့် ကျွန်ုပ်မှာ ကျောကော့အောင် ခံလိုက်ရလျှင် တစ်ချီတစ်ချီ မသက်သာ။

သည့်အတွက် တစ်နေ့နေ့ အခွင့်သာ အခါပေးပါက ပြန်လည် တွယ်နှက်နိုင်ရပါလိုခြင်းငှာ စပ်စပ်စုစု နိုင်လှသော ကိုနံ့ကြီး (ငွေးသီးဗန်း)အား တာဝန်ပေးထားချေ၏။

''စိတ်ချ အာစရိ။ အဲဒီ 'ဖန်ချောင်း' အကြောင်းကို ကျွန်တော် စုံစမ်းပေးမယ်။ သူနဲ့ နှလုံးလှလှသောက် . . . အဲ . . . နှလုံးလှလှမိုက် စာရေးဆရာ ချစ်ကိုကိုယုတို့ဟာ တစ်ရွာတည်းသားတွေဆိုပဲ။

ကိစ္စမရှိဘူး အာစရိ၊ ချစ်ကိုကိုယုဆိုတာ မြန်မာဘီယာရယ်၊ ရမ်ရယ်၊ လက်ဖက်အဘိုးကြီးသုပ်ရယ် ကြိုက်တဲ့သူ။ ဒီလို ဆိုတော့ကာ ဘီယာဖိုးရယ်၊ ရမ်ဖိုးရယ်၊ လက်ဖက်အဘိုးကြီးသုပ်ဖိုးရယ်သာ ကျွန်တော့်ကို ပေးလိုက်။ သူ့ကို တိုက်ကျွေးပြုစုပြီးရင် . . . ''

''နေပါဦး ငွေးသီးဗန်းရဲ့။ သူ့ကို တိုက်ကျွေးပြုစုတယ်ဆိုတော့ မောင်ရင်ကကော ဘာမှ မသောက်မစားဘဲ ပါးစပ်အဟောင်းသားကြီး နေမှာတဲ့လား''

''အဟီး . . . ဒါကတော့ အာစရိလည်း ခွက်ပုန်းဘွဲ့ရထားတဲ့ ဥစ္စာ။





နည်းနည်းတော့ နားလည်ပေးနိုင်ရမှာပေါ့။ သူ့ကို အတင်းတိုက်၊ အတင်းမေး၊ ကိုယ်က ဘာမှမသောက်ဘဲ ဥပုသ်သည်လို နေနေရင် ကျွန်တော့်ကို ဘာထင်သွားမလဲ၊ တစ်ခုရှိတာက အဲဒီ ချစ်ကိုကိုယုနဲ့ ကိုရွှေတောသားတို့ဆိုတာ နှစ်ရွာတစ်ရွာကလို့ ပြောသံကြားဖူးတယ်နော်''

''ဟုတ်လား''

''သေချာတယ် အာစရိ။ ကျွန်တော် ဒီလောကထဲမှာ လုပ်ကိုင် စားသောက်လာတာ အံတိုရုံမက အစွယ်တောင် ထွက်နေတဲ့ ဥစ္စာ၊ ကျွန်တော့်မှာ ကိုနံ့ကြီး (ငွေးသီးဗန်း)ဆိုတဲ့ ဖြတ်သန်းမှု ရှိပါတယ်။ မယုံ ရင် ကျော်ဟိန်းနဲ့ တွေ့တဲ့ခါ မေးသာကြည့်။ ကျော်ဟိန်းဟာ ကျွန်တော့် သူငယ်ချင်း''

ကိုနံ့ကြီး(ငွေးသီးဗန်း)ကား အရေးထဲ ကြော်ငြာဖြတ်ဝင်နေပြန်၏။ မတတ်နိုင်။ ကိုယ်ပြုဖို့ရန် ခက်ခဲလှစွာသော အလုပ်တစ်ခုအတွက် စွမ်းဆောင် နိုင်သော သင်းအား အားမကိုး၍ မဖြစ်၊ ထောင်မြင်တော့လည်း ရာစွန့်ရမည်လေ။

''ပေးပါ့မယ်ကွာ။ ပေးပါ့မယ်။ ကိုယ်ကလောင်ခွဲတစ်ခုနဲ့ အကြံအဖန် ရေးထည့်ထားတဲ့ သတင်းတစ်ပုဒ်ဖိုး ဂျာနယ်က မထုတ်ရသေးဘူး''

''ဟာ . . . ကျွန်တော်တို့က ဖျော်/စပ်ချမှာ မဟုတ်ဘူး။ စမတ် ကျကျ စည်ဘီယာဆိုင်ထိုင်မှာ အာစရိရဲ့။ ဒီတော့ အာစရိရဲ့ စာမူခနဲ့ မလောက်ဘူး။ စေတနာမရှိရင်လည်း လုပ်မနေပါနဲ့တော့ အာစရိရယ်။ တော်ကြာ ကြားထဲက ငွေးသီးဗန်း နာမည်ပျက်နေပါဦးမယ်''

''မောင်ရင်ကလည်းကွာ။ ကိုယ့်စကားကို ဆုံးအောင်မှ နားမထောင် ဘဲကိုး။ ကိုယ် မောင်ရင်တို့အပေါ် ဘယ်မှာ စေတနာနည်းခဲ့တာမျိုး ရှိခဲ့လို့လဲ။ ညှော်ခံပွဲတွေရောက်ရင် ကိုယ်မျိုးဆို့လို့ မကုန်နိုင်တဲ့ တော့စ်တွေမှန်သမျှ မောင်ရင်တို့ ရှေ့ကို တွန်းတွန်းပြီး ပို့ခဲ့တာပဲ မဟုတ်လား။ စီးကရက်ဘူးဆိုလည်း မောင်တို့ ရှုရှိုက်ရအောင် ဖြောင်ဖြောင်ပြီး ယူလာတာလည်း မင်းတို့ အသိ။ ကိုယ့်နာမည်က မောင်တေမို့ ဖြစ်ပေမဲ့ အေးတိအေးစက်တော့ မဟုတ်ဘူး မောင်ရင်''

''ဒါတွေ ထားပါတော့ အာစရိရယ်။ လတ်တလောကိစ္စကိုပဲ ပြတ်အောင် ဖြတ်စမ်းပါ။ အာစရိပေးမှာလား၊ မပေးဘူးလား။ ကဲ . . . ပြော''

ငွေးသီးဗန်းကား စကားစကား ပြောပါများ စကားထဲက ဇာတိ



www.burmeseclassic.com

www.burmeseclassic.com

ပြလေပြီ။ ကျွန်ုပ်အဖို့ သင်းတို့၏ အငြိုးအငြင်ကို ခံလို့မဖြစ်။ နို့မဟုတ်ပါ က ကျွန်ုပ်၏ လက်ရှိအင်အားတွေ တစ်စစီ ကျိုးပဲ့ကုန်မည် မဟုတ်ပါလား။

"ပေးမှာပါ့ မောင်ရင်ရယ်။ ပေးမှာပေါ့"

"ကိုယ့်တပည့်လက်သားတွေနဲ့ ပတ်သက်လာရင် အားလုံးအပေါ် စွန့်လွှတ်ရဲတာ မောင်တေမိရဲ့ သတ္တိပါကွာ။ စောစောက ထုတ်ဝေသူ မသိအောင် ကိုယ် 'သင်းကွဲမျောက်'၊ 'အာပုံချစ်'၊ 'ကာလသား' ဆိုတဲ့ နာမည်တွေနဲ့ ရေးထားတာကို ထုတ်ထားတဲ့ ငွေယားလေးတွေ ရှိပါတယ်။ ငါ့တပည့် စပါယ်ရှယ် အရည်ဖျော်ပြီး ကိုယ့်အတွက် မင်္ဂလာရှိတဲ့ သတင်းလေးတွေ ဆောင်ကျဉ်းပေးနိုင်အောင် စေတနာသုံးတန် ပြတ်လိုက်မှာပါ"

BURMESE CLASSIC .com

"ဟား... ဒါမှ ကျွန်တော်တို့ရဲ့ အာစရိ"

"သောက်တဲ့ စားတဲ့အခါ ကိုယ့်ဘက်က လျှိုသောက်နော်။ ကိုယ့် အင်ပါယာထဲရောက်မှ ပုဆိုးကွဲကွဲ၊ ဒူးပြဲပြဲ စိတ်တိုင်းကျသောက်။ ကြားလား။ တော်ကြာ တစ်ဖက်သားက အဓိပ္ပာယ်တစ်မျိုး ကောက်သွားရင် အစီအစဉ်တွေ ပျက်သွားမယ်။ အဲသည်တော့က ရှေ့နေလည်း လုပ်တယ်ဆိုတော့ အကင်း မပါးဘူး မထင်နဲ့။ နောက်... ဖန်ချောင်းနဲ့ ပတ်သက်လာရင် သူ့မျိုးရိုးကအစ စာရင်းကောက်ခဲ့ကွာ။ အထူးသဖြင့် မှားကွက်မှန်သမျှကို လွှတ်မသွားစေနဲ့"

"စိတ်ချပါ အာစရိရယ်။ ဟောဒီ တနယ်ဖင်းလောကမှာ အာစရိ မြင်ပြင်းကတ်သူ မှန်သမျှဟာ ဘယ်တော့မှ ကျွန်တော်တို့ရဲ့ မိတ်ဆွေ ဖြစ်မလာပါဘူး"

သို့ကလို ကျွန်ုပ် ဘဝင်ကျအောင် စကားလုံးတွေ ပစ်သွင်းပြီး နောက် ကိုနံ့ကြီး(ငွေးသီးပန်း)သည် လူ့ရှင်တော် မန်းဝင်းစတိုင်လ်ဖမ်းလျက် နလုံးလှ လှသောက်နှင့် စည်ဘီယာကစ်ရန် ယက်ကန်ယက်ကန်နှင့် ထွက်သွားပါချေ၏။

ကျူပင်ခုတ် ကျူငုတ်မကျန်ပါစေနှင့်ဟူသော စကားကို ကျွန်ုပ် အကြီးအကျယ် သဘောကျ၏။ ရှင်းမည်။ ရှင်းရမည်။ ရှင်းပစ်ရမည်။ ဖန်ချောင်းကို ရှင်းလင်းဖို့ ကြံစည်အားထုတ်သလိုမျိုး ကိုရွှေတောသားနှင့် ပလာယာတို့ကို နှိပ်ကွပ်ရန်၊ ပြီးတော့ မဖြစ်ညစ်ကျယ် ဂျာနယ်မှလွင့်သွားစေရန် ကျွန်ုပ်သည် 'အဲလီးဖင့်နအိုင်ဒီယာ'ခေါ် ဆင်ကြံကြံရုံမက ကြံရပေတော့မည်။

ထို့ကြောင့် သင်းတို့နှစ်ကောင်၏ အဓိပတိဖြစ်တော်မူသော စွပ် ပရားနှင့်





ကျွန်ုပ် ရင်းနှီးအောင် ကြံဆောင်ရတော့၏။ ဒါကလည်း မခက်။ ကျွန်ုပ် အယ်ဒီတာချုပ်လုပ်သော ဘူးသီးပုံဂျာနယ်၏ ထုတ်ဝေသူ 'အိစံ ကွားလား'နှင့် 'စွပ်ပရား'တို့မှာ ဟိုး... ရှေးမဆွကာလကတည်းက အသားအရောင်မတူ၊ စကားသံ ကွဲလင့်ကစား စီးပွားရေးကဏ္ဍအချို့၌ ရင်ချင်း ဆက်ခဲ့ရလေကား စွပ်ပရားနှင့် ကျွန်ုပ်အတွက် ဆုံစည်းရေးလမ်းကြောင်းမှာ သိပ်မခက်ခဲ။

"မိခင်နှင့် ပြေလည်လိုပါက သူ့သားသမီးကို ချီးမွမ်းရာ၏"ဆို သေ စကားအရ ကျွန်ုပ်လည်း စွပ်ပရားနှင့် ပြေလည်စေခြင်းငှာ ချီးမွမ်းစရာတွေကို ရှာဖွေကြည့်ပါ၏။ စစချင်း ဘာမှမတွေ့။

မည်းနက်မှောင်ရီသော အသားအရေကို ချီးမွမ်းရမည်လား။ သုနကွော မည်သောခွေးအား လှမ်းပစ်နိုင်လောက်သည့် ၎င်း၏ အင်တာနေရှင်နယ် အရပ် အမောင်းကို ကွန်ဂရက်ကျူလေးရှင်း ပြုရမည်လား။ အမြင်မတော် ဆင်တော်နှင့် ခလောက်ပမာ တစ်ကိုယ်လုံး ဆင်မြန်းထားသည့် ဘယက် တန်ဆာဒွာဒရာ တွေကိုပဲ ထောပနာ ပြုရလေမလား။ မတွေ့... မတွေ့ ဘာမှမတွေ့။

သို့သော် အသေအချာ အလေးအနက် တခုတ်တရ ဂရုတစိုက် စိန့်ပြေနပြေ ဇယနတာ စူးစူးစိုက်စိုက် လေ့လာလိုက်သည့်အခါမတော့ ချီးမွမ်းစရာ ကိစ္စတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရပါသတည်း။

ထိုအရာကား အခြားမဟုတ်။ ဆင်ပြောင်ငါးစီး အားမာန်ကြီးဘိ သကဲ့သို့ ကျွန်ုပ် မောင်တေမိတို့အကြိုက် ကျွမ်းစိုက်နိုင်လောက်အောင် မိုဝဲစရာ ဆေးဝါးတစ်မျိုးပါတည်း။ ထိုဆေးကို ထုတ်လုပ်သူမှာ စွပ်ပရား ဖြစ်ချေ၏။ ဆေးအမည်ကား 'ယောက်ျားအားတိုးဆေး' ဖြစ်၏။ ကျွန်ုပ်သည် မြဟသ်ာကို လည်း လက်မလွှတ်နိုင်၊ ဆာဒူးကြီးကိုလည်း သံယော ဇဉ်မဖြတ်နိုင်။ သည်သို့ ဖြစ်နေခဲ့ရာမှ တစ်နေ့သ၌ တပည့်ကျော် မည်းပြောင်မြွေခွေး ဘယ်က ဘယ်လို ရလာလေလည်းမသိ။ "အာစရိအတွက် အာစရိကြိုက်မယ့် ဆေးခင်ဗျ" ဟု ဆိုကာ 'ယောက်ျားအားတိုးဆေးကြီး' ကို ပေးလာ၏။

"ဟဂေါင်... ဒါ... "

"အဟိး... အာစရိကလည်းဗျာ။ နောက်တီးနောက်တောက်"

ကျွန်ုပ်ကား တစ်ခါသေဖူးထား၍ ပျည်ဖိုးအကြောင်းကို နားလည် နေပြီဖြစ်၏။ အားတိုးဆေးနှင့် သားအိမ်ပွင့်ဆေး မှားသောက်မိ၍ သေကောင်



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းလဲ ဖြစ်ရပုံကို စာရှုသူတို့အား တင်ပြခဲ့ဖူးပါသည်။ ထို့ကြောင့် လေးညှို့ သံကြားလေတိုင်း တုန်လှုပ်ရသော ငှက်ပမာ ကျွန်ုပ် ဖြစ်နေမိခြင်းပင်။

''စိတ်ချပါ အာစရိရာ။ ရိုက်ကွင်းပေါ်က ဆရာနေမင်းထွန်းတောင် ဟောဒီဆေးနဲ့ကျမှ အိုကေသွားတာ။ တောကားတွေ ရိုက်နေတဲ့ ဒါရိုက်တာ ဗိုဝမ်းလည်း ဒီဆေးကို လက်စွဲပဲ။ ဘာဘတွံတေးသက်ဦးတောင် အသက်ကြီး သွားလို့တဲ့။ ဆရာ သံသယဖြစ်ရင်လည်းနေလေ။ သူများတိုက်တဲ့ ရမ်နှစ်ပက် ဝင်မှ သွေးကြောလေကြော ပွင့်တတ်တယ်ဆိုတဲ့ ဆရာအောင်ဟိဏ်း (ကျိုက်ထော်)ကို သွားပြီး ဒါနပြုတော့မယ်၊ ခမျာမှာ အကြောဒုက္ခခံစားနေရတာ''

''ဟာ... ဟာ... မလုပ်ပါနဲ့ကွာ။ မလုပ်ပါနဲ့။ ပေး.. ပေး၊ ငါ့ကိုပဲ ပေးခဲ့ကွာ။ သောက်မယ်... သောက်မယ်။ မင်း ယုံကြည်အောင် ခုပဲ သောက်မယ်''

''ဟား... အာစရိ အရမ်းမလုပ်နဲ့ဦး။ အညွှန်းကို သေသေချာချာ ဖတ်ပြီး အညွှန်းအတိုင်း သောက်ရတာဗျ''

''ဟင်... ဟုတ်လား။ သိပါဘူးကွာ''

မည်းပြောင်မြေခွေး ပြောသည့်စကားမှာ မှန်လှချေ၏။ စွပ်ပရား ဖော်စပ် ထုတ်လုပ်သော ဆေးကား တကယ့်ကို အာနိသင် ထူးလှချေရာ ''မိခင်နှင့် ပြေလည်လိုပါက သားသမီးကို ချီးမွမ်းရာ၏''ဆိုသော စကား အတိုင်း တိုက်သ စွပ်ပရားရောက်လာသည့် အခိုက် သူဖော်စပ်ထုတ်လုပ်သော ဆေးဝါးကို ချီးမွမ်းလေတော့၏။ ထို့ပြင်တစ်ဝ ပိုပိုသာသာလေးအဖြစ် ၎င်း၏ 'မိုးမြင့်အာကာယံ'ဆိုသော စာပေကလောင်ကိုလည်း ပင့်ပေးရ၏ ။ ၎င်းအ စွပ်ပရားဟုပင် ကျွန်ုပ်မခေါ်။ ၎င်းအသည်းခိုက်စေမည့် နာမည်ကလေးကို နားဝင်ဆိမ့်အောင် ခေါ်လိုက်လေရာ မည်းမှောင်သော အသားအရေ ခွေးပ တုတ်လောက်ရှိသည့် အရပ်ကို ပိုင်သတော်မူသည့် ၎င်းလည်း ဘဝင်ရေ အခွေကြီး ခွေ့နေလေတော့သတည်း။ (ဤနေရာ၌ ၎င်းပြောသောစကားသံ မြန်မာမှုပြုလိုက်ပါ၏။)

''အဲဒီဆေးဟာ... အိပ်မက်ပေးလို့ ဖော်စပ်လိုက်တဲ့ ဆေး တကယ့် အဖိုးတန်ပစ္စည်းတွေ၊ သစ်ဥ၊ သစ်ဖု၊ ဆေးမြစ်တွေနဲ့ ဖော်စပ်ထားတ ဒါကြောင့် အစွမ်းထက်မြက်တာပေါ့။ ဒါသောက်ဆေးပဲ ရှိသေးတယ်။ နောက်





လိမ်းဆေးတွေ၊ ရှူဆေးတွေကိုပါ ထုတ်လုပ်ဦးမှာ''

''ကောင်းပါလေ့ ဆရာအာကာရယ်။ ကောင်းပါလေ့။ ကျွန်တော် လည်းဆရာအာကာ့ဆေးနဲ့ တွေ့မှပဲ လူလားမြောက်ရတော့တယ်။ ဒါထက် ဆရာအာကာလည်း ကလောင်သွားထက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ ဥစ္စာ။ ကျွန်တော့် ဘူးသီးပုံဂျာနယ်အတွက် စာမူလေး ဘာလေးချီးမြှင့်ပေးပါဦး''

''ရေးမယ်... ရေးမယ်''

''ဒါထက် စကားမစပ် ဆရာထုတ်တဲ့ မဖြစ်ညစ်ကျယ်ဂျာနယ်ရော အခြေအနေကောင်းတယ် မဟုတ်လား''

''မဆိုးပါဘူးလေ။ ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက်က ဉာဏ်နီဉာဏ်နက်တွေသုံးပြီး ဂျာနယ်စောင်ရေကို ထိန်းထားနိုင်ပါတယ်''

''ဒါထက်... သူတို့နှစ်ယောက်က သောက်လုံးကြီးတဲ့ သူတွေဆို''

''ယောက်ျားတွေပဲ ကိုတေမိရယ်။ ကျုပ်လုပ်ငန်းကိုမှ မထိနိုက်တဲ့ ဥစ္စာ။ သောက်ကြပါစေလေ၊ သောက်ကြပါစေ''

ကိုတေမိရဲ့ ဆောင်ပုဒ်လိုပဲ ဥစ္စာ။ 'မည်သူမဆို ကိုယ့်ဝက်ခြံ ကိုညှစ်၊ ကိုယ့်လက်ကျန် ကိုယ်ကစ်' ကြတာပဲ မဟုတ်လား''

ခက်ကာပြီ။

ကျွန်ုပ်၏ ချွန်တွန်းစကားတွေကား အရာရောက်မလိုလိုနှင့် အရာ မရောက်ခဲ့။ ကိစ္စမရှိ၊ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက်ကို နှိပ်ကွပ်ရမည်ဖြစ်ရာ ကျွန်ုပ်အဖို့ လမ်းသစ်ထွင် ရပေတော့မည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်က စွပ်ပရားကို ရင်းနှီးအောင် ပေါင်းသင်းမည်။ ရင်းနှီးမှုရှိလာက ကိုရွှေတောသားတို့၏ ဗရုတ်သုက္ခနိုင်ပုံကို တဖြည်းဖြည်း နားသွင်းမည်။ သစ်ငုတ်တိုတောင်မှ တိုက်ပါများလျှင် နှဲ့သေးသည် မဟုတ်လော။

သည်လိုမျိုး နှဲ့လာ ယိုင်လာပါက ၎င်းတို့နှစ်ယောက်ကို မဖြစ် ညစ်ကျယ်ဂျာနယ်မှ ကန်ထုတ်စေကာ ကျွန်ုပ်၏တပည့်ကျော် ဆဋ္ဌဂံ ငါးစင်ရိုင်းနှင့် ပန်းခွေလှိုင်တို့အား ကွပ်ကဲစေမည်။ ထိုအခါဝယ် ကျွန်ုပ်၏ အင်ပါယာလည်း တစ်စတစ်စကျယ်ပြန့်လာပြီး တစ်မိုးလုံး ဖျောက်ဆိပ်ဖြစ် စေလိုက်မည်တကား။



www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ကျွန်ုပ်သည် စွပ်ပရားအား အိမ်သို့ တကူးတကန့် ပင့်ဖိတ်ကာ ထမင်းဖိတ်ကျွေးလေတော့၏။ ထမင်းပွဲကို ဖွယ်ဖွယ်ရာရာ ဖြစ်စေရန် ဇနီးသည် ဒေစီဘုတ်ဆုံနှင့် ခယ်မဖြစ်သူ အေမီတို့ကို စီမံချက် ပြုတ်စေ၏။

ကျွန်ုပ်၏ တက်ကနစ်ကား အစွမ်းပြချေပြီ။

စွပ်ပရားသည် ကျွန်ုပ်ဖိတ်ကျွေးသော ထမင်းပွဲကို ခံတွင်း အတွေ့ကြီး တွေ့သွားခဲ့လေပြီ။ သည့်အတွက် မကြာခဏဆိုသလို ကျွန်ုပ်အိမ်သို့ သူ့ကိုယ်ပိုင်ကားကလေးနှင့် ရောက်ရောက်လာတတ်ပြီး လက်ဆောင် အချို့လည်း ပေးကမ်းလာ၏။ ကျွန်ုပ်အပေါ်လည်း ရေးကထက်ပင် ရင်းနှီး ကျွမ်းဝင်လာ၏။ သို့ဆိုလျှင် ကျွန်ုပ်၏ ရည်မှန်းချက် အောင်မြင်ဖို့ရာ အလှမ်း မဝေးတော့။

သို့သော်... သို့သော်။

"ကိုအဝှာ... နောက်နေ့တွေကစပြီးတော့ စွပ်ပရားကို အိမ်ခေါ် မလာနဲ့တော့"

အဆက်အစပ်မရှိ ဝုန်းဒိုင်းဒိုင်းကြီး ပြောချလာသော ဇနီးသည် ဒေစီဘုတ်ဆုံကြောင့် ကျွန်ုပ်မှာ အံ့အားအသင့်ကြီး သင့်ရချေ၏။

"ဟ... ဘာဖြစ်လို့လဲ မိန်းမရယ်"

"ဘာဖြစ်ရမလဲတော့... ဘာဖြစ်ရမလဲ။ သားကြီးမယားကြီးရှိကဲ့ ရှင့်စွပ်ပရားက ကျွန်မညီမလေး အေမီကို ရည်းစားစာ ပေးသွားဘယ် တော့။ ရည်းစားစာ ပေးသွားတယ်။ လာပစေဦး။ ဒီတစ်ခါ ကျုပ်ငရုတ်သီး ကျည်ပွေ့နဲ့ တွေ့သွားမယ်"

ကျွန်ုပ် ဘာလုပ်ရပါအံ့နည်း။

ကျွန်ုပ်ပစ်ခွင်းလိုက်သော မြှားဦးသည် ပစ်ကွင်းသို့မရောက်ဘဲ ကွေ့ကာ ဝိုက်ကာနှင့် ကျွန်ုပ်ထံသို့ ဟုည့်လာပေရာ "တောက်.. တော်တော်ပည်း ကံကောင်းလှတဲ့ ကိုရွှေတောသားတို့ ဆရာတပည့်တွေပါကလား"

ဟူ၍ ညည်းတွားရုံမှအပ ဘယ်သူတွေကကော ဘာများတတ် နိုင်ကြပါဦးမည်နည်း။



# ရယ်ချင်ယိုင်တော မတ်မတ်မော

"ဘာလိုလိုနဲ့ သကြန်တောင် ကျတော့မယ်နော် အာစရိ"

"ဟုတ်ပါရဲ့ကွာ။ တို့လည်း ကိုယ့်အကြံအဖန် ကိစ္စအတွက် ခုတ် ထစ်လိုးဖြတ်ဖို့အရေး ဇောတွေကပ်နေတာနဲ့ပဲ သကြန်ကျတော့မယ် ဆိုတာတောင် သတိမထားမိတော့ဘူး"

"သကြန်ရောက်ရင် ကျွန်တော်တို့ မဖြစ်ညစ်ကျယ် ဂျာနယ်ကို နားဦးမှာလား အာစရိ"

"ဟ... မနားလို့ ဖြစ်မလားကွ။ ဒီအချိန်မှာ လူတွေရဲ့ အာရုံက သကြန်ဆီပဲ ရောက်နေတာ။ ဘယ်သူမှဂျာနယ်ကို စိတ်ဝင်စားမှာ မဟုတ်ဘူး"

"ဒါဖြင့် တစ်ပတ်တိတိ အနားရတာပေါ့။ အဲဒီကာလ အာစရိ ဘာတွေလုပ်မယ် စိတ်ကူးလဲ"

"ငါ့မိတ်ဆွေ ဘရင်သားတို့ရွာကို သွားလည်ပြီး ထန်းရည်မူးအောင် သောက်မလားလို့။ မင်းကော ဘယ်ကိုမှ သွားစရာမရှိရင် ငါနဲ့ ကပ်တီးမူးလဲ လုပ်ရအောင် လိုက်ခဲ့ပါလားကွာ။ ဘရင်သားနဲ့ တွေ့ရင် 'ဆရာ့ကျေးလက်ပျော် အက်ဆေးလေးတွေက တကယ်ကောင်းတယ်။ ဆရာဟာ တစ်ခေတ်မှာ တစ်ယောက်ဆိုသလိုပါပဲ ဆရာရယ်.. ဘာရယ်'နဲ့ မသိမသာ ပင့်ပေးလိုက်စမ်းပါ။ ဒီပုဂ္ဂိုလ်သဘောကောင်းကြီးက သူ့အိတ်ထဲရှိတာစိုက်ထုတ်ပြီး စေတနာ ဗရပွနဲ့ ကျွေးတတ်မွေးတတ်ပါတယ်ကွာ။ သူ့မိန်းမ မဒမ်ဘရင်သားကလည်း သဘောကောင်းမှကောင်း။ ငါတော့ သကြန်ရောက်ပြီဆိုတိုင်း ဘရင်သားတို့ ရွာသွားပြီး သောက်လိုက်စားလိုက်နဲ့ တကယ့်ကို ဟန်ကျတာ မောင်'


www.burmeseclassic.com

www.burmeseclassic.com

''အာစရိတို့ ဂျာနယ်လစ်တွေရဲ့ အကျင့်ကလည်း ဖိုတိုစတက် ဆွဲစရာတောင် မလိုဘူး။ သူများအပေါ် ကပ်ရပ်ခွာတီးရမယ်ဆိုရင် တစ်ပုံစံ တည်းမှ တစ်ပုံစံတည်း''

''ဟ. . . ငါနဲ့ ဘယ်ငတိနဲ့များ တူနေလို့လဲ ပလာယာရဲ့''

''ဘယ်ငတိ ရှိရမှာတုံး အာစရိ။ ကျွန်တော်တို့နဲ့ တဖောင်းဖေး မျက်ချေးလို ဖြစ်နေတဲ့ ဘူးသီးပုံ မောင်တေမိပေ့ါ အာစရိရဲ့''

''ဟယ် . . . ဟုတ်လား၊ သင်းက ဘယ်သူ့အပေါ်များ ကပ်ရပ် ခွာတီးနေလို့လဲကွာ။ ပြောစမ်းပါဦး။ မင်းက သူများအတင်းတော့ တော် တော်လေးကို စုံတဲ့ကောင်''

''ဗဟုသုတ စုံတယ် လုပ်စမ်းပါ အာစရိရယ်''

''အေး. . . အေး. . . ထားပါတော့ကွာ။ ထားပါတော့၊ မင်း ပြောသလို စုံတဲ့ကောင်''

''အဟီး . . . ဒီလို အာစရိရဲ့။ ငတိကြီးက အဲသလိုမျိုး ဂျာနယ် နားတဲ့ အပတ်ဆိုရင် သူ့တပည့်ကျော် မည်းပြောင်မြွေခွေးရှိတဲ့ သံဖြူဇရပ် ကို သွားပြီး ငြိမ့်လေ့ရှိတယ် အာစရိရဲ့။ ဒီမှာကသာ သူ့ကို လေးစားတဲ့သူ မရှိတာ။ အဲသည်မှာကတော့ နယ်ခံတပည့်တွေကြောင့် ငနဲသားကြီး ရှူပါ ဖြစ်နေတာ။

'ဇာတ်သမားလာရင် မုတ်သားစရာ ပါရမယ်။ ဇာတ်သမား ပြန်ရင် မုတ်သားစရာ ကျန်ရမယ်' ဆိုတဲ့ စကားလိုပဲ။ 'မောင်တေမိလာရင် တုစရာ ပါရမယ်။ မောင်တေမိပြန်ရင် စုစရာ ကျန်ရမယ်' ထုံးကို နှလုံးမူ တာကလား အာစရိရဲ့''

''ဟား . . . မင်းစကားက အတော် စိတ်ဝင်စားစရာ ကောင်းပါ ကလား။ လုပ်စမ်းပါဦးကွာ။ ဘာတွေ တုစရာပါပြီး ဘာတွေ စုစရာ ကျန်ရမှာလဲ''

''အာစရိ သိတော်မူတဲ့အတိုင်းဗျာ ငနဲကြီးမှာ တတ်စွမ်းတဲ့ပညာ ဘာဆိုတာ သိတယ် မဟုတ်လား။ ဒီတော့ သူရောက်သွားတဲ့ နယ်ခံလူငယ်တွေ သူ့လို ဖြစ်ချင်ရင် အတုယူလောက်တဲ့ အတွေ့အကြုံတွေကို သွားရည်တမြားမြား ကျအောင် ပြောတတ်တာကလား အာစရိရဲ့။ အာစရိတို့ဆို အဲဒီဘက်မှာ အင်မတန် ညံ့နော်''





''ဝါသနာ မပါလို့ပါ တပည့်ရယ်''

''တပည့်လည်း အာစရိလို ဖူဂျီ မသုံးဘဲနဲ့ကို သန့်ရှင်းပါသော် ကော အာစရိရယ်''

''နို့. . . နေစမ်းပါဦး၊ မင်း ငနဲကြီး ပြန်တဲ့အခါ ဘာတွေ စုစရာ ကျန်ရမယ်ဆိုတာကို ဆက်ဦးလေ''

''ဟုတ်ကဲ့ . . . ဆိုခဲ့ပြီးသလိုပေ့ါ အာစရိရယ်။ သူရောက်တာနဲ့ လူငယ်တွေကိုခေါ် တပျော်တပါး သောက်စားပြီး ညရောက်တာနဲ့ နှစ်ကိုယ် ကြား ပုံပြင်တွေကို ပြောတော့တာကလား အာစရိရဲ့။ ဒါတင် မကဘူး။ သူ့တပည့်တစ်ယောက်ဖြစ်တဲ့ ခြေသလုံးပလွေရိုးနဲ့. . . ''

''ဆဌဂံ ငါးစင်ရိုင်းကို ပြောတာ မဟုတ်လား''

''ဟုတ် . . . ဟုတ် အဲဒီငတိ ရှာဖွေစုဆောင်းပေးတဲ့ ပလောင်ကို ထင်းရင်း အမှောင်ခွင်းလိုက်တာ အမှောင်မကွင်းဘဲ မှိန်ကျသွားပါရောလား။

ဒီတော့ လူငယ်တွေခမျာ မောင်တေမိ ပြန်သွားပြီဆိုရင် လွမ်းစရာ လေးတွေ ဖြစ်လို့။ သူပြန်သွားပြီဆိုတာနဲ့ သူပေးခဲ့တဲ့ ဩဝါဒအတိုင်း စုကြ၊ ဆောင်းကြပါလေရော''

''ဘာတွေတုံးဟဲ့''

''ခွေးလေးယားသီး အစေ့တွေ၊ နှမ်းလုံးကြိုင်မြစ်တွေ၊ အို . . . စုံနေတာပါပဲ အာစရိရယ်''

သို့ကလို ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် အရည်မရ၊ အဖတ် မရ ပေါက်တတ်ကရ စကားများကို ပြောဆိုနေသည့် ကာလ၊ အောက် လှေကားဆီမှ အပေါ်သို့ တက်လာသော ခြေသံကြောင့် ကျွန်ုပ်တို့လည်း စကားပြောဆိုခြင်းအမှုကို ရုတ်ချည်းဆိုသလို ရပ်တန့်ပစ်လိုက်ကြချေ၏။

ထိုသို့ ရပ်တန့်ပစ်ခြင်းနှင့်အတူ အကယ်တန္တု ကျွန်ုပ်တို့ အခန်း ရှိရာသို့ တက်လာသူသည် မဖြစ်ညစ်ကျယ်ဂျာနယ် ထုတ်ဝေသူ ခွပ်ပရား ဖြစ်ပါက ကျွန်ုပ် ဆရာတပည့်နှစ်ယောက် တကယ့်ကို အားကြိုးမာန်တက် အလုပ် လုပ်နေသည်ဟု အထင်ရောက်သွားစေရန် ကျွန်ုပ်သည်လည်း ကောင်း၊ တပည့်ကျော် ပလာယာသည်လည်းကောင်း ဖန်တစ်ရာတေအောင် ဖတ်ရှုပြီး ခဲ့သော စာမူပုံကို ဖွနေမိကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com

''ဟလို... ဆရာကိုရွှေတောသား''

အသံထွက်ပေါ်ရာသို့ ငုံ့ထားသော ခေါင်းကို ထောင်ကြည့်လိုက်တော့ ရွှေတွေ အိနေအောင် ဝတ်ဆင်ထားသည့် ချစ်တီးဂိုက်အပြည့် ဖမ်းနေသော မဟူရာ စွပ်ပရား မဟုတ်၊ ဝါးခြမ်းပြားကို ထရံရက်ရန်အလို့ငှာ ထပ်မံနွှာထားခြင်း ခံရသော အသွင်မျိုး၊ ဗလမျိုးနှင့် လူတွေ့လိုက်တိုင်း ''ရိုးသားပွင့်လင်းကြပါစေ'' ဟု ဆိမန်းမန်းသလို စက်သေနတ် ပစ်တတ်သော လူငယ်စာရေးသမား 'ပြောင်ပြောင်ကြောင်ဝင့်'ပင် ဖြစ်ချေ၏။

ပြောင်ပြောင်ကြောင်ဝင့်ကား စာနယ်ဇင်းလောကကို ဒိုးမည်းသုတ်ရာ၌ ဂင်းနစ်စံချိန်တင်လောက်သည်အထိ လက်ကုန်ဖွင့်နိုင်သူဖြစ်၏။ ၎င်း၏ ကလောင်ခွဲ တစ်ခုဖြစ်သော 'ဆင်နင်းပိန်'ကလည်း စာနယ်ဇင်းလောကကို ကတ္တရာစေး သုတ်ရာ၌ ရှုပါမှရှုပ။ ၎င်းသည် ပေါ့ပ်မဂ္ဂဇင်း အချို့၌ အယ်ဒီတာ လုပ်ခဲ့ဖူး၏။ အယ်ဒီတာလုပ်ရင်း ဂွနဝင်မြောက်စေမည့် ဝတ္ထုများကိုလည်းရေးသားခဲ့၏။ သူ၏ ပထမဦးဆုံးသော ဝတ္ထုတစ်ပုဒ်ကို ကျွန်ုပ်အား စာမျက်နှာလှန်ပြီးပြသဖြင့် အားနာ ပါးနာနှင့် ဖတ်ရှုရာ အစမှအဆုံး လက်မှမချချင်လောက်အောင် ဖြစ်သွားရလေ၏။

''ဘယ့်နှယ်လဲ၊ ဂွတ်တယ်မဟုတ်လား ကိုရွှေတောသား''

''ဂွတ်ရုံမက ဖြွတ်တောင် ဖြွတ်တယ် ပြောင်ပြောင်ကြောင်ဝင့်ရယ်။ မင်းအခုပြတဲ့ ဝတ္ထုဖတ်ပြီး အိန္ဒိယက ဘင်္ဂါလီစာဆိုတော်ကြီး ရာဘင်ဒြာနာ့သ် တဂိုးကို သနားသွားတယ်... ဟီး... ရွှတ်''

''ဘာဖြစ်လို့လဲ ဆရာသမားရဲ့''

''ဩော်... ဒီဆရာကြီးခမျာ သူ့ဝတ္ထုတစ်ပုဒ်လုံး အလီဘာဘာ လက်ထဲ ရောက်နေတာ မသိပါလားလို့ပါ''

''အလီဘာဘာဆိုတာ ဘာလဲ ကိုရွှေတောသားရဲ့။ မိုဟာမက် အလီနဲ့ ဘာတော်သလဲ''

''မင်းကြီးတော်ရဲ့ နှစ်ဝမ်းကွဲလင် တော်တယ်''

''ဟာ... ကိုရွှေတောသားကတော့ လုပ်ပြီ''

စကတည်းက ပြောင်ပြောင်ကြောင်ဝင့်သည် ယဉ်ခဲ့သည်။ ကိုယ့်နာမည်ကို ကိုယ် အင်္ဂလိပ်လိုပင် စာလုံးမပေါင်းတတ်ပါဘဲလျက် ရုရှား စာရေးဆရာကြီး လီယိုတော်စတွိုင်း၏ ဝတ္ထုကို ဘာသာပြန်ခဲ့၏။ ထည့်





ပေးသော မဂ္ဂဇင်းကလည်း ရဲရဲဝံ့ဝံ့ကြီးပင် ထည့်ပေးပါချေ၏။ ထိုဝတ္ထုကို ဘာသာပြန်ပေးသူကား ငွေကြေးအခက်အခဲ ရုပ်ဟရက် ပေါ်လာ၍ ရသမျှ နှင့် ၎င်းအား ရောင်းခဲ့ခြင်းဖြစ်ရာ ဘာသာပြန်ဆရာလည်း ဖြစ်လိုသေးသော ၎င်းအတွက် 'ဗိုးကျိုင်းတုတ်' ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရချေ၏။

၎င်းသည် ၎င်းကိုင်တွယ်ရသော စာအုပ်အား နာမည်ကျော်စေချင်၏။ သို့ဖြစ်သောကြောင့် လုံးချင်းဝတ္ထုလောက၌ ရှုပ်၊ ရှုပ ဖြစ်နေသော စာရေး ဆရာမ ဝါးဟားဟား ကိုယ်တိုင်မရေးပါဘဲ ရေးသားသည့်အသွင် ပုံမှားရိုက်ကာ မဂ္ဂဇင်းတွင် ထည့်လိုက်ချေ၏။ နောက်ပြဿနာတက်တော့၏။ ဒါလည်း မှတ်သလားဆိုတော့ မမှတ်ချေ။

၎င်းကိုင်တွယ်ရသော မဂ္ဂဇင်းကား အခြေအနေအရပ်ရပ်ကို အကြောင်း ပြုပြီးသကာလ ဖုတ်လိုက်ဖုတ်လိုက်နှင့် ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး အသက်ဇိဝိန် ချုပ်ငြိမ်းသွားလေသောအခါ ၎င်းသည် မဂ္ဂဇင်းတစ်စောင်သို့သွားပြီး အလုပ် လျှောက်ရာ ထိုမဂ္ဂဇင်းတိုက်မှ တံမြက်စည်းလှည်းရန် လူလိုနေသဖြင့် လက်ခံ လိုက်၏။ တစ်နေ့တံမြက်စည်းလှည်းရင်းမှ အယ်ဒီတာများ မရှိချိန်ဝယ် အယ်ဒီတာ စားပွဲပေါ်ရှိ စာမူပုံများကြားမှ စာမူတစ်ပုဒ်ကိုလှစ်ခနဲ ခိုးယူလိုက်၏။ အိမ်ရောက် သော် ထိုဝတ္ထုကို ဖတ်ကြည့်ရာ လွန်စွာမှ ကြိုက်နှစ်သက်လှသည့်အတွက် မူရင်းကလောင်ရှင်၏ အမည်ကိုဖျက်ကာ ဝတ္ထုခေါင်းစီးအောက်၌ ၎င်း၏ ကလောင်အမည်ခွဲ ဖြစ်သော 'ဆင်နင်းပိန်'ကို တပ်လိုက်ပြီး ရုပ်ရှင်ပေါင်းမဂ္ဂဇင်းသို့ ပို့လိုက်၏။ မကြာခင်ကာလအတွင်း ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့်ကြီးပါလာချေ၏။ ထိုအခါ မူလပိုင်ရှင် စာရေးဆရာသိသွားပြီး ပြဿနာတက်ကြလေသတည်း။

ဒါကို မှတ်သလားဆိုတော့ သင်း မမှတ်သေး။ ယခုလည်း ဘာတွေ လာလုပ်ပြန်ပြီလဲ မသိ။

''ကဲ... ပြောင်ပြောင်ကြောင်ဝင့်၊ ဆို... ဘာကိစ္စတုံး။ မင်း စာမူမပေးရင် ဘာမဆို ပြောလို့ ဆိုလို့ရတယ်''

''အဲဒါ ခက်တာပေါ့ ဆရာကိုရွှေတောသားရယ်။ ကျွန်တော်က အနုပညာရပ်တစ်ခု ပရိသတ် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိခံစားရအောင် အနစ်နာခံပြီး ဖြန့်ဝေပေးနေတဲ့သူပါ။ လူတွေက ဒါတွေကို နားလည် သဘော မပေါက်ကြဘူး ဖြစ်နေတယ်။ ဟုတ်တယ် မဟုတ်လား ကိုပလာယား



www.burmeseclassic.com

www.burmeseclassic.com

''ကျုပ် ဘယ်တော့မှ မဟုတ်ဘူး''

စကားအပြောအဆို မတတ်မှုအတွက် ပြောင်ပြောင်ကြောင်ဝင့် အပေါ်တွင် ပလာယာ ဒေါ်းနေလေပြီ၊ ဒါကို ကျွန်ုပ်ဘက်မှ အချိန်မီ ဝင်ရောက် ထိန်းသိမ်းရပေမည်။ သို့မဟုတ်ပါက အလီဘာဘာနှင့် တရုတ် ဓားတို့ မဖြစ်ညစ်ကျယ်ဂျာနယ်၏ အယ်ဒီတာရုံးခန်းအတွင်း ဝှန်းဒိုင်းကြဲကြမှာ သေချာသည်။

''ကဲ... ကဲ... အဲဒါတွေကို အသာထားကြ။ ဆို ပြောင်ပြောင် ကြောင်ဝင့်၊ မင်း လာရင်းကိစ္စကို ပြော''

''ဟုတ်ကဲ့၊ ခုလာတာကလည်း လာရင်းကိစ္စကို ပြောမလို့ပါ။ ဟောဒီမှာ''

ရုတ်တရက် သူ့လက်တစ်ဖက်သည် သူ့လွယ်အိတ်အတွင်းသို့ ရောက်ရှိသွား၏။ သည့်နောက် လက်ကို ထုတ်လိုက်သောအခါ (၁၆)ချိုး အရွယ် စာအုပ်တစ်အုပ် ပါလာ၏။ ထိုစာအုပ်ကား စာရေးဆရာ ငါးဦး စုပေါင်း ရေးထားသည့် လုံးချင်းစာအုပ် တစ်အုပ်တည်း။

ဆရာမကြီး မုတ္တမခင် စုစည်းသည့် စာအုပ်၊ ထိုစာအုပ်တွင် ဆရာမကြီး မုတ္တမခင်၊ ဂျင်းပူ၊ ဥပေါင်၊ မူးရစ်နှင့် ပြောင်ပြောင်ကြောင်ဝင့်တို့၏ ဝတ္ထုတိုများ ပါဝင်၏။

''ဟောဒီ စာအုပ်အကြောင်းကို မဖြစ်ညစ်ကျယ် ဂျာနယ်မှာ ချီး မွမ်းခန်း ဖွင့်ပြီး ရေးပေးစေချင်တယ်။ ကျွန်တော် ဆရာတို့နှစ်ယောက် တစ်ယောက်တစ်အုပ် လက်ဆောင်ပေးပါ့မယ်''

''ဟာ ... ဒီလောက်နဲ့တော့ မဖြစ်ဘူး။ ခင်ဗျားပေးတဲ့ စာအုပ် သွားရောင်းစားရင် တစ်ရာတောင် ပေးမှာမဟုတ်ဘူး။ ပေးတောင် ကျုပ်တို့ ကိုယ်စားသွားရောင်းပေးတဲ့ မောင်မြေသွေး(မြန်မာစာ)ကို အရက်ဖိုးခွဲပေးရဦးမှာ''

''မပူပါနဲ့ ကိုပလာယာရယ်။ ကျွန်တော်က စာအုပ်အပြင် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် စားဖို့သောက်ဖို့ ပိုက်ဆံလည်း ပေးခဲ့ဦးမှာပါ''

''ဒါဆိုရင်တော့ မဆိုးဘူး။ ရေးပေးမယ်။ ကဲ... ဘာကို အဓိက ထား ရေးပေးရမှာလဲ... ပြော''

''ဒီးဝေးလှချည်လား ကိုပလာယာရယ်။ ဟောဒီစာအုပ်မှာ ကျွန်တော် အပါအဝင် စာရေးဆရာ ငါးဦးရှိတယ်။ အဲဒီထဲမှာ ဆရာတို့အပေါ် ခုလို





ဘယ်သူ လာရောက် သိတတ်သလဲ။

ကျွန်တော်ပဲ သိတတ်တာ မဟုတ်ဘူးလားဗျာ။ ဒီတော့ ကျွန်တော့် ဝတ္ထုကောင်းကြောင်း၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ရင် ပေါက်သွားနိုင်တဲ့အကြောင်း သာသာထိုးထိုးလေး မြှောက်ပင့် ရေးပေးပေါ့ဗျာ။ ဟုတ်တယ် မဟုတ်လား ကိုပလာယာ''

''ခင်ဗျား လာပြန်ပြီနော်''

''ဆောရီးဗျာ ... ဆောရီး။ ပါးစပ်အကျင့်ပါသွားလို့ပါ။ စိတ်မရှိပါနဲ့။ ရော့ ... ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် (၄၂)လမ်းကို ထွက်ဖို့အတွက်''

ပလာယာသည် ပြောင်ပြောင်ကြောင်ဝင့်ထံမှ ငွေစက္ကူအချို့ကို လက်ခံရရှိသည်နောက် ဒေါသမာန်ဟုတ်များ ချုပ်ငြိမ်းသွားကာ မျက်နှာပြင် တစ်ခွင်လုံးမှာလည်း ဆီးနှင်းမြူတိမ် သူရိန်မီးနီးတို့ ကင်းစင်ပသွား သည့်အလား။

၎င်းသည် ချက်ချင်းဆိုသလိုပင် ''အချိန်ရှိပါသေးတယ် အာစရိရယ်။ အလုပ်လေး လုပ်လိုက်ချင်သေးတယ်''ဟု ကျွန်ုပ်အား ပြောဆိုလျက် ပြောင်ပြောင်ကြောင်ဝင့်၏ ဝတ္ထုကို ဖတ်လိုက်၏။

ကျွန်ုပ်သည် ဘာမျှအလုပ်မရှိသည်နှင့် ပျင်းပျင်းဆိုသလို ပြောင်ပြောင် ကြောင်ဝင့်၏ ဝတ္ထုအပေါ်၌ ခံစားနေသော တပည့်ကျော်၏ မျက်နှာအမူအရာ ဘယ်သို့များ ရှိပါလိမ့်ဟု အကဲခတ်ချင်သည်နှင့် မသိမသာ ခိုးကြည့်နေမိ၏။

ပထမ ပလာယာ၏ မျက်ခုံးနှစ်ဖက်တို့ ပင့်သွား၏။

ဒုတိယ မေးကြောကြီးများ ထောင်ထသွား၏။

တတိယ အံတို့ တင်းတင်းကြိတ်လာကြ၏။

စတုတ္ထ 'ဖောက်'ခနဲ အသံထွက်ကာ နောက်ဆုံး၌ ဝုန်းဆို လက်ထဲရှိ စာအုပ်အား နံရံကို ပစ်ပေါက်လိုက်ရာ ကျွန်ုပ်တို့၏ တိုက်ခန်းသည် ကန်ထရိုက် တိုက်ဖြစ်ရကား စာအုပ်၏ ထိခတ်မှုကြောင့် နံရံမှ ဖွားခနဲ သဲစများ လွင့်စဉ် ကျလာချေ၏။

''ဟေ့ကောင်... ဘာဖြစ်တာလဲ ပလာယာ''

''ဖောက်''

''ပြောစမ်းပါကွာ... ပလာယာရဲ့''

''ဖောက်... ဖောက်''



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်... ဘာဖြစ်..."

'တောက်.. တောက်.. တောက်"

"နေကွာ.. မပြောနဲ့တော့။ ကြာရင် မင်း 'တောက် တောက် တောက်'ကြောင့် လူစင်စစ်ကနေ ငါ ခွေးဖြစ်သွားလိမ့်မယ်"

ဟို့ကလို ခပ်ဆတ်ဆတ် ပြောလိုက်လေမှ ပလာယာသည် အသက် ဝင်လာသလို ဖြစ်ပြီး...

"မိုက်ရိုင်းလိုက်တာ အာစရိရယ်။ ဒီကောင် သူခိုးအာစရိရဲ့ သူခိုး"

"ဟ... ဘာခိုးလို့လဲ"

"အခု သူပေးဖတ်တဲ့ သူ့ရဲ့ဝတ္ထုဟာ သူရေးတဲ့ ဝတ္ထုမှမဟုတ်တာဘဲ။ အဲဒီဝတ္ထုကို ကျွန်တော် လေထန်ကုန်းမှာ ထိုင်တုန်းက ဆရာဂျင်းပင် ပေးဖတ်လို့ ဖတ်ရဖူးတယ်။ အဲဒါ ဂျင်းပင်ရဲ့ ဝတ္ထုခင်ဗျ။ ဂျင်းပင်ရဲ့ ဝတ္ထု။ ဒါ ဘယ်လိုက ဘယ်လို ပြောင်ပြောင်ကြောင်ဝံ့ ရေးတယ်ဖြစ်သွားသလဲ မသိဘူး။ ဒီတော့သည်လို အမိုက်သရိုက်မျိုးကို ကျွန်တော်တို့ အယ်ဒီတာတွေအနေနဲ့ ရှင်းပစ်ရမယ်"

"ဘယ်လိုများ ရှင်းပစ်မှာလဲ လုပ်စမ်းပါဦး"

"သင်း ပေးတဲ့ စာမူမှန်သမျှ လက်ခံဖတ်ရှုခြင်းမပြုဘဲ ပြန်ပေးဖို့ပေါ့"

"ဒါဆို သူ ဘာပေးပေး ပြန်ပေးမယ်ပေါ့"

"မှန်တာပေါ့ အာစရိ"

"ဒါဆို သူပေးခဲ့တဲ့ ပိုက်ဆံကိုကော ပြန်ပေးလိုက်လေကွာ"

သည်ခဏ ပလာယာ၏ မျက်နှာသည် ချက်ချင်းဆိုသလို ပြောင်းလဲသွား၏။ စပ်ဖြီးဖြီးလည်း ဖြစ်သွား၏။

"ဒါ... ဒါတော့ ဆောရီးပဲ အာစရိ။ ဟိုစကားပုံလိုပေါ့ အာစရိရယ်။ 'ထွက်ပြီးတဲ့ ဆင်စွယ် ဝင်တယ်မရှိ' ဆိုတာလေ"

"အဟား... ဟား... ပိုင်လည်း ပိုင်ပါ့ တပည့်ရယ်"

သို့ဖြင့် ဆရာတပည့်နှစ်ယောက်သား ကိုယ်စီကိုယ်ငှရယ်သွမ်းသွေ့ ကြပြီးသည်နောက် သွေးက တောင်းဆိုလာပြီ ဖြစ်သည့်အတွက် အလုပ်ခန်းကို ပိတ်ကာ (၄၂)လမ်းသို့ ဦးတည်လိုက်ကြပါတော့သတည်း။



# ဝိချင်းတော့ ကိုယ်ချင်းစာပါတယ်

"ဘယ်လိုလဲ အာစရိ.. သကြံန်တုန်းက အတော် ပျော်ခဲ့သလား"

"ကိုယ့်တော ကိုယ်ပြန်တာပဲ ပလာယာရယ်။ တို့အရွယ်က ဆယ်ကျော်သက်တွေလို ဒိုးဒိုးဒန့်ဒန့်နဲ့ ကဲရမယ့်အရွယ်မှ မဟုတ်တာ။ ဘုရားကျောင်းကန်လေး ဘာလေးသွားပြီး ဥပုသ်စောင့် ကုသိုလ်ယူ ဒါနပြုပေါ့ကွယ်"

"သာဓုပါ အာစရိရယ်... သာဓုပါ။ ဘူးသီးပုံဆရာ မောင်တေမိကတော့ သူ့လက်ခေါင်းတုံးတောင်ဝှေး ဆဋ္ဌဂံငါးစင်ရိုင်း၊ ကိုနံ့ကြီး(ခွေးသီးဗန်း)တို့ကိုခေါ်ပြီး သံဖြူဇရပ်ဘက် သွားကြတယ်တဲ့ ဆရာ"

"ဟုတ်လိမ့်မယ်ကွ။ အဲဒီမှာလည်း သူ့တပည့်ကျော် မည်းပြောင်မြေခွေး ရှိနေတဲ့ဥစ္စာ"

"သင်းတို့အုပ်စု ဟို မည်းပြောင်မြေခွေးတော့ အတော်ကလေး ခံစားရမှာပဲနော်"

"ဒါကတော့ မပြောနဲ့ ပလာယာ။ လောကနိယာမ ရှိသားပဲလေ။ ဒီအပင်စိုက်မှတော့ ဒီအသီးကလွဲပြီး တခြား ဘာအသီး သီးမှာတဲ့လဲ"

"ကိုနံ့ကြီး(ခွေးသီးဗန်း)ဆို ဒေသထွက်ကုန် အစားအသောက်တွေကို နှင်းဖြတီးတာ။ အတီးလွန်သွားလို့ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး မြို့နယ်ဆေးရုံ တောင် ရောက်သွားရသေးသတဲ့"

"ကျွတ်... ကျွတ်... ကျွတ်"

"ဆဋ္ဌဂံငါးစင်ရိုင်းလည်း ဘာထူးမှာလဲ အာစရိရဲ့။ ဒေသခံတော့ တိုက်တဲ့ အရက်ကို ကိုယ့်လိမစ်နဲ့ကိုယ် မချိန်ဘဲ နွားတော်ရေကျ တွယ်တည့်


www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ ချေးစိမ်းတောင်ပန်းသတဲ့''

''ထွီ... ပက်စက်လိုက်တာ''

''သင်းလည်း ကိုနံ့ကြီး(ငွေးသီးပန်း)လိုပဲ မြို့နယ်ဆေးရုံကို ရောက်ပြီး ဂလူးကို့စ်တွေ ဘာတွေ အလုံးတော်တော်များများ ချိတ်လိုက်ရသေးတယ်တဲ့ အာစရိရဲ့''

''ဘယ်သူမပြု မိမိမှုပေပဲပေါ့ ပလာယာရယ်။ ဒါထက် တို့များရဲ့ အချစ်တော် ဟိုကောင်ကြီးကော''

''မောင်တေမိလား... အာစရိ''

''ဟိုကောင်ကြီး ဆိုမှတော့ သူကလွဲပြီး ဘယ်သူများ ဖြစ်နိုင်တော့မှာလဲ ပလာယာရယ်''

''ဟုတ်ပါရဲ့၊ တပည့် မင်မိုရီ အောက်သွားတယ်။ ဆော်ရီးနော် အာစရိ ဆောရီး။

သင်းလည်း တပည့်ကောင်းတွေရဲ့ ဆရာပဲ ဥစ္စာ။ ခေသူမှ မဟုတ်တာကလား။ ဘယ်နေလိမ့်မလဲ။ သူကျတော့ အဲဒီမှာ အစားအသောက်ကို 'လျှို'တယ်တဲ့ အာစရိရဲ့''

''အလဲ့... တယ်လိမ္မာရေးခြား ရှိနေပါကလား''

''သိပ်အချီးအမွမ်း မစောနဲ့ဦး အာစရိ။ ငတိကြီးက လိုင်းတကာ လိုင်းမှာ ဘယ်လိုင်းကို ထိပ်ဆုံးက ထားတယ်ဆိုတာ အာစရိ သဘောပေါက်တယ် မဟုတ်လား''

''ဟာ... ဟုတ်ပါရဲ့ကွာ။ ငါလည်း မင်းလိုပါပဲ။ မထူးပါဘူး ပလာယာရယ်။ မင်မိုရီတွေ အောက်အောက်လာပြီ။ အဲ... လုပ်စမ်းပါဦး၊ ငတိကြီးက သူသန်တဲ့ လိုင်းကို အကောင်အထည် ဖော်ရောလား''

''ဒါပေါ့ အာစရိရယ်... ဒါပေါ့။ ဒါပေမဲ့ ငတိကြီးက နပ်တယ် အာစရိ နပ်တယ်။ သူက အဲဒီမှာ လူကြီး မဟုတ်လား။ တပည့်နှစ်ကောင်လို ဗရုတ်သုကွဲလုပ်လို့ ဘယ်ဖြစ်မလဲ။ မည်းပြောင်မြေခွေးက အကြောင်း မဟုတ်ပေမဲ့ ဒေသခံ စာပေဝါသနာရှင်တွေ အထင်အမြင် သေးသွားရင် မခက်ပါကလား။ အကြည်ညို တန်သွားရင် မခက်ပါကလား။

ဒီတော့ ဒေသထွက် ဆေးရွက်တွေ ဆေးမြစ်တွေ၊ ဆေးဥတွေ၊





ဆေးဖုတွေ အများကြီး စုဆောင်းသွားတယ်ဆိုပဲ။ ဒေသခံ ချာတိတ်တွေ ကတော့ မသိရှာဘူး။ သူက အကြံနဲ့ အာစရိရဲ့။ ရန်ကုန်ကို ပြန်ရောက်ရင် ကျွန်တော်တို့ရဲ့ ဖိုင်နင်ဆာ စွပ်ပရားနဲ့ တိုင်ပင်ပြီး... ''

''မိုးမြင့်အာကာယံ လုပ်စမ်းပါကွာ''

''ထွတ်... အာစရိရယ်။ သင်းနဲ့ မတန်မရာ နာမည်ကြီး ခေါ်ရတာ လျှာယားလွန်းလို့။ သင်းရောက်လာတဲ့အခါ ရှေ့မျက်နှာ နောက်ထားပြီး အသက်အောင့် ခေါ်ရတာ အာစရိရဲ့။ သင်းက ပိုက်ဆံသာ ရှိတာ၊ ဘာ အနုပညာ ရှိသလဲ။ ဆောင်းပါးရှင် ကြူခြွေလှိုင်ရဲ့ စကားလုံးကို ငှားသုံးရရင် ဘာဖြတ်သန်းမှု ရှိသလဲ။ ငပွကြီးရဲ့ စကားလုံးကို ငှားပြီး ကောက်ချက်ချရရင် 'ရင်လေးတယ်' အာစရိ 'ရင်လေးတယ်' ''

'ရင် နောက်မှလေးကွာ။ မင်းကလည်း စကားပြောရင် တယ်ရစ် တဲ့ ငတိပဲ။ မောင်မြေကြီး(ပန်းတောင်း)တို့၊ မောင်မြင့်မား(ဘိုကလေး)တို့ နီးနီးလောက်ကို ရစ်လာတယ်။ လိုရင်း မရောက်တော့ဘူး''

''အဟီး.. တစ်ခါတစ်လေပါ အာစရိရာ။ ဆောရီးနော် ဆောရီး။

ဟုတ်တယ် အာစရိရဲ့။ ငတိကြီးက စွပ်ပရားနဲ့ အကျိုးတူ ပူးပေါင်းပြီး အားတိုးဆေး ထုတ်လုပ်ဖို့ ကြံနေတာ။ ဆေးထုပ်၊ ဆေးဘူးအတွက် ပန်းချီဒိုင်းတွေကိုတောင် ကာတွန်းလော်စပီကာနဲ့ အပ်ထားတယ်တဲ့''

အဲဒါသာကြည့်ကြပါရော အဆွေစာရှုသူ။ ကျွန်ုပ် ကိုရွှေတောသား၏ တပည့်ကျော် ပလာယာကား ပါလေရာ ပဲနှူးဆားသဖွယ် ဟိုစပ်စပ် ဒီစပ်စပ်နှင့် ဟိုသတင်း ဒီသတင်းကို သူပဲ သိနိုင်လွန်းသည်။ ကိုနံ့ကြီးသည် ကျော်ပ[illegible]နှင့် သူငယ်ချင်းတော်သည်ကို သူပြောမှ သိရသလို၊ ကာတွန်းဟာမိုနီသည်လည်း မင်းသားစိုးသူနှင့် သူငယ်ချင်းတော်သည်ကို သင်းပြောမှပင် သိရသည်။

ထို့အတူ ရိုးသားပွင့်လင်းကြပါစေဆိုသည့် 'မောင်မောင်အောင်မြင့်'သည်လည်း ဒိုင်ယာဘောလစ်၊ အလီဘာဘာတို့နှင့် သမီးယောက်ဖ တော်ကြောင်း၊ ကာတွန်းမောင်မောင်ညွှက်သည် ညဘက်ညဘက်၌ မိုး သွေးခဲများကို ကျောက်ပျဉ်တွင် သွေး၍ တစ်ကိုယ်လုံး လူးပြီးမှ အိပ် တတ်ကြောင်း၊ ပန်းချီဒိုင်းဆရာလေး နေဝင်းအောင်သည် သူ့မိန်းမကို နင်းနှိပ်ပြီးမှ အိပ်ပျော်တတ်သူဖြစ်ကြောင်း အစရှိသဖြင့် ကျွန်ုပ် မသိကျွမ်း


www.burmeseclassic.com

www.burmeseclassic.com

သော ကိစ္စရပ်များ၊ အတွေ့အကြုံများ၊ အမြင်အပျက်များကို ကျွန်ုပ်ထံ သယ်သယ်လာပေးသည်။ သည့်အတွက်လည်း သည်ကောင်ကြီးကို ကျွန်ုပ် လက်မလွှတ်နိုင်ခြင်း ဖြစ်ချေသည် တမုံ့။

"စွပ်ပရားလည်း သကြံန်တုန်းက ကဲတာပဲလား"

"ဘယ်ပြောကောင်းမှာလဲ အာစရိရယ်။ လူကသာ အောက်က ရောက်ချင်ရောက်နေမယ်။ လေသံက မှတ်ပလားကွ ဆိုပြီး လျှောမှာ မဟုတ်တဲ့ လူစားမျိုး။ သင်းက ချောင်းသာမှာ သွားကဲတာ အာစရိ"

"ဘာညာသာရကာတွေမှ ပါသွားရဲ့လား"

"ဘယ်နေလိမ့်မလဲ အာစရိရယ်။ သင်း ရှာဖွေ စုဆောင်းထားတဲ့ ငွေကြေးဆိုတာ ဒီလိုနေရာမျိုးမှာ သုံးဖို့ဥစ္စာ။ ဒါပေမဲ့ ဒီတစ်ခေါက် ချောင်း သာသွားတာ အကြံတစ်ခုခု ရှိနေတဲ့ပုံပဲ။ ဘာလဲတော့ တပည့်လည်း သေသေ ချာချာ မပြောနိုင်သေးဘူး။ စီးပွားရေးလုပ်ငန်း တစ်ခွင်ခွင်နဲ့ ပတ်သက်တယ်လို့ ထင်တာပဲ"

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်ကား မဖြစ်ညစ်ကျယ်ဂျာနယ်၏ အယ်ဒီတာစားပွဲ၌ စတင်ဆိုင်ပြီးသည့် သကာလ ဘာအလုပ်တစ်ခုမှ မစနိုင်သေးဘဲ အတင်းပြောခြင်းဖြင့် အချိန်တွေကို ကုန်လွန်စေခဲ့၏။ သည်တော့လည်း အတင်းတွေကို ဘေးအသာချိတ်ကာ မဖြစ်ညစ်ကျယ် အတွက် ထူးခြားမှုရှိမည့် သတင်းတွေကို ကိုင်ရပေတော့မည်။

"ဟေ့... ပလာယာ"

"ဗျာ... အာစရိ"

"တို့ ဒီတစ်ပတ် အိုစမာဘင်လာဒင်ကိစ္စ အဖုံးတင်ဦးမလား"

"ဟိုး... ဟိုး... သွားမလုပ်နဲ့ အာစရိ။ အိုစမာကို သွားမထိနဲ့ တော့။ သူ့ဘာသာ ခွေးစားစား ကျီးထိုးထိုး ပေယျာလကန် ပြုလိုက်ပါတော့ အာစရိရယ်။ သူ့အကြောင်း ဆက်ထည့်မယ်ဆိုရင် ကျွန်တော်တို့ ဂျာနယ်ကို ဘယ်သူမှ ကောက်ကိုင်မှ မဟုတ်ဘူး"

"အဲသည်လောက်တောင်မှုလားကွာ"

"ဟုတ်တယ် အာစရိရဲ့။ အားလုံးရဲ့ အာရုံမှာ ငြီးငွေ့ကုန်ကြပြီ"

"ဒါဖြင့် ဘယ်ဘက်ကို အာရုံလှည့်ကြည့်ရင် ကောင်းမလဲ"





"ဘောလုံးဘက်ကို လှည့်ရင် ကောင်းမယ် အာစရိ။ ဒီကြားထဲ ကျွန်တော်တို့ မြန်မာဘောလုံးအသင်းကလည်း 'မြန်မာနိုင်ပြီ' ဆိုပြီး တံခွန် လွှင့်လာတာ မဟုတ်လား။ ပရိသတ်ရဲ့ အာရုံဟာ ဘောလုံးဘက်ကို ညွတ်နေ ကြပြီ ဆိုတော့ကာ..."

ပလာယာကား ဦးနှောက် တော်တော် ပြေးသူဖြစ်ရာ ကျွန်ုပ်တို့၏ မဖြစ်ညစ်ကျယ် ဂျာနယ်ကလေး ယခုလို ဖုတ်လှိုက်ဖုတ်လှိုက်နှင့် တံခွန် လွှင့်ထူ နိုင်သည်မှာ ၎င်း၏ အားထုတ်မှုတွေနှင့် မကင်းသည့်အကြောင်း ကျွန်ုပ် ဝန်ခံလိုပေ၏။ ထို့ကြောင့်လည်း...

"ကဲကွယ်... ဂွတ်တယ်ဆိုရင်ဖြင့် တို့တစ်တွေ 'ဒူး' ကြတာပေါ့ကွယ်"

ဟု ၎င်း၏ ပခုံးကို ပုတ်လျက် ကောင်းချီးသြဘာ ပေးလိုက်ရတော့ သတည်း။

ခ ခ ခ

www.burmeseclassic.com

www.burmeseclassic.com

သို့ကလို ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် တိုင်တိုင်ပင်ပင် နှီးနှီးနှောနှောဖြင့် မဖြစ်ညစ်ကျယ် ဂျာနယ်ကလေးအား ရုံးတင်အမီ ဖောင်ပိတ်ရန် လက်စသတ်နေခိုက် ဆိုင်းမဆင့် အိုးစည်မဆင့် ဒိုးပတ်မဆင့် စည်တိုမဆင့်ပါဘဲ ဂျာနယ်တိုက်သို့ စွပ်ပရား ရောက်ချလာ၏။

"ဟာ... ကိုစွပ်... အဲ... အဲ.. ဆရာမိုး.. မိုးမြင့်အာကာယံ ပါလား"

"ဟုတ်တယ် ... ဂွတ်မောနင်း ... အဲ .. ဂွတ်အာဖတာနွန်း။ လုပ်ကြပါ လုပ်ကြပါ။ ကျုပ်လာလို့ ဘယ်လိုမှ အနှောင့်အယှက် ဖြစ်မသွားကြပါနဲ့။ ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် တကယ်ကြိုးစားတယ်ဗျာ။ ဒီတော့ လေးစားတယ်၊ ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်ရဲ့ ချောင်းသာပြန် လက် ဆောင်အနေနဲ့ ပင်လယ် ဘီအီးတစ်လုံးစီ လက်ဆောင်ပေးခဲ့မယ်"

"အဟီး... သိုင်းခရူပါပဲ ဆရာအာကာ"

ပလာယာကား ချက်ချင်းဆိုသလိုပင် ဖားသိုင်းကွက်ကို ရွှေ့ဆိုင်းလိုက်ချေ၏။ သင်းကား ရေလိုက်ငါးလိုက် ကိစ္စများ၌ အထူးကျွမ်းကျင်သူ ဖြစ်ပေ၏။ ကြည့်...

"ဒါထက် ဆရာအာကာ၊ ချောင်းသာမှာ အတော် ပျော်ရဲ့လား"

"ပျော်ပါသောကော ကိုပလာယာရယ်။ ကျွန်တော့်အတွက် ခုတစ်ခေါက် ချောင်းသာကို ရောက်သွားတာဟာ သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ကိန်းပါပဲ"

(ဤနေရာ၌ စွပ်ပရား ပြောဆိုသော စကားသံများကို နားအဝင်





ချောချောရှုရှု ဖြစ်စေရန် မြန်မာမှု သေသေချာချာ ပြုထားသည်ကို သတိပြုပါလေ။ သို့မဟုတ်ပါက ကိုပလာယာသည် ခိုပလာ့ယအဖြစ်သို့လည်းကောင်း၊ ကိုရွှေတောသားသည် နိုရွှေဒေါသ ဖြစ်သွားသည် မတုတ်တုံလော။ စကားချပ်)

"ဒါထက် ဆရာအာကာရဲ့ တင်ပါးက အနာတွေကော"

"အဟီး... အဲဒီကိစ္စ ပြောချင်လို့ လာခဲ့တာပဲ ခင်ဗျ။ အံ့ဩစရာကောင်းတယ်ဗျို့။ ခင်ဗျားတို့လည်း အမြင်ပဲ၊ ကိုယ့်တစ်ဖွဲ့တည်း သားတွေ ဖြစ်နေပြီဆိုတော့ ရှက်စရာလည်း မလိုတော့ပါဘူးလေ"

"ကျုပ်မှာ အိမ်မှာလည်း အိမ်မှာမို့၊ လမ်းမှာလည်း လမ်းမှာမို့၊ အလုပ်မှာဆိုလည်း အလုပ်မှာမို့ အားတိုင်းယားတိုင်း ကုတ်ဖဲ့နေရတာ။ တင်ပါးပြင်က ဝဲခြောက်တွေဆိုတာ အသားနီကို လန်ရောပဲ။

ဘာစကောဘီထည့်လည်း မပျောက်၊ ပင်နီဆီလင်မှုန့် ဖြူးတော့ လည်း မသက်သာ၊ ကြာရင် ဝဲခြောက်ကနေ ဝဲစိုဖြစ်ပြီး သားနံ့ရည်တွေ တရွှဲရွှဲနဲ့ ဒုက္ခတော့ ဖြစ်ပြီ မှတ်နေတာ။ ဒီကြားထဲ မရှိသေ့စကား စအိုဝမှာ ဂရင်ဂျီနာကလည်း စ,ချင်နေပြီဗျို့"

စွပ်ပရားကား မြိန်ရေယှက်ရေ ပြောနေသလောက် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်ကား 'ပင်လယ်ဘီအီး'ဆိုသော စကားလုံးအပေါ် ငဲ့ညှာလျက် အောင့်အည်းနားထောင်ရင်းမှ ပျို့ချင်အန်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာရတော့သည်။ သို့သော် အလုပ်ရှင်ဆိုသော အသိကြောင့် သည်းခံရပေဦးတော့မည်။

"ဒါပေမဲ့ ကံကောင်းတယ်ဗျာ၊ ကောင်းမှာပေါ့ဗျာ။ စိတ်ထားကောင်းတဲ့လူပဲဥစ္စာ မဟုတ်ဘူးလား။

ဒီလိုနဲ့ ချောင်းသာရောက်လို့ ပင်လယ်ရေကို စပါယ်ရှယ်စိမ်ပြီး ချိုးလိုက်တာ ဝဲခြောက်တွေလည်း ပင်လယ်ရေကို ကြောက်ပြီး ပျောက်ကုန်ကြရောဗျို့။ စ,ချင်နေတဲ့ ဂရင်ဂျီနာလည်း တစ်ခါတည်း တာ့တာပဲ။ အဲဒီမှာတင် ပင်လယ်ရေရဲ့ အစွမ်းအာနိသင်ကို သိပ်သဘောကျသွားတယ်"

"ဟုတ်တယ်နော်... တော်တော်စွမ်းတာပဲ"

"ဒီတော့ ကျွန်တော် လုပ်ငန်းတစ်ခု လုပ်မယ်ဗျာ။ အဲဒါက



www.burmeseclassic.com

www.burmeseclassic.com

တခြားမဟုတ်ဘူး။ ခင်ဗျားတို့ကို ယုံလို့ပြောတာ။ ဘယ်သူမှလည်း မပေါက်ကြားစေနဲ့ဦး''

''ဟာ . . . စိတ်ချပါ ဆရာအာကာရယ်။ ကျုပ်တို့က ဘယ်သူမှ မသိစေချင်ရင် ဘယ်သူမှ မသိရအောင် နှုတ်လုံပါတယ်။ စိတ်ချ အာစရိ။ ဘယ်သူ့မှ ကျွန်တော်တို့ ပြန်မပြောဘူးနော်. . . နော် . . . နော် . . . နော်''

သို့ကလိုပြောရင်း စွပ်ပရား မမြင်အောင် ကျွန်ုပ်အား မျက်စိ တစ်ဖက် မှိတ်ပြ၏။

''အဲဒါက ပင်လယ်ရေတွေကို ဒီကို သယ်လာမယ်။ သယ်လာ ပြီး ရေသန့်ပုလင်းအရွယ်တွေထဲ ထည့်မယ်။ အဲဒီရေကို 'ဆေးဖန်ရည်' လို့ အမည်ပေးပြီး ဒီဆေးရည်ထဲမှာ အနာစိမ်ရင် ရောဂါအမြန်ပျောက်တဲ့အကြောင်း ထိထိမိမိ စာသားတွေနဲ့ တံဆိပ်ကပ်ပြီး ရောင်းမယ်။ စာနယ်ဇင်းတွေမှာ ကြော်ငြာထည့်မယ်။ ရေဒီယိုက နေပြည်တော် မြန်မာ့ အသံနဲ့ ရန်ကုန်မြို့တော် အသံလွှင့်ဌာနတွေမှာ ကြော်ငြာထည့်မယ်။ ဒါတင် မကသေးဘူး။ နေတိုး၊ အိန္ဒြာကျော်ဇင်တို့နဲ့ 'ဆေးဖန်ရည်' ကြော်ငြာကို ပေါက်အောင် ရိုက်မယ်''

''နေတိုးတို့၊ အိန္ဒြာကျော်ဇင်တို့ကကော ဆရာအာကာလို ပင်လယ် ရေစိမ်ပြီး အရိုက်ခံမှာလား''

''ဒါပေါ့။ သူတို့လည်း ဖလားကြီးထဲ ဝင်အော်ရမှာပေါ့။ မစိမ်ချင် စိမ်အောင် တောင်းသလောက် ဈေးပေးပြီး ရိုက်မယ်ဗျာ''

''ကောင်းပါလေ့''

''အဲဒါ လောလောဆယ် စာနယ်ဇင်းတွေ့ဆုံပွဲ လုပ်ချင်တယ်။ တာဝန်ယူပေးနိုင်မလား''

တကယ်တော့ ကျွန်ုပ်တို့မှာ ကိုယ့်အလုပ်နှင့်ကိုယ် ဇယ်ဆက်အောင် များနေကြသူတွေ ဖြစ်ရလေကား မအားလပ်ချေ။ သည့်အတွက် စိတ်ဆိုးကာမှ နေရော မတတ်နိုင်။ စွပ်ပရား ကျေနပ်အောင် အနူးအညွတ် တောင်းပန်ရချေ၏။

စွပ်ပရားကား သိပ်တော့ ကျေနပ်ပုံမရချေ။ သို့ရာတွင် ကျွန်ုပ်တို့ နှစ်ယောက် အလုပ်များနေသည်ကို ၎င်းမျက်မြင် ဖြစ်နေသဖြင့် လျှော့ချ သွားရှာပါ၏။

''ကိစ္စမရှိဘူး။ ရပါတယ်။ ဒီတော့ ခင်ဗျားတို့ လုပ်မပေးနိုင်တဲ့ ကိစ္စ





လုပ်ပေးနိုင်တဲ့သူကို စဉ်းစားလိုက်တဲ့အခါ. . . ''

စွပ်ပရားသည် မေးကို ပွတ်သပ်ရင်းမှ ဖျောက်ခနဲ လက်ဖျစ်တွက် လိုက်ရင်း. . .

''ဟုတ်ပြီ . . ကျုပ် ဘူးသီးပုံ ဆရာကို အကူအညီတောင်းရင် ရတာပေါ့။ သူက ပွဲတကာရဲ့ ကိုယ်စားလှယ်ပဲ ဥစ္စာ။ မိတ်စာအားလုံး သူ ကိုင်ထားတဲ့ဟာ။

ကျုပ်ကိစ္စဆို သူ လုံးဝ ငြင်းမှာမဟုတ်ဘူး။ နောက်ပြီး သူနဲ့ ကျုပ်က အကျိုးတူ ဆောင်ရွက်ဖို့ လုပ်ငန်းတွေ စဉ်းစားထားတာ ရှိသေးတယ်။

ဆိုတော့ကာ ဟောဒီ 'ဆေးဖန်ရည်' မိတ်ဆက်ပွဲကို စာနယ်ဇင်းတွေ ဖိတ်ပြီး မောင်တေမိကို လက်တွေ့သရုပ်ပြခိုင်းရမယ်။ သူ့တင်ပါးမှာလည်း ဝဲခြောက်တွေ ရှိနေတယ်ဆိုတာ ကျုပ်ကိုယ်တိုင်လည်း ဝဲခြောက် ပေါက်ဖူးတော့ ခံစားသိနဲ့ သိနေတယ်။

ကဲ. . . ဒီတော့ ဒီတာဝန်ကို ပေးအပ်ဖို့ မောင်တေမိဆီ လစ်ပြီဗျို့။ ပင်လယ်ဘီအီးတော့ ခင်ဗျားတို့အစား သူ့ကိုပဲ ပေးလိုက်တော့မယ်''

ဟူ၍ ပြောဆိုနှုတ်ဆက်ပြီး ဂျာနယ်တိုက်မှ ဒရောသောပါး ဆင်းသွား သည့်အခိုက် တပည့်ကျော် ပလာယာ၏ ပါးစပ်လည်း လှုပ်စိလှုပ်စိ ဖြစ်နေ လေတော့သည်။ ထိုလှုပ်စိလှုပ်စိ ဖြစ်နေသော ပါးစပ်မှ စကားသံတွေကား စွပ်ပရားအပေါ်တွင် အကြီးအကျယ် ပို့သလိုက်သော မေတ္တာ တွေမှတစ်ပါး အခြား ဘာမျှ မရှိနိုင်တော့ပြီတကား။


www.burmeseclassic.com

www.burmeseclassic.com



# ခင် ... ခင် ... ခင် ... ခင်

တစ်နေ့သ၌ ကျွန်ုပ်အလုပ်လုပ်ရာ ဘူးသီးပုံဂျာနယ်တိုက်သို့ အသက်(၇၀)ခန့်ရှိမည့် ခံ့ညားထည်ဝါလှစွာသော အဘွားအို တစ်ဦးသည် ယာမာစု သုံးဆစ်ချိုး ခေါက်ထီးကိုဆောင်းလျက် ပခုံးတစ်ဖက်တွင် ကြိုးသိုင်းအိတ် တစ်အိတ်ကို လွယ်ကာ လှမ်းလင့်ဝင်ရောက်လာလေ၏။

သည်မြင်ကွင်းကား အခြားသူတွေအဖို့ မည်သို့ဖြစ်လိမ့်မည်ဟု မခန့်မှန်းတတ်သော်လည်း ကျွန်ုပ်အဖို့မှာမူ ထူးခြားဆန်းကြယ်သလို ခံစားရလေ၏။ ထို့အတူ ကျွန်ုပ်၏ စိတ်မှာလည်း မသက်သာ။ တကယ်ဆိုလျှင် ကျွန်ုပ်တို့ဂျာနယ်တိုက်သို့ အဲဒီ အသက်(၇၀)ခန့် အဘွားအို မဟုတ်ဘဲ (၁၆)နှစ် တစ်ရက်လျော့အရွယ် အလှမယ်ကလေး ဖြစ်ချိမ့်မူ ဘယ့်ကလောက် မင်္ဂလာရှိလိုက်ပါမည်နည်း။

အဘွားကြီးကား ဖြူဖြူသန့်သန့်၊ ခံ့ခံ့ထည်ထည်ကြီး။ ဝတ်ဆင်ထားလိုက်သည့် လက်ဝတ်လက်စားတွေကလည်း ပြိုးပြိုးပြက်ပြက်။ ဖြူ ဖြူနုနု အသားအရေနှင့် လိုက်ဖက်တင့်မောစွာ ဝတ်ဆင်ထားသည့် အင်္ကျီလုံချည်တို့ကလည်း အသွေးနုနု။ သည်အဘွားကြီးသည် လွန်လေပြီးသော နှစ်ပေါင်း (၅၀)၏ ဟိုမှာဘက်ဆိုလျှင် ဘယ့်ကလောက် ချောလိုက်၊ လှလိုက်ပါမည်နည်း။

''ပလိစ်... ကျွန်မကို ထိုင်ခွင့်ပြုပါ''

အဘွားကြီးကား ယဉ်ကျေးလှပါဘိတောင်း။ ပြီးတော့ ပြောပုံဆိုပုံက ကျွန်ုပ်နှင့်လားလားမျှ မဆိုင်။ ကျွန်ုပ်ကား အခွင့်သာလျှင် သာသလို



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်စည်းကမ်း စုတ်ပွဲသူသာတည်း။ ဒါပေသည့် ဟန်ဆောင်မှုအပေါင်း သရဖူဆောင်း၍ လုပ်စားကိုင်စား ပြုလာခဲ့သည်မှာ ကာလအတန်ကြာပြီ ဖြစ်သဖြင့် ယခုလည်း လူကြီးလူကောင်း မျက်နှာဖုံးကို အဘွားကြီး မရိပ်မိခင် ဖျတ်ခနဲ ဆိုသလို စွပ်ထားလိုက်မိလေတော့၏။

''ထိုင်ပါ ဆရာမကြီး... ထိုင်ပါ။ ကျွန်တော် ဘာများ အကူအညီ ပေးရမလဲ ခင်ဗျာ''

''ကျွန်ုပ်၏ အသံကား ကရုဏာ ခြယ်လိမ်းလျက် 'နာသိက'လေး ရောစွက်လိုက်သောအခါ အဘွားကြီး၏ မျက်ဝန်းအစုံမှာ ကျွန်ုပ်အပေါ် လေးစားသော အရိပ်အယောင်များ လွှဲနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း လိုသည်ထက်ပိုသော အိုဗာအက်တင်များ ထုတ်လျက်...

''ပြောပါ ဆရာမကြီး...၊ ကျွန်တော်က ဘူးသီးပုံဂျာနယ်ရဲ့ အယ်ဒီတာချုပ် မောင်တေမိပါ။ ငါးစင်ရိုင်းရေ... ဟေ့... ငါးစင်ရိုင်း၊ ဧည့်သည်အတွက် လက်ဖက်ရည်နဲ့ မုန့် သွားဆွဲစမ်းပါဟေ့''

ဟူ၍ ပါဝါတွေ ထုတ်သုံးလေရာ ပိဿာချိန်နှင့် ရောင်းချရန် စက္ကူအတိုအစများ စုနေသည့် တပည့်ကျော် ဆဋ္ဌဂံငါးစင်ရိုင်းလည်း စောင်ပေစောင်ပေ အကြည့်ဖြင့် ကျွန်ုပ်အား မျက်စောင်းတစ်ချက် ထိုးကြည့်ရင်း ဂျာနယ်တိုက် အတွင်းမှ ဆင်းသွားလေတော့၏။

''ကျွန်မ စာလေးဘာလေး ရေးပါတယ်''

''ဟုတ်လား။ ဝမ်းသာလိုက်တာ ဆရာမကြီးရယ်။ ဒါထက် ဆရာမကြီးရဲ့ ကလောင်နာမည်ကို သိပါရစေ''

''ဥတ္တရခင်ပါ ဆရာ''

''ဟာ... ဆရာမကြီးက ဥတ္တရခင်တဲ့လား။ ဝမ်းသာလိုက်တာ ဆရာမကြီးရယ်။ ဆရာမကြီးရဲ့ စာတွေကို ကျွန်တော် ဖတ်ဖူးပါတယ်''

အမှန်မတော့ ကျွန်ုပ်သည် အဆိုပါ စာရေးဆရာမကြီး၏ စာမူကို တစ်လုံးတစ်ပါဒမျှ ဖတ်ဖူးသူ မဟုတ်ချေ။ ထိုစာရေးဆရာမကြီး၏ စာမှသာ မဟုတ်။ အခြား အခြားသော စာရေးဆရာကြီး၊ စာရေးဆရာမကြီးတို့၏ စာများကိုလည်း ဖတ်ဖူးသည် မဟုတ်။ သို့သော်လည်း ဟန်ကိုယ့်ဖို့ ဟန်သူ့ဖို့ ဆိုသလို တစ်ဖက်သား စိတ်ဘဝင်ကျအောင် ယောရောရှိ လုပ်ရပေလိမ့်ဦးမည်။





''ကျွန်မလည်း ဆရာမောင်တေမိရဲ့ စာတွေကို ဖတ်ဖူးပါတယ်။ အထူးသဖြင့် ဆရာ့ရဲ့ ဒဿနဖြစ်တဲ့ 'မည်သူမဆို ကိုယ့်ဝက်ခြံ ကိုယ်ညှစ်၊ ကိုယ့်လက်ကျန် ကိုယ်ကစ်'ဆိုတဲ့ ဆောင်ပုဒ်ကလေးကို သိပ်သဘောကျတာယ် ဆရာ''

သည်အခိုက် ကျွန်ုပ် အလုပ်စားပွဲပေါ်သို့ တပည့်ကျော် ဆဋ္ဌဂံ ငါးစင်ရိုင်း ယူဆောင်လာသည့် လက်ဖက်ရည်နှင့် မုန့်များ ရောက်ရှိလာလေရာ

''ကဲ... သုံးဆောင်ပါဦး။ ပြီးတော့မှ စကားဆက်တာပေါ့''

ဟု ပြောလိုက်သည်နောက် ဆရာမကြီးလည်း ကိတ်မုန့်ကိုဖဲ့၍ ဝါးလိုက်၊ လက်ဖက်ရည်တစ်ကျိုက် သောက်လိုက်ဖြင့် အားရကျေနပ်စွာ သုံးဆောင်နေလေတော့၏။

''အခုလို ဧည့်ဝတ်ကျေတာ သိပ်ကျေးဇူးတင်ပါတယ် ဆရာ။ လာလက်စနဲ့ ကျွန်မရဲ့ ကိစ္စကို အကူအညီ တောင်းချင်လို့ပါ''

''ပြောပါ ဆရာမကြီး ပြောပါ။ ကျွန်တော် တတ်နိုင်တဲ့ကိစ္စဆိုရင် စိတ်သာချ။ ကူညီမှာပါ''

''ယုံပါတယ် ဆရာရယ်။ ယုံပါတယ်။ ဆရာရဲ့ ဥပမိရုပ်၊ ဆရာရဲ့ ပြုမူဆက်ဆံ ပြောဆိုပုံတွေဟာ အင်မတန်မှ လူကြီးလူကောင်း ပီသလှပါတယ်။ 'မဖြစ်ညစ်ကျယ်ဂျာနယ်'က ကိုရွှေတောသားတို့ ဆရာတပည့်နဲ့ တော့ အကွာကြီး ကွာလှပါတယ် ဆရာရယ်''

ဆရာမကြီးရဲ့ စကားကြောင့် ကျွန်ုပ်၏ ရင်ထဲ၌ ထိတ်ခနဲ ဆိုသလို ဖြစ်သွားရချေ၏။ မဖြစ်ဘဲကော နေမှာတဲ့လား။ သူကောင်းသား ကိုရွှေတောသားနှင့် ကျွန်ုပ်ကား ဘယ်သောအခါမှ ပေါင်းစည်း၍ မရနိုင်သည့် ဓာတ်စောင်း ဓေးနှင့် မျက်ချေးသဖွယ် ဖြစ်လေရကား သင်းနာမည်ကြားရလေတိုင်း ကျွန်ုပ်၏ ရင်အစုံသည် လှိုက်ကာလှိုက်ကာ ခုန်တတ်စမြဲတည်း။

''ဒါကတော့ ဆရာမကြီးရယ်... ပေါက်ဖွားဖြစ်တည်ရာ ရေခံ မြေခံချင်းက ကွာတယ် မဟုတ်လား''

''မှန်တာပ ဆရာရယ်... မှန်တာပ။ တရားတရား ဟောပါများ တရားထဲက ပါဠိရသတဲ့၊ ဒီလိုပဲ စကားစကား ပြောပါများ စကားထဲက ဓာတ်ပြတာပဲနေ့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ပြီးခဲ့တဲ့ ရက်တွေတုန်းက မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်ကို ရောက်ခဲ့ပြီးပါပြီ။ ဆရာ့လို မိတ္တဗလဋ္ဌိကာကျေဖို့ နေနေသာသာ ... တစ်ယောက်လုံး စားပွဲရှေ့ မတ်တတ်ရပ်နေတာတောင် ထိုင်ပါဦးလို့ တစ်ခွန်း မပြောဘူး။ အယ်ဒီတာချုပ် ကိုရွှေတောသားဆို ဘာလုပ်နေတယ် ထင်သလဲ။ မှန်ကွဲလေးတစ်ချပ် ရှေ့မှာ ထောင်ပြီး မုတ်ဆိတ်မွေး နုတ်နေတယ်။

အဲ... သူတပည့် ခြေသလုံး ရှည်ရှည်နဲ့ ပလာယာဆိုတဲ့ လူကလည်း ဘာထူးမှာတဲ့လဲ။ ကျွန်မကို တစ်ချက်လှည့်ကြည့်ပြီး ဂျာနယ် အဟောင်းကွေ ချောင်ကြိုချောင်ကြားထဲက ဆွဲထုတ်စုပုံနေတယ်''

သည်စကား ကြားလိုက်ရကတည်းက သင်းတို့ ဆရာတပည့် နှစ်ယောက် (၄၂)လမ်း ချိတက်ရန် ဘတ်ဂျက်လိုငွေ ပြနေပြီဖြစ်ကြောင်းကို ကျွန်ုပ် သဘောပေါက်လိုက်ပါချေ၏။ ဒါ... သူ့စေတနာ၊ သူ့အကျိုး ပေးတာပဲ ဖြစ်၏။

''ဒါထက် စပ်စုတယ်လို့တော့ မထင်ပါနဲ့ ဆရာမကြီး။ ဆရာမကြီးက ဘာဖြစ်လို့ မဖြစ်ညစ်ကျယ် ရှိရာကို ရောက်သွားရတာလဲ၊ စာမူ သွားပို့တာလား''

''ဟင့်အင်း... မဟုတ်ရပါဘူး ဆရာရယ်။ မဟုတ်ရပါဘူး။ သူတို့က ကျွန်မရေးတဲ့စာကို နားလည်လောက်တဲ့ အဆင့်မှာ မရှိပါဘူး''

ထိုစကား ကြားလိုက်ရတော့ ကျွန်ုပ်၏ ရင်ထဲ မှုတ္တူးဆာမိတို့ ဘုရားပွဲလှည့်သလို ဝမ်းသာသွား၏။ ပျော်ရွှင်သွား၏။ ကြည်နူးသွား၏။ ရင်ခုန်သွား၏။ လှိုက်မောသွား၏။ ဘာ့ကြောင့်ဆို ထိုဝတ်ုနှစ်ကောင်အပေါ် အမုန်းအင်အား တိုးပွားလာခြင်းသည် ကျွန်ုပ်အတွက် နဝင်းဟိတ်အလာနှင့် မင်္ဂလာအပေါင်းတို့ ခညောင်းစေခြင်းပင် မဟုတ်ပါလား။ သို့ဖြစ်လေရာ အဘွားကြီး ဘာများ မကျေမနပ် ဖြစ်သည်ကို မစဖော်လျက် ကျွန်ုပ်ဘက်က မီးလောင်ရာလေပင့် ရေများရာ မိုးရွာရပေဦးတော့မည်တကား။

''လုပ်စမ်းပါဦး ဆရာမကြီးရယ်။ သည်ကောင်တွေ နားမလည်ရအောင် ဆရာမကြီးက ဘယ်လို အဆင့်မြင့်တဲ့စာတွေ ရေးထုတ်တာမို့လဲ။ ခုလို မေးတာ ဘယ်လိုမှ စိတ်မရှိနဲ့နော်''

''ဩော် ... ရပါတယ် ဆရာရယ် ... ရပါတယ်။ ကိုယ့်စာပေသမားအချင်းချင်း စာအကြောင်း၊ ပေးအကြောင်း ဆွေးနွေးကြတာပဲ။ ဒီလို





ဆရာရယ်... ခေတ်က အစစအရာရာ တိုးတက်ခေတ်မီနေပြီ မဟုတ်လား။ အင်တာနက်ခေတ် ရောက်နေပြီလေ... ။

ဒါကြောင့် စာပေမှာ ကျွန်မတို့ အနေနဲ့ ရှေးရိုးအတိုင်း သွားနေလို့ မဖြစ်ဘူး။ ဂန္ထဝင်လောက်နဲ့ အလုပ်မဖြစ်ဘူး။ ဒီတော့ မော်ဒန်မှ ဖြစ်မယ် ဆရာ... ဒန်မှ... ဒန်မှ''

''ဒန်ဆိုတာ ဘာလဲ ဆရာမကြီးရယ်''

''မော်ဒန်ကို အတိုကောက် ပြောတာလေ ဆရာရဲ့။ Modern ဟုတ်တယ်နော်။ ကျွန်မကတော့ ဂန္ထဝင်ကို ကြောင်ပုစွန်ပါး ကြွပ်ကြွပ်ဝါး ခဲ့ပြီးပြီမို့ ဖီးလ်ငုပ်သွားပြီ ဆရာ။ သိပ်မွန်းကျပ်တာပဲ။ ဒီတော့ ဖရီးဒမ်း ဖြစ်တဲ့ မော်ဒန်ဘက်ကို အာရုံပြောင်းပစ်လိုက်တယ်။ မော်ဒန်ဖြစ်တဲ့ ကဗျာတစ်ပုဒ်မှာ ရစ်သမ်ရဲ့ ဖလိုးဟာ ကျွန်မရဲ့ဟတ်ကို တိုက်ရိုက်ထိတယ် ဆရာ။ ဒီတော့ ကျွန်မက ဒန်မှ သဘောကျတယ်''

လက်စသတ်တော့ အဘွားကြီးသည် ဂန္ထဝင်ကို ခြေကန်လျက် မော်ဒန်ဆီ ခြေကုန်ရုန်းနေသော ဒန့်ဥတ္တရခင်ပါတကား။

''သူတို့ ဆရာတပည့်နှစ်ယောက်ကလည်း အလာသား၊ မဖြစ်မနေ ကျွန်မနဲ့ စကားပြောလာရတဲ့အခါ သူတို့က ကျွန်မရေးတဲ့စာကို နားမလည်ဘူးတဲ့။

'အိမ်ထောင်ပျက်သွားတဲ့ညမှာ
ကန္တာရဝါးလုံးတစ်ချောင်းနဲ့
ဖားခုန်သလိုမျိုး...
ပျားအုံကို ထိုး...
ဟတ်ချီးဘုရား ကယ်တော်မူပါ
မင်းဟာ... ဘရုတပ်စ်လား...
အားပါး ငရုတ်သီးက စပ်လိုက်တာ'

အဲသလိုမျိုး ကျွန်မ တံခွန်စိုက်ခဲ့တဲ့ မော်ဒန် ကဗျာမျိုးကို သင်းတို့ နားမလည်ဘူးဆိုတာ တွေးကြည့်ရင်တော့ မှန်ပါတယ်လေ။ သင်းတို့က ဘုန်းကြီးကျောင်းထွက်လောက် ပညာအဆင့်အတန်း ရှိကြတာကလား''

အဘွားကြီးက သူ့အရှိန်နှင့်သူ တောသားတို့ ဆရာတပည့်နှစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com


အပေါ်တွင် တရစပ် နှိပ်နေလေပြီ။ ကောင်းလှင့်တေး.. ကောင်း လှင့်တေး။ အဟေးဟေး... ။

"ပြောပြီးပါပကောလား ဆရာ။ ကျွန်မ သူတို့ဆီသွားတာ စာကိစ္စ အစိက မကျပါဘူး။ ကျွန်မ စီစဉ်ထုတ်ဝေခဲ့တဲ့ စာအုပ်တစ်အုပ် ကိစ္စနဲ့ ပတ်သက်လို့ပါ"

"ဘာစာအုပ်များတုံး ဆရာမကြီးရဲ့"

"မုန့်ကြိုးလိမ် စာစဉ် စုစည်းမှု အမှတ်(၁)လေ"

"ဟာ... ဒါဆို သိပြီ.. သိပြီ။ အဲဒီစာအုပ်မှာ ဆရာမကြီးရယ်၊ ဆရာဘုပြောင်၊ ဆရာဂျင်းပူ၊ ဆရာမူးယစ်နဲ့ မောင်မောင်ကြောင်ဝင့်တို့ ဝတ္ထုတိုတွေ ပါတယ် မဟုတ်လား"

"ဟုတ်တာပေါ့ ဆရာရယ်။ သိပ်ဟုတ်တာပေါ့။ ဆရာက စာ တကယ်ဖတ်တဲ့သူပဲနော်။ လေးစားသွားပြီ ဆရာ။ သိပ်ကို လေးစားသွားပြီ"

အမှန်မတော့ ကျွန်ုပ် ထိုစာအုပ်ကို လုံးစေ့ပတ်စေ့ မဖတ်ဖူးသေးချေ။ ထိုစာအုပ်၌ 'ရိုးသားပွင့်လင်းကြပါစေ' ဆိုသော ဆောင်ပုဒ်ဖြင့် ကလောင်သရမ်းတတ်သည့် မောင်မောင်ကြောင်ဝင့်က ကျွန်ုပ်၏ ဘူးသီးပုံ ဂျာနယ်၌ စာအုပ်သတင်း ထည့်ပေးရန် ရမ်နှစ်လုံး၊ လန်ဒန်တစ်ဘူး လာပေးထား၍ အမှတ်ထင်ထင် ဖြစ်နေခြင်းသာ ဖြစ်၏။

"အဲဒါ ဆရာရယ်... မဖြစ်ညစ်ကျယ်မှာ စာအုပ်သတင်း ထည့်တော့ သင်းတို့ စာမဖတ်ဘူးဆိုတာ သိပ်ပေါ်သွားတယ်"

"ဘယ်လို ပေါ်တာတဲ့တုံး"

"ကျွန်မ နာမည်ကို ဖော်ပြတော့ ဆရာမကြီးဉတ္တရခင် မဟုတ်တော့ဘဲ မုတ္တမခင် ဖြစ်သွားတယ်လေ"

"ဟောဗျာ... လုပ်ရက်ပါပေ့နော်။ ကျွတ်... ကျွတ်... ကျွတ် တော်တော်လည်း ဂါရဝါစ နိဝါတောစ ပါးရှားတဲ့ သတ္တဝါတွေပဲ ကလား"

"အဲဒီကိစ္စကို သွားပြောတာ။ တရားစွဲခံရမှာ ကြောက်တယ်နဲ့ တူပါရဲ့။ နောက်အပတ်မှာ မုတ္တခင်အစား ဉတ္တရခင်ဟု ပြင်ဆင်ဖတ်ရှု ပေးပါရန် တောင်းပန်စာ ထည့်ပေးပါမယ်လို့ ပြောတယ်။ ဆရာလည်း ကျွန်မစာအုပ် သတင်းထည့်ရင် နာမည်မှားမှာစိုးလို့ ခုလို လာပြောတာ"

"မမှားစေရပါဘူး ဆရာမကြီးရယ်။ မမှားစေရပါဘူး။ ကျွန်တော့်တပည့် ဆဋ္ဌဂံငါးစင်ရိုင်းက စာပြင်တဲ့နေရာမှာတော့ ဆရာတစ်ဆူလောက်ကို တော်ပါတယ်"

"လေးစားပါတယ် ဆရာ။ လေးစားပါတယ်။ ဒါထက် ကျွန်မတို့ စာပေလောကမှာ 'ခင်'ကို တန်ဖိုးထား မှည့်ခေါ်ကြတဲ့ နာမည်တွေကလည်း တော်တော်များသားပဲနော်။ ဆရာမှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့ ဆရာမကြီးရယ်။ ကျွန်တော် သိသလောက် ရေရွတ်ကြည့်ရမယ် ဆိုရင်...

၁။ ပတ္တမြားခင်

၂။ မန္တလေးခင်

၃။ တိုင်းရင်းမေခင်

၄။ ယုဝတီခင်

ဟော... ခု ဆရာမကြီး ဉတ္တရခင်ပေါ့နော်"

"ဆရာက သိပ် အမှတ်အသား ကောင်းတာပဲ။ ဆရာ့ဦးနှောက်ကို ရွှေချထားဖို့တောင် ကောင်းနေပြီ"

"ဟဲဟဲ... ဟဲဟဲ"

"အဲဒါပါပဲ ဆရာရယ်။ ဆရာတို့ဂျာနယ်မှာ စာအုပ်သတင်း ဖော်ပြတဲ့အခါ မဖြစ်ညစ်ကျယ်လို ဉတ္တရခင်ကနေ မုတ္တခင် ဖြစ်မသွားဖို့ ပညာရှိသတိဖြစ်ခဲ မဖြစ်ရလေအောင် ခုလို လာပြောရတာ။ အဲဒီ သတင်းပါတာနဲ့ ဆရာတို့ ဂျာနယ်အဖွဲ့အတွက် လက်ဆောင်တွေ ပေးလိုက်ပါမယ် ဆရာ"

"အားနာစရာ... ဆရာမကြီးရယ်။ ဟဲ.. ဟဲ.. ဟဲ"

ထိုသို့ စကားတွေကို စီခြောက်ဆယ်နှစ်ခွေစာနီးနီးမျှ အာပေါင် အာရင်းသန်ခဲ့ပြီး အဘွားကြီးသည် အိန္ဒြာကျော်ဇင် လွယ်တတ်သော အိတ်မျိုးကို လွယ်လျက် နိုင်သင်းကြည် ကြော်ငြာထဲမှ ယာမစု ခေါက် ထီးကိုဆောင်းကာ ဆင်မယဉ်သာ ဟန်မျိုးဖြင့် ကျွန်ုပ်တို့ ဘူးသီးပုံဂျာနယ် တိုက်အတွင်းမှ ထွက်သွားလေတော့၏။

"သည်စာအုပ်သတင်း ငါးစင်ရိုင်းရေ .. မင်းပဲ ရေးလိုက်ကွာ။ ပြီးတော့ စာမူခ မင်းပဲ ထုတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ အာစရိ။ စာမူခ ရလို့ကတော့ လာထား"

ဆဌဂံငါးစင်ရိုင်းကား ငွေစကား ကြားလိုက်ရသဖြင့် မြူးကြွသွားချေ၏။ ပြောမည့်သာ ပြောရသည်။ ထိုစာအုပ်နှင့် ပတ်သက်၍ ချရေးစရာ ထိုစာအုပ်က မရှိတော့။ မရှိဆို ဆဌဂံငါးစင်ရိုင်းကို ကျွန်ုပ်ကိုယ်တိုင် ရောင်းချနိုင်းလိုက်သည် မဟုတ်ပါလား။ ကိစ္စ မရှိ။ သင်းသည် ကျွန်ုပ်၏ တပည့်ကြီး ပီသစွာ ဖြီးဖြန်းရေးနိုင်စွမ်း ရှိချေ၏။

သို့ဖြင့် ၎င်းအပေါ် ယုံကြည်စိတ်ချခြင်းများစွာဖြင့် ပုံအပ်လိုက် သည့် သမယ နောက်တစ်ပတ် ဂျာနယ် ထွက်ပေါ်လာသည့်အခါ စာသတင်းကဏ္ဍ၌ ဆရာမကြီး၏ စာအုပ်သတင်း ပါလာခဲ့ချေ၏။

သို့သော် ဆရာမကြီး၏ အမည်ကား (ဆဌဂံငါးစင်ရိုင်း ဘယ်လို မူးမူးနှင့် လုပ်ချလိုက်သည်မသိ)

ဥတ္တခင်လည်း မဟုတ်။

မုတ္တခင်လည်း မဟုတ်။

ဟော...

'ပွန်တန်ဆာခင်' ဖြစ်သွားပါချေသတည်း။

"တောက်... တယ်လေ... ငါ"



# မှတ်မှတ်ရရ ပျော်ပျော်ရွှင်ရွှင်

"အာစရိ"

"ဘာတုံး ပလာယာရဲ့"

"ဟောဒီမှာ ကျွန်တော်နဲ့ အာစရိအတွက် ဖိတ်စာတစ်စောင် ရောက်လာတယ်"

"ဟေ... ဟုတ်လား။ ကျားသားမိုးကြိုးကွယ်။ တို့များ ဘူးသီးပုံ ဝေတိန္ဒဲ အဆင်မပြေ ဖြစ်ကတည်းက ဖိတ်စာဆိုတာ ချိုနဲ့လား ဖြစ်နေတာ။ ခု ထူးထူးဆန်းဆန်းပါကလား။ ဘယ်ကဘယ်လို မျက်စိမှောက်ပြီး တို့ဆီ ဖိတ်စာ ရောက်လာရတာလဲ"

"ဟုတ်တယ်... အာစရိရဲ့။ ကျွန်တော်လည်း ဖိတ်စာကိုတွေ့တော့ အာစရိ အံ့အားသင့်သလိုပဲ အံ့အားသင့်နေတာ"

"နို့... နေစမ်းပါဦး။ ဘယ်သူကများ တို့ဆရာတပည့်နှစ်ယောက် အပေါ် မေတ္တာရှေ့ထားပြီး ဖိတ်ကြားပါလိမ့်"

"ဆရာမကြီး မုတ္တမခင် ဖိတ်လိုက်တာ အာစရိ"

"အိုကွယ်... မျက်နှာပူစရာ ကောင်းလိုက်ပါဘိ။ တို့များရဲ့ မယဉ်မကျေး ပြုမူခဲ့ပုံကို ခွင့်လွှတ်စိတ်ထားပြီး ခုလို အရေးတယူ လုပ်ဖိတ်တာ ဝမ်းနည်းဝမ်းသာ ဖြစ်လိုက်ပါဘိတော့။ ကဲ... ဆိုစမ်းပါဦး။ ဘယ်လိုအကြောင်း ကိစ္စနဲ့ ဖိတ်ရတာတဲ့လဲ"

"ဆရာမကြီးက သူ့ရဲ့ အသက်(၁၀၂)နှစ်ပြည့် မွေးနေ့အကြိုအတွက်


www.burmeseclassic.com

www.burmeseclassic.com

သူလေးစား ခင်မင်ရတဲ့ စာပေလောကအသိုင်းအဝိုင်းကို သူတတ်နိုင်သလောက် ညှော်ခံကျွေးမွေးချင်တာနဲ့ ဖိတ်ကြားလိုက်တာတဲ့။ ဖိတ်စာမှာ သူဖိတ်ထားတဲ့ သူစာရင်းတွေပါတယ် အာစရိရဲ့''

''ဟဲ့... ဘယ်သူတွေတုံး။ လုပ်စမ်းပါဦး''

''ကိုရွှေတောသား၊ ပလာယာ၊ မောင်တေမိ၊ ဆဋ္ဌဂံငါးစင်ရိုင်း၊ မည်းပြောင်မြေခွေး၊ ကိုနံ့ကြီး(ငွေးသီးဗန်း)၊ ပန်းခွေလှိုင်၊ ပြောင်သိမ်း (အမှိုက်ကော်)၊ မောင်မြေငြိး(ဂရောင်း)၊ ကာတွန်းကြွေးရှောင်၊ ဆရာမ လက်ညှိုးရှင်း၊ ဆရာမ ဇလုံခွက်သယ်၊ ဆရာမ မေပုဂံစိမ်၊ ဆရာမကြီး ဒေါ်ခရေ၊ ရုပ်ရှင်ပေါင်နှံမဂ္ဂဇင်းက ဆရာပဲကြော်၊ ကဗျာဆရာမောင်ဝလွှန်း၊ ဆရာနေမင်းလမင်းထွန်း၊ ဆရာကျင်းထက်ငိုင်၊ ကားရုပ်ရှောင်မဂ္ဂဇင်းက ဒေါက်တာစမ်းရေ၊ ဆရာပုလင်းသူရ အစုံပဲ အာစရိ။ ပျော်စရာကြီး''

''မင်းအဘ ပျော်စရာကြီး။ အဲဒီ ဖိတ်တဲ့အထဲ ကျန်တဲ့သူတွေက တို့ဆရာတပည့်နှစ်ယောက်နဲ့ ဘာမှ အကြောင်းမဟုတ်ပေမဲ့ ဘူးသီးပုံ အုပ်စုက မောင်တေမိ၊ ဆဋ္ဌဂံငါးစင်ရိုင်း၊ မည်းပြောင်မြေခွေး၊ ကိုနံ့ကြီး (ငွေးသီးဗန်း)၊ ပန်းခွေလှိုင်၊ အေး... အဲဒါတွေက ပြဿနာ။ တို့ကို အဲဒီ ငတိတွေက အကောင်းမြင်ကြတာ မဟုတ်ဘူး။ တို့မှာက ပြေးကြည့်မှ နှစ်ယောက်တည်း။ မင်းနဲ့ငါပဲ ရှိတာကလား။ မင်းကလည်း ခြေသလုံး ပလွေရိုး။ ငါကလည်း ဘော်ဒီဝါးခြမ်းပြား။ ဒီကောင်တွေ အုပ်စုက တောင့်ပါဘိသနဲ့။ မတော်လို့ အဲဒီပွဲမှာ ငါတို့ကို ရန်စပြီး ဝိုင်းသမလိုက်ရင် ဟုတ်ပေ့ဆိုတာ ဖြစ်နေဦးမယ်''

'အာစရိကလည်း လုံ့ဖျားကို ပုစဉ်းနားတာနဲ့ ကျီးကန်းက နေရင်း ထိုင်ရင်း ချေးပါတာမျိုး ဖြစ်နေပြန်ပါပြီ။ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကြားမှာ သင်းတို့ ဒီလိုလုပ်တော့ ဘာဖြစ်သွားမလဲ။ သူတို့ သိက္ခာတွေ မြောင်းထဲ ရောက်သွားရုံ ရှိတော့မပေါ့။ တွေးမပူစမ်းပါနဲ့ အာစရိရယ်။ သွေးကြောင်ရင် ဘေးရှောင်နေလိုက်၊ သွေးကျဲရင် ဘေးရှဲနေလိုက်''

''ဟကောင်... ငါ့ကို ဗီဒီယိုအောက်ကား နာမည်တွေလာ မရွတ်ပြစမ်းနဲ့။ နားခါးတယ်''

''ဒါဖြင့် အာစရိ၊ အဲဒီပွဲကို တက်မယ်ပေါ့''

''အေး... အဲဒါကို စဉ်းစားနေတာ။ တို့အနေနဲ့ အသက်(၁၀၂)





နှစ်ထိတောင် စာပေစိတ်ဓာတ် ခိုင်မြဲနေတဲ့ ဆရာမကြီးရဲ့ စေတနာကို ဥပေက္ခာပြုလို့ မကောင်းပေဘူး''

''အာစရိ တော်လာပြီ''

''မင်းရဲ့ ဆရာ လုပ်နေတာပဲကွာ။ ဒီလောက်တော့ ရှိရမှာပေါ့။ ဒါထက် ပွဲက ဘယ်မှာ လုပ်မှာတဲ့လဲ''

''ပွဲက သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး အာစရိရယ်။ နေ့ဘက် (၁၀)နာရီလောက်မှာ သီရိမင်္ဂလာဈေး အပေါ်ထပ်က HAPPY WORLD မှာ လူစုမယ်။ လူစုံတာနဲ့ သရဲရထားစီးမယ်၊ ဘိုးလိန်းကစား မယ်၊ ကြက်ဖခွပ်မယ်၊ အားလုံးရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ဆော့ကစားပြီးတာနဲ့ ဆီဒိုးနား ဟိုတယ်ဘေးက လမ်းကြားလေးထဲ သွားပြီး ပဲပြုတ်နဲ့ နံပြားစားကြမယ်လေ''

''ကောင်းလိုက်တဲ့ အစီအစဉ်ကွယ်၊ ဆရာမကြီး မှတ္တမခင်က တို့အပေါ် လေးစားချစ်ခင်တဲ့ စိတ်နဲ့ ခုလိုမျိုး ညှော်ခံကျွေးမွေးတာကို စားပြီး နားမလည် လုပ်လို့က သင့်တော်မယ် မထင်ဘူး။ 'သူများလို တို့ မရိုင်းတယ်၊ တိုင်းသိပါရဲ့'လို့ ကြွေးကြော်လောက်အောင် တို့ဘက်က မွေးနေ့လက်ဆောင် အဖြစ် ဘာ 'ပလဲစင့်' ပေးရင် ကောင်းမလဲ''

''တဲ့တွေးစင်တယ် အာစရိရယ်။ မြန်မာလို 'လက်ဆောင်' လုပ်စမ်းပါ။ အင်း... လက်ဆောင်ပေးဖို့ တပည့်တော့ အာစရိကိုပဲ အားကိုးရမှာပဲ။ လောလောဆယ် တပည့်မှာ ပိုက်ဆံ နည်းနေတယ်''

''ဘယ်တုန်းကကော များဖူးလို့လဲ ပလာယာရယ်''

''အဟီး .. အာစရိက ကိုယ့်တပည့်အကြောင်း သိသားနဲ့ဥစ္စာ။ ဒီတော့ အာစရိ ဘယ်လို စဉ်းစားထားသလဲ''

''နေဦးကွ။ တို့ရဲ့ ရောင်းမကုန်ဘဲ ပုံထားရတဲ့ မဖြစ်ညစ်ကျယ် ဂျာနယ်တွေ ကျန်သေးလား''

''မရှိတော့ဘူး အာစရိ။ တပည့် ရေစင်ဖိုးအတွက် အားလုံးကို ဖျောနီးကီးပလိုက်ပြီ အဟိ... ''

''လျှင်ပါ့ကွာ။ ကဲ... ကဲ... သိပ်မပူနေနဲ့တော့။ စွပ်ပရားကို မသွင်းရသေးတဲ့ ကြော်ငြာခ ငါ့မှာ ရှိသေးတယ်''

''ပေးမနေပါနဲ့တော့ အာစရိရယ်။ အလကားပဲတင်း ကြော်ငြာတစ်ခု


www.burmeseclassic.com

www.burmeseclassic.com

ဖြည့်လိုက်ရတယ် ပြောရင် ပြီးတာပဲ ဥစ္စာ''

''အေး... ဟုတ်တယ်၊ ဟုတ်တယ်။ အဲသလို နိုပ်ထည့်လိုက်ရင်တို့ကို စွပ်ပရား ဘာပြောနိုင်မှာတဲ့လဲ။ မင်း တော်လာပြီ ပလာယာ''

''အာစရိရဲ့တပည့် လုပ်နေတာပဲ ဥစ္စာ၊ တော်ရမှာပေါ့ အာစရိရဲ့။ မဟုတ်ဘူးလား''

''ထားပါတော့ကွာ။ တို့ ဆရာမကြီးအတွက် ဘာလက်ဆောင်ပေးရင်ကောင်းမလဲ''

''တပည့် စဉ်းစားမိတာ ပြောရမလား''

''လုပ်လိုက်လေကွယ်။ ကြားသလားလို့''

''တစ် ဆံပင်ဆိုးဆေး တစ်ဘူး''

''အိုကေ''

''နှစ် နှုတ်ခမ်းနီတစ်တောင့်''

''ဝှတ်ထ... ဝှတ်ထ''

''သုံး ချိုလိန်တစ်ခု''

''ကောင်းလှင့်တေး။ ကောင်းလှင့်တေး''

''လေး ခုံဖိနပ်တစ်ရန်''

''အောလ်ရိုက်''

''ဒီလောက်ဆို ထည့်သွားပါပြီ အာစရိရယ် နော''

''ကဲ.. ဒီတော့ လက်ဆောင်ပေးဖို့ကိစ္စ အမြန်ဆုံး စီစဉ်ပေတော့။ ပွဲက မနက်ဖြန်ဆို ရောက်ပြီ''

''ဒါဖြင့် တပည့် ရှော့ပင်းထွက်တော့မယ် အာစရိ''

သို့ကလို သွက်လက်မြူးကြွစွာဖြင့် တပည့်ကျော်ပလာယာ ထွက်သွားသည့်အခိုက် ကျွန်ုပ် ကိုရွှေတောသားလည်း ဂျာနယ်ကို ဒစ်(စ်)ပလေးချရန် စာမူတစ်ထပ်ကြီးကို ဆွဲယူလိုက်ပါသတည်း။

ခ ခ ခ





ဆရာမကြီး မုတ္တမခင်ကား မအိုသေးတဲ့သူ အပျိုကလေးနှင့် တူပေစွ၊ အသားအရေက ဖြူဖြူနုနု။

ဆေးထိုးထားသော ဆံပင်အုံကြီး၌ စိန်ဆံထိုးကြီးကို ထိုးစိုက်ထားချေ၏။ မျက်နှာပြင်၌ အာချိမိတ်ကပ်များ ဖို့မံထားသဖြင့် နန္ဒာလှိုင်နှင့် နင်လားငါလား။ ဖြူနုသော အသားအရေနှင့် လိုက်လျောညီထွေလှစွာ ပေဒါရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားသည့်အတွက် ရှုမောတင့်တယ်လှပါဘိတောင်း။ လည်တိုင်ကြော့ကြော့မှာလည်း လက်သန်းလုံးခန့် ရွှေဆွဲကြိုးကြီးက တအိအိ။ လက်နှစ်ဖက်တွင်လည်း လက်ကောက်တွေက မျက်စိကျိန်းမတတ် အစီအရီ။ အလှတွင် အယဉ်ဆင့်သူမို့လည်း မဂ္ဂဇင်းတိုက်တစ်တိုက်၌ ဆရာမကြီးအား လျှပ်တစ်ပြက်တွေ့လိုက်ရသော ကဗျာဆရာကြီး တွံတေးသက်ဦးက မနေနိုင်မထိုင်နိုင် နှဘောထပ်သွားခဲ့ဖူး၏။

''ကျွန်ုပ် ခဏအမြင်
ကနုတ်အလှဆင်
အဟုတ်ပ ယဉ်တဲ့
(အို... ဗျာ)
မုတ္တမခင်''ဟူ၍တည်း။

ဆရာမကြီးကား ချိန်းဆိုထားသော စုရပ်နေရာသို့ ဆိုက်ကားစီး၍ လာတော်မူ၏။ ကျန်ဆရာတွေတော့ ဘယ်လိုယာဉ်မျိုးစီး၍ လာတော်မူသည်မသိ။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်မှာမူ တညင်းသီးအိတ်များ၊ ဂေါ်ဖီခြင်းများ၊ ဂေါ်ရခါးသီးတောင်းများ တင်ဆောင်လာသည့် ဇုန်စိမ်း



www.burmeseclassic.com

www.burmeseclassic.com

ကားကြီးကို တွယ်ကပ်စီးလျက် သီရိမင်္ဂလာဈေးသို့ ရောက်ချလာခဲ့၏။ ထိုကားပေါ်၌ ဖွဲအိတ်များ၊ မီးသွေးခြင်းများလည်း ပါသည်မို့ ကားဆောင့်လိုက်တိုင်း ဖွဲမှုန်များ၊ မီးသွေးမှုန်များက လွင့်လွင့်လာခဲ့လေရာ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် ကားပေါ်က ဆင်းလေသော် ဈေးသူဈေးသား အပေါင်းခမျာ 'မီးသွေးတစ်ဝက်၊ ဖွဲတစ်ဝက်တည့်၊ ဖက်လျက်ဆေးစုံ၊ ခြယ်သောပုံ' ပေါက်နေသော ကျွန်ုပ်တို့အား ထူးဆန်းသော သတ္တဝါများ အဖြစ် ရင်သပ်ရှုမော ကြည့်ငေးနေကြလေတော့၏။

''ဘဝဆိုတာ ဒါပဲ ပလာယာ''

''ကောင်းလိုက်တဲ့ ဒဿနပါပဲ အာစရိရယ်''

''ကဲ... ကဲ.... ဒဿနတွေ သျှတ္တရတွေ အသာထား။ ဟိုမှာ ကိုယ့်ထက် အသက်အများကြီး ကြီးတဲ့သူက စောင့်နေရတာ သိပ်အားနာဖို့ကောင်းတယ်။ ဆရာမကြီးနဲ့ ညှိသည်တွေ ပလက်ဖောင်းဘေးက အမှိုက်ပုံနားမှာ စုရပ်လုပ်နေကြပြီ၊ လာ... လာ.. မြန်မြန်သွားပြီး မွေးနေ့လက်ဆောင်ပေးလိုက်ကြရအောင်''

''ဟုတ်... စိ''

''ဘာလဲကွ။ 'ဟုတ်စိ'ဆိုတာ''

''ဟုတ်ကဲ့ အာစရိကို အမြန်ပြောလိုက်လို့ ဖြစ်သွားတာ .. ဟဲဟဲ''

ကျွန်ုပ်ဘာမှ ပြန်ပြောမနေတော့။ ကျွန်ုပ်၏ တပည့်ကျော်ကား ဉာဏ်နီဉာဏ်နက်၊ ဉာဏ့်မည်းဉာဏ်ပြာ၊ ဉာဏ်ကတ္တရာတို့ ထွက်သည့်နေရာ၌ တေဒင်္ဂရလောက်၏။ ကျွန်ုပ်တို့ ရောက်သည့်ရှိသော် ဆရာမကြီး၏ နံဘေး၌ မွေးစားသမီးကြီး ဆရာမ ဇလုံခွက်သယ်ကို လက်ယာရံအဖြစ် တွေ့ရသလို မွေးစားသမီးငယ် ဆရာမ လက်ညှိုးရှင်းကိုလည်း လံဘား အရပ်ရှည်ကြီးဖြင့် လက်ဝဲရံအဖြစ် တွေ့လိုက်ရချေ၏။ ဆရာမ ဇလုံခွက်သယ်က ဆရာမကြီး အတွက် မွေးနေ့လက်ဆောင်အဖြစ် ထက်လင်းရင် လူးဆေးတစ်ဘူး ပေးသည်ကို တွေ့ရ၏။ ဆရာမ လက်ညှိုးရှင်းကလည်း အားကျမခံ ဆရာမကြီး အတွက် မွေးနေ့လက်ဆောင်အဖြစ် သွားရည်ခံ တစ်ခုကို ပေးလေ၏။ ထိုသို့ အပေးရှိလေတိုင်း ဆရာမကြီးခမျာ...

''အိုး ... ယူ။ အိုင်အမ် ဘဲရီးသိုင်းခရု''ဟူ၍ ဘိုလို ကျေးဇူး





တင်နေရှာ၏။ ဆရာမကြီးကား ပီတိတွေ တစ်လှေကြီး ခံစားနေရဟန် တူပေသည်။ သူဖိတ်ကြားထားသည်ကို လာရောက်ချီးမြှင့်ရုံမျှမက မျှော်လင့်မထားပါဘဲနှင့် ခုလို မွေးနေ့လက်ဆောင်တွေပါ လုပ်လာကြလေတော့ 'ဝမ်းသာလွန်းလို့ ... မျက်ရည်များတောင် လည်ရှာတယ် .. သည်းသက်ပိုင်ညှာဦးရယ်... ' ဖြစ်နေရှာလေသတည်း။

''ဟောဒီမှာ ဆရာမကြီးရဲ့ မွေးနေ့အတွက် ကျွန်တော် ပလာယာနဲ့ အာစရိ ကိုရွှေတောသားတို့ရဲ့ လက်ဆောင်''

''အိုး... ယူ။ အိုင်အမ် ဘဲရီးသိုင်းခရု''

ကျွန်ုပ်တို့လည်း ကြိုတင်ဝယ်ယူထားခဲ့သော ဆံပင်ဆိုးဆေး၊ နှုတ်ခမ်းနီ၊ ချိုလိန်နှင့် ခံ့ဖိနပ်တစ်ရန်တို့အား ဆရာမကြီးလက်သို့ ဝကွက်အပ်လိုက်လေ၏။ ဆရာမကြီးနှင့် ကပ်လျက်တွင် ဝါးဖြင့် ရက်လုပ်ထားသော ခြင်းတောင်းကြီးတစ်ခု။ ထိုခြင်းကြီးထဲသို့ ဆရာမကြီးသည် မွေးနေ့ လက်ဆောင်ပစ္စည်းများကို ထည့်လေ၏။

ဆရာမ မေပုဂံစိမ်က ဆရာမကြီးအတွက် ဒဏ်ကြေဆေးတစ်ဘူး လက်ဆောင်ပေး၏။ ဆရာမကြီး ဒေါ်ခရေက ယပ်တောင်တစ်ချောင်း၊ ဆရာဦးပဲကြော်က ကျောကုန်းယားလျှင်လှမ်း၍ ကုတ်နိုင်သည့် ခြစ်တံရှည်ကြီး တစ်ခု၊ ကဗျာဆရာ မောင်ဝလွန်းက မာလကျင်ပိတ်စတစ်စ၊ ဒေါက်တာ စမ်းရေက ဦးချိန်တီအစာကြေဆေး တစ်ပုလင်း၊ ဆရာပုလင်း သူ့ရက နားဖာကလော် တစ်ချောင်း၊ ကာတွန်းကြွေးရှောင်က ဆရာမကြီးပုံ ရေးခြစ်ထားသော ကယ်ရီကေးချားပုံ တစ်ပုံ၊ ဗြောင်သိမ်း(အမှိုက်ကော်)က သာကေတရှိ ရေမြောင်းထဲမှ သူကိုယ်တိုင် ခူးယူလာခဲ့သည့် ကန်စွန်း ရွက်တစ်စည်း၊ မောင်မြေငြိုး(ဂရောင်း)က အိုးပုတ်ချိုးရုပ် တစ်စုံ၊ ဆရာ နေမင်းလမင်းထွန်းက ကျောက်သင်ပုန်းနှင့် ကျောက်တံတစ်ချောင်း၊ ဆရာ ကျင်းတက်ငိုင်က ပီကေတစ်ထုပ် စသည်ဖြင့် ကိုယ်အာသီသရှိရာ လက်ဆောင်ပစ္စည်းများကို အမွန်တမြတ်ဖြင့် ဆရာမကြီးအား ပေးကြ၏။ ပေးတိုင်းလည်း ထိုပစ္စည်းများကို ဆရာမကြီးသည် ဝါးခြင်းကြီးထဲသို့ ထည့်၏။

ခဏကြာလျှင် မောင်တေမိ၊ ဆဋ္ဌဂံငါးစင်ရိုင်း၊ မည်းပြောင်မြေခွေး ကိုနံ့ကြီး(ငွေးသီးပန်း)တို့ အဖွဲ့သည် အမှိုက်သိမ်းကားကြီးဖြင့် ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ငှင်းတို့ကား ဘာလက်ဆောင်မျှ ယူလာခြင်းမရှိကြချေ။ ငှင်းတို့ကား ဂျာနယ်လစ်ပီသစွာဖြင့် ဘယ်ပွဲကိုတက်တက် ကိုယ်ကပဲ ရဖို့ရှိသည်ဟု တွက်ဆထားကြလေသလော မပြောတတ်ချေ။ မွေးနေ့လက်ဆောင် မပေးရုံမက ခြင်းကြီးထဲရှိ သူများတကာ ပေးထားသော လက်ဆောင်ပစ္စည်းများကို ငါတို့အား ခွဲပေးဝေးလေမည်လားဟု မျှော်လင့်ချက် ထားနေပုံရလေသည်။

"ကဲ ... ကဲ ... လူစုံကြပြီနော်။ အစီအစဉ်အတိုင်း စလိုက်ကြရအောင်။ ဈေးအပေါ်ထပ်ကို တက်မယ်။ သရဲရထားစီးကြမယ်။ ဘိုးလိန်းကစားကြမယ်။ ကြက်ဖခွပ်တမ်း ကစားကြမယ်။ ပြီးတော့မှ အောက်ပြန်ဆင်းပြီး ဆီဗိုးနားဘက် ချီတက်ကြတာပေါ့"

အားလုံးသည် ပျော်ပျော်ရွှင်ရွှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။ ထို့နောက် ဆရာမကြီးလည်း ငှင်းလက်ဆောင် ရရှိထားသော လက်ဆောင်ခြင်းကြီးအား ဈေးလုံခြုံအား အကျိုးအကြောင်းပြောဆို၍ အပ်နှံကာ ဈေးအပေါ်ထပ်သို့ တက်ကြရန် ပြင်ဆင်လေတော့၏။

"ဆရာမကြီးခင်ဗျား။ ကျွန်တော်နဲ့ ပလာယာတို့ ဒီအောက်ကပဲ စောင့်ပါရစေ"

"ဘာဖြစ်လို့လဲ ကိုရွှေတောသားရယ်။ အားလုံး ပျော်ပျော်ပါးပါး ဆော့ကြ၊ ကစားကြမယ့် ဥစ္စာ"

"ကိစ္စလေး ရှိသေးလို့ပါ ဆရာမကြီး။ ဈေးရှေ့က ဟောဟို လက်ဖက်ရည်ဆိုင်က စောင့်နေပါ့မယ်။ စိတ်သာချပါ။ ဘယ်မှမသွားပါဘူး။ ဆရာမကြီး ညွှန်ကျွေးမွေးမယ့် ပဲပြုတ်နဲ့ နံပြားကို တစ်ဝတစ်ပြဲ စားပြီးမှ ပြန်မှာ၊ ဟုတ်တယ် မဟုတ်လား ပလာယာ"

"ဟုတ် ... ဗျ"

"ဒါဖြင့်လည်း နေခဲ့လေ။ ကဲ ... ကျွန်မတို့ သွားပြီ"

"အိုကေ"

မောင်တေမိတို့ အပ်စုကား ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် လိုက်ပါမလာ၍ လူသန့်သွားသည်ဟုများ သဘောထားလေမည်လော မသိ။ အားလုံး၏ ပါးစပ်တွေက ရှင်ဥတ္တမကျော်တောလား အချပိုဒ် တစ်ပိုဒ် အတိုင်း 'ဘီလူးသွားကို လဖြတ်သည်' ဖြစ်နေကြချေ၏။ စင်စစ် ကျွန်ုပ်တို့ ဆရာ





တပည့်နှစ်ယောက် လိုက်ပါမသွားဖြစ်ခြင်းမှာ အကြောင်းရင်းခံ ရှိပါ၏။ ထိုအရင်းခံအကြောင်းတရားကား အခြားမဟုတ်။ ညက နည်းနည်းများသွားသဖြင့် ခေါင်းတွေ တစ်ခုလုံး ငြီးစီစီ ဖြစ်လျက် အုံခဲနေလေရာ နည်းနည်းစီ ထပ်ပက်ပါမှ နေသာထိုင်သာ ရှိမှာ ဖြစ်သောကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် ဈေးရှေ့မျက်နှာစာနှင့် မလှမ်းမကမ်းရှိ စားသောက်ဆိုင်သို့ ဝင်လိုက်ကြကာ ရမ်တစ်ပြား မှာလိုက်ပြီး တစ်ယောက်တစ်ခွက် တွယ်လိုက်ကြရာ ပုလင်းပြားလေး ကုန်သွားသည့်အခိုက် ငြိးစီစီ ဖြစ်သမျှ ကြည်လင်ရှင်းလင်းသွား၏။ အုံ့ခဲနေသော ခေါင်းမှာလည်း လန်းလန်းဆန်းဆန်း။ ဟိ. . သစ္စ ဤစကား အမှန်တည်း။

"အာစရိ နောက်တစ်ပြား ထပ်မှာရင် ကောင်းမယ်"

ကျွန်ုပ်၏တပည့် ပလာယာကား အသောက် လောဘကြီးသည့်နေရာတွင် ဂရင်းနစ်စံချိန် တင်လောက်သူ ဖြစ်၏။

"ဟကောင် . . . သိပ်မူးသွားလို့ မဖြစ်ဘူးနော်။ တော်ကြာ ဟိုငတိတွေရှေ့ ရုပ်ပျက်ရင် သိပ်မကောင်းဘူး။ တို့ အနိုင်ခံနေရလိမ့်မယ်"

"သိပ်မစိုးရိမ်ပါနဲ့ အာစရိရယ်။ ဒီလောက်ထိ သင်းတို့ အစွမ်းအစ မရှိပါဘူး"

"ဒါဖြင့်လည်း မှာကွာ"

သို့ဖြင့် ကျွန်ုပ်တို့လည်း နောက်တစ်ပြား ထပ်မှာပြီး ဖြိုကောင်းကောင်းနှင့် ဖြိုနေကြလေတော့၏ ထိုသို့ ဖြိုနေရင်းမှလည်း . . .

"ဒီအချိန်လောက်ဆိုရင် ဟိုပုဂ္ဂိုလ်တွေ တဟီးဟီးတဟားဟားနဲ့ စည်းလွတ်ဝါးလွတ် ပျော်နေကြရောပေါ့"

"ပျော်ပါစေကွာ။ ဒါမှလည်း ဆရာမကြီးအဖို့ သူ့မွေးနေ့အတွက် ကြည်နူးပီတိ ဖြစ်ရတာပေါ့"

သို့ကလို မုဒိတာစိတ်ထားဖြင့် ယော်နိုသော မနသိကာရ စိတ်





နှလုံးသွင်းနေစဉ် . . .

"ဟော . . . အာစရိ။ ဟိုမှာ ကြည့်ပါဦး။ ဘာဖြစ်နေကြတာလဲ မသိဘူး"

"ဟာ . . . ဟုတ်ပါရဲ့။ ဘာဖြစ်လာလဲ မသိဘူး။ လာ . . . လာ ပိုက်ဆံရှင်းပြီး သွားကြည့်ရအောင်။ တို့ဂျာနယ်အတွက် သတင်းလေး ဘာလေး ရတာပေါ့"

ချက်ချင်းဆိုသလိုပင် ကောင်တာ၌ ကျသင့်ငွေကို ရှင်းလိုက်၏။ ပုလင်းထဲ၌ လက်ကျန်တွေ ရှိနေသေးရကား ချက်ဆို နားခွက်က မီးတောက်သော တပည့်ကျော်သည် ထိုပုလင်းပြားကလေးကို ၎င်း၏ ခါးကြား၌ ညှပ်လိုက်လေ၏။

ကျွန်ုပ်တို့လည်း လူတွေ ဝိုင်းအုံနေသောဆီသို့ ကားလမ်းကို ဖြတ်ကူးလျက် အရောက်သွားကြလေ၏။ ရောက်လေသော် . . .

"ဟာ . . . "

မြင်လိုက်ရသော မြင်ကွင်းကား စိတ်မသက်သာဖွယ်။ လူတွေ ဝိုင်းအုံကြည့်ရှုနေသူကား ဘယ်သူတွေ ထင်ပါသနည်း။ ဟုတ်ကဲ့။ ကျွန်ုပ်တို့ စာပေသမားတွေအဖွဲ့။ ထိုအဖွဲ့ထဲမှ တစ်ယောက်သော ဆရာသမားသည် ပါးစပ်မှ အမြှုပ်တွေ တစီစီဖြစ်ကာ တက်လျက်ရှိ၏။ ထိုသူကား ဘူးသီးပုံ မောင်တေမိပင် ဖြစ်လေသည်။

"ဘယ်လို ဘယ်လို ဖြစ်တာလဲ"

"ဘိုးလိန်းတို့ ကြက်ဖခွပ်တာတို့တောင် မကစားရသေးပါဘူးဗျာ။ သရဲရထား စီးတာနဲ့တင် ဆရာသမားလန့်ပြီး တက်သွားတာ သတိလည်း မရဘူး"

"ဟာ . . . ဆေးရုံပို့မှ ဖြစ်မယ်"

"နီးနီးနားနားဆိုရင် ကလေးဆေးရုံနဲ့ အမျိုးသမီးဆေးရုံရှိတယ်"

"ဟာ . . . ခုဖြစ်တာ လူကြီးဗျ။ ယောက်ျားကြီး"

"ဒါဖြင့် ဘယ်လို လုပ်ကြမလဲ"

"လုပ်မနေနဲ့ ဟိုရှေ့နားမှာ ဆေးခန်းတစ်ခု ရှိတယ်။ အဲဒီ သွားပို့တာ အကောင်းဆုံး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် လုပ်ကြဗျာ။ ဆရာသမားက တက်ရုံတင် မကဘူး။ လုံချည်အောက်ပိုင်း တစ်ခုလုံး ရွှဲနေပြီ"

"ထွီ... ဒါဆို ဘယ်သူမှ သင်းကို ပွေ့ချင်၊ ထမ်းချင်မှာ မဟုတ်ဘူး။ ဒီတော့ တစ်ခုခုစီစဉ်ကွာ"

အားလုံး တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ချက် ပေးနေစဉ် ပလာယာသည် စိတ်ဓာတ်လုပစွာဖြင့် အကူအညီပေးပါတော့သည်။ ယင်းကား ငှက်ပျောနိုင်များတင်ဆောင်သည့် တွန်းလှည်းတစ်စီးကို သွားရောက် ယူငင်လာခြင်း ဖြစ်ချေ၏။

သို့ဖြင့် မောင်တေမိအား ကိုနံ့ကြီး(ငွေးသီးဗန်း)တို့ အုပ်စုဖြင့် ခေါင်းမ၊ ခြေထောက်မ မကာ တွန်းလှည်းပေါ် တင်ပြီးသည့်သမယ နတ်ပြည်လား၊ အဝီစိလားမသိ။ အာရုံလွင့်ပျံ့နေရှာသည့် မောင်တေမိမည်သော ငတိကြီးအား ဆေးခန်းရှိရာသို့ ကျွန်ုပ်တို့ စာနယ်ဇင်းသမားတစ်စုသည် ညီညာဖျဖျ ပို့ဆောင်ပေးလိုက်ကြရချေတော့၏။

ဆရာမကြီး မုတ္တမခင်၏ အသက်(၁၀၂)နှစ်မြောက် မွေးနေ့ပွဲကား တကယ့်ကို (ဟုတ်ကဲ့) တကယ့်ကို မှတ်မှတ်ရရ ဖြစ်သွားခဲ့ချေတော့သည် တမုံ့။

# နံ့ကြီးဆိုတာ

# တစ်ချိန်တုန်းက ခံသီးပါပဲ

'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဟု ဆိုရလေမည်လား။ သို့တည်းမဟုတ် 'သေချင်တဲ့ကျား တောပြောင်း'ဟု ဆိုရလေမည်လား။ ကျွန်ုပ်ရှေ့ဖြစ်ဟောသည့် ဗေဒင်ဆရာ မဟုတ်သဖြင့် ဘာတွေရှေ့ဆက် ဖြစ်လိမ့်မည်ဟု မခန့်မှန်းတတ်ပါချေ။ အကြောင်းမူကား ကျွန်ုပ်တို့ ဆရာ တပည့်တွေ ရုံးထိုင်ရာ (တစ်နည်းအားဖြင့်) ဟိုသင်းဟိုဝှာကျောက်ချရာ ဘူးသီးပုံဂျာနယ်တိုက်သည် ရေဝေးသို့ သွားရာလမ်း၌ ပြောင်းရွှေ့ ဖွင့်လှစ်ရခြင်းကြောင့်ပါပေ။

စာပေရပ်ကွက်ဖြစ်သော မြို့လယ်ကောင်မှ အဘယ့်ကြောင့် ရေဝေးသို့ သွားရာလမ်း၌ ဖွင့်လှစ်ရသနည်းဟု ကျွန်ုပ်၏ ထုတ်ဝေသူ 'အိစံကွားလား'အား စောဒက တက်ချင်ပါသော်ငြား အိစံကွားလား၏ မျက်မာန်တော် အရှကို ကျွန်ုပ် မခံယူဝံ့ပါချေ။ အိစံကွားလားတစ်ယောက် ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အတော်ကလေး အထိနာသွားသဖြင့် လက်ရှိအခန်းခထက် အဆများစွာ ဈေးသက်သာသည့် ရေဝေးလမ်းသို့ ပို့ဆောင်လိုက်လေရာ ကျွန်ုပ်တို့ ဆရာတပည့် အုပ်စုအတွက် 'ဤခရီး နီးနီးကလေး' သာ ဖြစ်ချေတော့သည် တမုံ့။

ကျွန်ုပ် မောင်တေမိကား မျက်စိစားပွဲထိုင်၍ ကောင်းပေထသော မြို့လယ်လမ်း၌ နေခဲ့ရသည့်ကာလကို လွမ်းတသသ ဖြစ်နေသလောက် ကျွန်ုပ်၏ တပည့်ကျော် ဆဋ္ဌဂံငါးစင်ရိုင်းကား အမြုံးကြီး မြုံးနေပေတော့၏။

"ဒီနေရာမှာ ဂျာနယ်တိုက် ဖွင့်လိုက်တော့ ဘယ်သူဘယ်ဝါမှ တခုတ်တရ လုပ်ပြီး စာမူလာပို့ကြမှာ မဟုတ်ဘူး။ ဒီတော့ အာစရိရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရယ်ပဲ ပေါက်တတ်ကရ ကလောင်တွေတပ်ပြီး စာမူတွေရေး၊ စာမူခတွေ ထုတ်စားကြတာပေါ့။ ဟုတ်ဘူးလား အာစရိရဲ့''

ဟုတ်တော့လည်း ဟုတ်သည်။ 'ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ'ဆိုသော စကားအရ ဘူးသီးပုံဂျာနယ်သည် ကျွန်ုပ်တို့ ဆရာတပည့်တွေ လုပ်ကိုင်စားသောက်ဖို့ရာ အလွန်မတန်ကောင်းသည့် ကွင်းစားကျက်ကြီးပင် ဖြစ်ပေတော့သည်တကား။

''ဗျို့.. အာစရိ''

ကြားလိုက်ရသည့် အသံကား ငှက်ဆိုးထိုးသံပင်။ ကျယ်ကျယ်လောင်လောင် ကြမ်းကြမ်းရှရှ။ တံကယ့်ကို အောက်ကလိအာ။ လား လား ထိုသူကား ကျော်ဟိန်းနှင့်ဇော်ခင်တို့၏ သူငယ်ချင်းဟု သူ့ကိုယ်သူ အမြဲတမ်းဂုဏ်တင်တတ်သည့် ကိုနံ့ကြီး(ငွေးသီးဗန်း)ပင် ဖြစ်ချေ၏။ ၎င်း၏အသွင်အပြင်ကား ခါတိုင်းနှင့်မတူ။ ပြောင်ပြောင်ရောင်ရောင် ရှိလိုက်ပါဘိ။

''ကဗျာဆရာ သာဂလိရဲ့ အသုဘကို လိုက်ပို့ရင်း လမ်းလည်း ကြုံကိစ္စလည်း ရှိတာမို့ ဝင်လာတာ အာစရိ''

''ဟေ.. သာဂလိ ဆုံးသွားပြီ ဟုတ်လား''

''ဩော်... အာစရိနှယ်၊ ကိုယ့်ဘူးသီးပုံဂျာနယ်ရဲ့ ကလောင်ရှင်တစ်ယောက် ဆုံးပါးသွားတာကိုတောင် မသိတော့ဘူးလား''

''အေးကွာ၊ ညှော်ခံပွဲတွေ လိုမ့်တက်နေရတာနဲ့ ကိုယ့်စာပေလောကသားတွေ ဘာတွေ ဖြစ်နေကြတယ်ဆိုတာတောင် မေ့သွားတယ်ကွာ။ ဟေ့... ငါးစင်ရိုင်း''

''ဗျာ.. အာစရိ''

''ဒီတစ်ပတ် ရိုးတင်မယ့် ဂျာနယ်မှာ တစ်ကော်လံစာ နေရာလွတ်ရှိသေးလား''

''ရှိသေးတယ် အာစရိ''

''ဒါဖြင့်ရင် ကဗျာဆရာ သာဂလိအတွက် ဝမ်းနည်းကြောင်းထည့်လိုက်ရအောင်''

''နေဦး အာစရိ၊ ကျွန်တော် ယောက်ျားအားတိုးဆေးကြော်ငြာ တစ်ခုတစ်ကော်လံစာ ရလာတယ်။ အဲဒါ ကြော်ငြာမထည့်ဘဲ သာဂလိ ဝမ်းနည်း





ကြောင်း ထည့်လိုက်ရမလား'

''ဟာ... ဒါဆို သာဂလိကိစ္စကို ခဏထားလိုက်ဦး။ သာဂလိ အတွက် ဝမ်းနည်းတာ ပိုက်ဆံတစ်ပြားမှ မရဘူး။ ယောက်ျားအားတိုးဆေး ကြော်ငြာထည့်ရင် အများအတွက်လည်း အကျိုးရှိမယ်။ ငါတို့လည်း ကော်မရှင်ရမယ်''

ကျွန်ုပ်ကား အတ္တနှင့်ပရ ယှဉ်လာလျှင် အတ္တကို ဦးစားပေးရမည်ဆိုသော ထုံးကို နှလုံးမူတတ်သူ ဖြစ်သည့်အတွက် သာဂလိကိစ္စကို ခေါက်ကာ ယောက်ျားအားတိုးဆေးဘက်သို့ ဦးစားပေးလိုက်လေ၏။ သည့် အတွက်ကြောင့် ကျွန်ုပ်၏ တပည့်တပန်းများသည် ဘယ်သို့မှ စောဒက တက်ကြလိမ့်မည် မဟုတ်ချေ။

''ဒါထက် မင်းအခု လာရင်းကိစ္စကိုလည်း ပြောစမ်းပါဦး ငွေးသီးဗန်း''

''ကိစ္စက ကျွန်တော် ခွင်တစ်ခွင် မိလာတယ်။ ရုပ်ရှင်ကုမ္ပဏီ တစ်ခုက သူတို့ ရိုက်ကူးပြီး ရုံတင်တော့မယ့် ရုပ်ရှင်ကားအတွက် ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ သတင်းတွေ ဝေဝေဆာဆာနဲ့ ပလူပျံအောင် ပါဖို့ စာနယ်ဇင်းပွဲလုပ်ပေးမယ်တဲ့။ အဲဒီတာဝန်ကို ဖြတ်သန်းမှု အင်မတန်ကြီးမားတဲ့ ကျွန်တော့်အပေါ် တာဝန်ပုံပေးလာတယ်''

''ဟာ... ဒါဆိုရင် ကိုနံ့ကြီးတော့ ထောပြီပေါ့''

''အဟီး... ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲပေါ့ ငါးစင်ရိုင်းရယ်''

''ဒါထက် ပွဲက ဘယ်အချိန် လုပ်မှာလဲ''

''ညနေပိုင်း အာစရိရဲ့။ စာနယ်ဇင်းသမား တော်တော်များများကလည်း ညနေပိုင်းလုပ်မှ တက်တက်ကြွကြွ ရှိကြတာကလား''

''ဒါဖြင့် တို့တစ်တွေအကြိုက် ကျွမ်းစိုက်ဖို့ သေချာပြီပေါ့''

''ပြောဖို့ လိုသေးလား အာစရိရယ်''

''မင်းက ပွဲစီစဉ်သူဆိုတော့ကာ ခါတိုင်း တို့များလုပ်သလို လူရွေးပြီး ဖိတ်မှာလား''

''ဟာ... ဒီတစ်ခါတော့ ခါတိုင်း လုပ်သလို လုပ်ဖို့ မဖြစ်ဘူး အာစရိ၊ ကုမ္ပဏီက နပ်တယ်။ စာနယ်ဇင်းအစုံကို ဖိတ်ရမတဲ့။ ဖိတ်တဲ့ အခါမှာလည်း အဖိတ်ခံရတဲ့ တိုက်က ဖိတ်စာရရှိကြောင်း လက်မှတ်ထိုးရမတဲ့။ အပေါ်ယံက



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်တော့ ကိုယ်မကြည့်တဲ့သူတွေကို သွားဖိတ်ရမှာ အောင့်သက်သက်ဖြစ်ရပေမဲ့ အဖိတ်ခံရတဲ့ လူတွေ အရေအတွက်အရ ညှော်ခံစရိတ် ကျွန်တော်က ရမှာ အာစရိ။ ဖိတ်တဲ့လူတိုင်းက လိုက်ချင်မှ လိုက်နိုင်မယ့်ဥစ္စာ။ ဒီတော့ ပွဲကို လိုက်နိုင်မယ့်လူတွေ လျော့လေ ကျွန်တော့်အတွက်ပိုပြီး တွက်သား ကိုက်လေပေါ့''

''ဟော့... တို့ဆရာတပည့်တွေ အားလုံးကတော့ မဖြစ်ဖြစ်တဲ့ နည်းနဲ့ လိုက်ကြမှာနော်''

''စိတ်ချပါ အာစရိရယ်။ အာစရိကို ဦးထိပ်ထားပြီး ကျွန်တော်နဲ့ ပုလင်းတူ ဘူးဆို့တွေဖြစ်တဲ့ ပန်းခွေလှိုင်တို့၊ ဆဋ္ဌဂံငါးစင်ရှိန်းတို့၊ မည်း ပြောင်မြေခွေးတို့ကို မပါပါအောင် ဖိတ်မှာပါ။ အကြိုအပို့တောင် လုပ်ပေး လိုက်ဦးပါဦးမယ်''

ကိုနံ့ကြီး (ကွေးသီးဗန်း)ကား ကျွန်ုပ်အတွက်မူ ဆရာကောင်း တပည့် ပန်းကောင်းပန်တတ်သူ ဖြစ်ချေ၏။ အစားကောင်း အသောက်ကောင်းလေး များကို တွေ့လျှင် ကျွန်ုပ်နှင့်တကွ သူ့အဖော်အပေါင်းတို့အား သတိရတတ်သူ ဖြစ်လေရာ လောကနီတိအရ ပေါင်းအပ်သင်းအပ်သော လူတစ်ဦးပင်ဖြစ်တော့၏။

''ဟော့ ... ဒါထက် မဖြစ်ညစ်ကျယ် ဂျာနယ်က တောသားတို့ ဆရာတပည့်ကိုကော ဖိတ်ဦးမှာလား''

''ဖိတ်ရမယ် အာစရိ။ ဖိတ်ကို ဖိတ်ရမယ်။ ဒီငတိနှစ်ယောက် ကျွန်တော်တို့ အုပ်စုကို လန့်ပြီး မလာခဲ့ရင် သူတို့ နှစ်ယောက်စာ ကျွန်တော့် အိတ်ထဲ ရောက်လာမှာ မဟုတ်လား အာစရိရဲ့''

''အေး.. ဒါလည်းဟုတ်တာပဲ။ ဖိတ်သာဖိတ်.. ဖိတ်သာ ဖိတ်''

သည်လိုနှင့် ရောက်တတ်ရာရာ အလာပသလ္လာပ၊ ဟိုချွန်သည် တွန်း၊ ဟိုအပုပ်ချ၊ သည်အပုပ်ချ စကားများကို အာပေါင်းအာရင်းသန်စွာ ပြောဆိုကြပြီး သည်နှင့် ကိုနံ့ကြီး(ငွေးသီးဗန်း)လည်း တစ်လက်လျှင် နှစ်ရာကျပ် ပေးရသည့် မျက်မှန်ကိုတပ်ကာ ဖိုင်စုတ်ကြီးကို ချိုင်းကြားညှပ်လျက် ကျွန်ုပ်တို့၏ ဘူးသီးပုံ ဂျာနယ်မှ ထွက်သွားလေတော့၏။

a a a





ဝသန္တဥတုမို့လား မသိ။

အဲသည်နေ့က တိမ်တောင် တိမ်လိပ်တို့သည် မှိုင်းရိပ်ကယ်တည့် ညိုမှောင်ရီကာ အနောက်တောင်လေနှင့် ပေါင်းဖက်မွေ့လျော်ရင်း တဝုန်း ဝုန်းတဒိုင်းဒိုင်းနှင့် မိုးသီးမိုးပေါက်တွေ ကြဲချသွန်းဖြိုးလေတော့၏။

ရာသီဥတုကား ဘောလုံးသမားတို့အကြိုက် ဖြစ်ချေ၏။ ထို့အတူ ကျွန်ုပ်နှင့်တကွသော ပုလင်းတူ ဘူးဆို့တွေလည်း အကြိုက်ပင်။ ညနေ စောင်း မိုးအေးအေးနှင့် စာနယ်ဇင်း ထရိုင်ရှိုးကို ကြည့်ရင်း ရပ်ရှင်ပြီး သည်နှင့် ခန်းမန်ဘေး၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်သို့ဝင်ကာ တစ်ဝတစ်ပြဲ ဟဲရကဲရမည့် ကိစ္စသည် အဘယ်မှာလျှင် ငြိမ့်စရာ မကောင်း ဘဲ နေနိုင်မှာတဲ့နည်း။ စုရပ်အဖြစ် လေအန်ကုန်း၌ သတ်မှတ်ထားရာ ကျွန်ုပ်တို့ ဆရာတပည့်မှာလည်း ဗိရိယကောင်းလှစွာနှင့် ရေဝေးသွား လမ်းပေါ်တွင် ဖွင့်လှစ်ထားသော ဘူးသီးပုံဂျာနယ်တိုက်ကို စောစီးစွာ ပိတ်လျက် အသုဘပို့အပြန် ကားကြုံတစ်စီးပေါ် တက်စီးကာ မြို့ထဲသို့ ထွက်လာခဲ့ချေ၏။

လေအန်ကုန်းတွင်ကား လူစုံတက်စုံ။

သည်လူစုံတက်စုံထဲ၌ မဖြစ်ညစ်ကျယ် ဂျာနယ်မှ အယ်ဒီတာချုပ် ကိုရွှေတောသားနှင့် ၎င်း၏တပည့်ကျော် တာဝန်ခံအယ်ဒီတာ ပလာယာတို့ ကို တွေ့လိုက်ရလေရာ မဂ်လာတစ်ပါး မမည်တော့ဟု ကောက်ချက်ချ ရမလို ဖြစ်သွားရတော့၏။ ပွဲသို့ လူစုံတက်ပါက ကိုနံ့ကြီး(ငွေးသီးဗန်း) အဖို့ တွက်ချေသိပ်ကိုက်လိမ့်မည် မထင်။

''ကိုယ့်အာစရိအရင်းမို့ ပြောရဦးမယ်၊ ကာ့ပွဲကို ညှော်ခံစရိတ် အတွက်



www.burmeseclassic.com

www.burmeseclassic.com

စာရင်းတင်တော့ ဂရင်းဝိစကီရွှေပတ် တိုက်ရမယ်ဆိုပြီး စာရင်း တင်ထားတာ အာစရိရဲ့။ ဒါပေမဲ့ ကိုနံ့ကြီးပဲ အာစရိရယ်။ မနပ်ဘဲ ဘယ်ရှိ ပါ့မလဲ... ဟဲ ဟဲ။

ဂရင်းဝိစကီရွှေပတ်အစား ဈေးအင်မတန် ပေါတဲ့ အိုးဘရန်ဒီတွေ ဝင်းသူဇာက ဝယ်ထားတယ်။ အဲဒါပဲ မော့ကြပေါ့။ ဟုတ်ဘူးလား။ အမြည်း ကတော့ အာလူးကြော်လောက်၊ ကန်စွန်းပလိန်းလောက်ဆို အိုကေပါပြီ ဟီးဟီး''

''ပိုင်ပါပေ့ ငွေးသီးဗန်းရယ်''

သို့စဉ်ကြိုက် ကျွန်ုပ်တို့ စာနယ်ဇင်းသမားများကို သယ်ယူပို့ဆောင် ပေးမည့် ဒိုင်နာကားကြီးသည် ဖွတ်ချက် ဖွတ်ချက်ဖြင့် အိတ်ဇောပိုက်မှ မီးခိုးညှော်များ မှုတ်ထုတ်ကာ လေအန်ကုန်းရှေ့သို့ ရောက်ရှိလာတော့၏။

''ကဲ... ကားရောက်ပါပြီ ခင်ဗျာ။ ဆရာသမားတို့ ကားပေါ်ကြွ ကြပါ''

ကိုနံ့ကြီး (ငွေးသီးဗန်း)ကား သူကိုယ်တိုင် ဦးဆောင်စီစဉ်ရသော ပွဲဖြစ်သဖြင့် အားလုံးကို ရိုကျိုးသော မျက်နှာဖြင့် အချိုဆုံးစကားသံစဉ်တို့ကို သုံးကာ မကန်တဆ ဈေးဆစ်လာသော ကားပေါ်သို့ စာနယ်ဇင်းသမားတို့အား ထိုးတင်နေလေတော့၏။ ကား၏ အနေအထားကား တကယ့်ကို ရှုနာရှိုက်ကုန်း။ အမိုးတို့မှာ အပေါက်အပေါက်တွေ ဖြစ်နေသဖြင့် မိုးရေတို့ တပေါက်ပေါက် ကျနေချေ၏။ ဖင်ထိုင်ခုံ သစ်သားတန်း တို့မှာလည်း ဆွေးတမြည့်မြည့်။ ထိုအချိန်ဝယ် ကိုရွှေတောသားနှင့် သူ့တပည့်ကျော် ပလာယာတို့မှာ တန်ရာတန်ရာကို နားမလည်ဘဲ ဇွေ့ခနဲ ဆိုသလို ကားရှေ့ခန်းရှိ ဒရိုင်ဘာ နံဘေးသို့ ဝင်ထိုင်လိုက်ကြချေရာ အိုင်တင်ကြီး တစ်ခွဲသားဖြင့် ဟန်ကျပန်ကျ ရှိုးထုတ်လျက် ရှေ့ခေါင်းခန်းတွင် ထိုင်ရန်ကြံနေသည့် ကျွန်ုပ် မောင်တေမိအဖို့ မျောက်သစ်ကိုင်းလွတ် ဖြစ်ရလေတော့၏။

သို့သော်လည်း သဘောထားပြည့်ဝသော ပုဂ္ဂိုလ်ကြီးအသွင်ဖြင့် အမျက်တို့ကို အပြင်သို့ မထွက်စေခဲ့။ ထို့ကြောင့်လည်း ရသည့်နေရာ ဝင်ထိုင်လိုက်ရာ သံချွန်အစကလေး တစ်စသည် ကျွန်ုပ် ထိုင်သည့်ခုံ၏ နံဘေးတွင် ပြူတစ်ပြူတစ် လုပ်လျက် ကျွန်ုပ် ပိုးတွဲလုံချည်ပုဆိုးအား ဗျိ ခနဲ ဆိုသလို ထိုးခွဲလိုက်လေ၏။ သည်အနေအထားကို ပတ်ဝန်းကျင်မှ သူကောင့်





သားများ မသိစေရန် ဘာမှမဖြစ်သလို ကျွန်ုပ်နေလိုက်ပါချေ၏။ ကားခေါင်း ရှေ့ခန်းတွင်ကား ကျွန်ုပ်၏ ချဉ်ဖတ်တော် ကိုရွှေတောသားနှင့် ပလာယာတို့သည် တစ်ဦးနှင့်တစ်ဦး ရယ်ရယ်မောမောဖြင့် ဘာတွေပြောနေကြ ဆိုနေကြသည်ကို မသိတတ်ပြီ။ ခန့်မှန်း၍ရသည်ကား ၎င်းတို့ ဆရာတပည့်နှစ်ယောက်သည် ထရိုင်ရှိုးအပြီး၌ အန်ဖတ်ဆို့မျှ သောက်ကြ စားကြရန် တိုင်ပင်နေသည်ပဲ ဖြစ်ချိမ့်မည်။

ကျွန်ုပ်နံဘေး၌ ကားလက်တန်းကို ကိုင်ရင်း ဣန္ဒြေသမ္ပတ္တိ ကင်း မဲ့စွာ ထိုင်နေကြသော မည်းပြောင်မြေခွေး၊ ပန်းခွေလှိုင်၊ ဆဋ္ဌဂံငါးစင်ရိုင်း တို့သည် ဇော်ပိုင်၏ သီချင်းတစ်ပုဒ်ကို အောက်ကလိအာ အသံဖြင့် သီဆိုလျက် လိုက်ပါလာကြကုန်၏။ ပွဲစီစဉ်သူ ကိုနံ့ကြီး(ငွေးသီးဗန်း)မှာမူ ယခုလို အလုပ်ပစ် အကိုင်ပစ်ကာ လိုက်ပါအားပေးတော်မူကြသည့် စာနယ်ဇင်းဆရာအပေါင်း အဆင်ပြေစေရေး၊ လုံခြုံချောမွေ့စေရေးအတွက် ဒိုင်နာကားအို ကားစုတ်ကြီး၏ အောက်ခြေနင်းတွင် ထိုင်ကာ...

''ဆိုက်ကား ကျော်မယ် ဆရာရေ''

''ရှေ့မှာ လှည့်ကင်း လှည့်ကင်း''

''ဝိုက်ထား... ဝိုက်ထား''

''လမ်းတောင်းထားဆရာ လမ်းတောင်းထား''

စသဖြင့် သူ၏ မှုရင်းဇာတိ သရုပ်မှန်ကို ဖော်ထုတ်မှန်းမသိ ဖော်ထုတ် နေလေတော့၏။

သိပ်မကြာပါချေ။ မူးကြမည့် ရူးကြမည့် ထိုအမူး ထိုအရူးတို့ကို တံတားခင်းကာ အမြတ်ရအောင် ကြံဖန်မည့် ကျွန်ုပ်တို့ အဖွဲ့အား တင်ဆောင် လာသော ကားအို၊ ကားဆွေး၊ ကားလူမမာ၊ ကားဂိလာန၊ ကားမသာသည် ထရိုင်ရှိုးပြသမည့် ခန်းမရှိရာ ခြံဝင်းအတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် အမောဖောက်ကာ ခြေပစ်လက်ပစ် ထိုးရပ်လိုက်လေတော့၏။ ကားရပ်သော် စာနယ်ဇင်းသမားတို့သည် ကားပေါ်မှ ဆင်းလိုက်ကြလေ၏။ ကားနောက်ခန်း၌ ဘယ်လူးညာလိမ့်ဖြင့် ကားဆောင့်သည့်ဒဏ်၊ မိုးယိုသည့်ဒဏ်ကို ခံစားလျက် လိုက်ပါစီးနင်းခဲ့ရရှာသော ကျွန်ုပ်တို့မှာ အလွန်ပင် ဣန္ဒြေမဲ့လှသော်လည်း ကားရှေ့ခန်းရှိ ဆရာတပည့်ကား ကြွကြွရွရွ လှတပတ။


www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာတော့ ကျွန်ုပ်၏ အဖြစ်သည် အရုပ်ဆိုးလွန်းလှပါချေ၏။ ကားပေါ်မှ ဆင်းလျှင် ဆင်းချင်း ဘယ်သူ ဘယ်ဝါမှ မရိပ်မိရလေအောင် လုံချည်အပြံကို လှည့်ဝတ်ရလေတော့၏။ ထိုသို့ လုံချည်ပြံမှုကြောင့် အိမ်ရောက်သော် ဖနီးသည် ဒေစီဘုတ်ဆုံ၏ သံသယဝင်ခြင်း၊ ဆာဆဖိုက်ဖြစ်ခြင်းတို့ကို တစ်လှေကြီး တွေ့ကြုံရဦးမည် ဖြစ်၏။ သည်ကိစ္စ၌ အဓိကတရားခံသည် ကိုနှံကြီး(ငွေသီးဗန်း)ပင် ဖြစ်၏။

"စိတ်မရှိပါနဲ့ အာစရိရယ်။ မှန်လုံတို့ မီနီဘတ်စ်တို့ ငှားလိုက်ရင် တပည့်အတွက် ဘာမှကျန်မှာ မဟုတ်ဘူး။ ဒီတော့ အာစရိရဲ့ တပည့်ပီပီ မည်သူမဆို ကိုယ့်ဝက်ခြံ ကိုယ်ညှစ်၊ ကိုယ့်လက်ကျန် ကိုယ်ကစ်နိုင်အောင် ဖန်တီးရတာပါ အာစရိရယ်။ ဆောရီးနော်... အာစရိ။ ဆောရီး... ဆောရီး ရီး... ရီး... ရီး... "

အရေးထဲ ငတိက အသံကို အက်ကိုး ရိုက်နေချေသေးတော့၏။ ထွတ်... ဆရာကောင်းတပည့် ပန်းကောင်းပန်ပုံမျိုးက ဩချရပါကလား။

ပတ်ဝန်းကျင်မှာတော့ တစ်မိုးလုံး မှောင်ရီဝေရုံမက လေပြင်းမုန်တိုင်းတွေက တဝူးဝူးတဝေါဝေါ။ ထရိုင်ရှိုးပြမည့် ခြံကြီးအတွင်းရှိ သစ်ပင်ကြီးငယ်တို့မှာလည်း တယိမ်းယိမ်း တယိုင်ယိုင်။ လေပြင်းနှင့်အတူ မိုးစက်မိုးပေါက်တို့ကပါ အကြားမလပ် တရစပ် သဲမဲလေတော့ ကျွန်ုပ်တို့ စာနယ်ဇင်းအဖွဲ့လည်း မိုးလွတ်ကင်းရာ ဂန်းမကြီးအတွင်းသို့ ဝင်ရောက် နားခိုကြရလေတော့သည်။

ခန်းမကြီးကား မှောင်နှင့် မည်းမည်း။ အို... ဘယ်လိုများ ဖြစ်ရတာတဲ့တုံး။ ရုပ်ရှင်ကုမ္ပဏီမှ ပုဂ္ဂိုလ်တွေ၏ မျက်နှာတွေကလည်း မကောင်း။ ကိုနှံကြီး(ငွေသီးဗန်း)ကား သူ့ရိပ်ကွက်အဖြစ် ငှားရမ်းလာသော ကားဂီလာနထံ ထွက်သွားလေ၏။ ကေန္တ စာနယ်ဇင်းဆရာတို့ကို တိုက်ဖို့ အိုးဘရန်ဒီတွေ သွားသယ်နေသည်လား မသိ။

"ပြဿနာပဲဗျာ။ သည်ကနေ့ကျကာမှ မိုးနဲ့လေနဲ့ လာဖြစ်ရတယ်လို့ ဒီခန်းမကို ပေးထားတဲ့ မီးလိုင်း အဲဒီလိုင်းပေါ်ကို သစ်ပင်တစ်ပင် လဲကျလို့ ဓာတ်အား ပြတ်တောက်သွားတယ်၊ အဲဒါ ဆရာတို့ စောင့်နိုင်ရင် စောင့်ကြပါဦး"

ရုပ်ရှင်ကုမ္ပဏီမှ လူများ လာရောက် လေချိုသွေး၏။ ဘယ်တတ်





နိုင်မလဲလေ။ ကိုယ်ဖန်တီးသည့် ကိစ္စမှ မဟုတ်တာ။ သဘာဝဘေး အန္တရာယ်ဆိုတာ အချိန်အခါမရွေး ကျရောက်တတ်သည် မဟုတ်ပါလား။ သည်တော့လည်း မိမိတို့ စာနယ်ဇင်းသမားတို့မှာ ဟိုနေရာရပ်လိုက်၊ သည်နေရာ ရပ်လိုက်နှင့် 'ကိုရွှေမီးရေ လာပါတော့၊ ကျုပ်တို့ တမော့မော့' ဖြစ်နေကြလေ၏။

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်၊ နှစ်ဆယ့်ငါးမိနစ်၊ မိနစ်သုံးဆယ်၊ အဲ... နာရီဝက်။ သည်အထိ လျှပ်စစ်မီးက အဆင်မပြေတော့ စာနယ်ဇင်းဆရာတွေထဲ၌ ဖြတ်သန်းမှု ဆံပင်သာမက ချိုင်းမွေးတွေ၊ ခြေသလုံးမွေးတွေ၊ နာသယ်မွေးတွေပါ ဖြူနေပြီဖြစ်သည့် ဆောင်းပါးရှင် ပြောင်သိမ်း(အမှိုက်ကော်)က တစ်စခန်း ထလာတော့၏။

"စာနယ်ဇင်းသမားတွေက ပြည်သူရဲ့ မျက်စိနဲ့ နားကို မျက်ချေးထုတ်၊ နားဖားချေးကော်.. အဲ.. အဲ.. ဖွင့်ပေးနေတဲ့ ကလောင်ရှင်တွေကွ။ ဒီလိုပဲ မိုးတိုးမတ်တတ် လုပ်နေရမှာလား။ ဒီဝင်းထဲမှာရှိတဲ့ စားသောက်ဆိုင်မှာ နေရာချပြီး မီးလာတဲ့အထိ ညှိခံပေါ့ကွာ။ ခုတော့.. တောက်"

လူကောင် သေးသလောက် ကလောင်စွမ်း ထက်မြက်သည့် ပြောင်သိမ်း(အမှိုက်ကော်)၏ ကြုံးဝါးသံက ကိုနှံကြီး(ငွေသီးဗန်း)အား ဖြူသွားစေခဲ့၏။ ထို့ကြောင့်လည်း...

"ဟား.. စိတ်မရှိပါနဲ့ ကိုပြောင်သိမ်းရယ်။ ကျွန်တော် အားလုံး စီစဉ်ပြီးပါပြီ။ အချင်းချင်းတွေပဲဗျာ။ ပြေလည်ရမှာပေါ့။ ဟုတ်ဘူးလားလို့ လို့ လို့ ... လို့"

ဟူ၍ နသားပါရ လုပ်လိုက်ရာ...

"ဟော့ကောင် နှံကြီး၊ ငါ သွေးကြောလေကြော ပွင့်အောင် အပြတ်နွှာမှာနော်" ဟူသည့် စကားသံ ထွက်လာရင်း ဆရာပြောင်သိမ်း ငြိမ်ကျသွားလေတော့၏။ ကျွန်ုပ်မှာ ၎င်းတို့ပြောနေဆိုနေကြသည်ကို အာရုံနှစ်ထားမိသဖြင့် သတိတစ်ခု လွတ်သွားလေတော့၏။ ယင်းမှာ အခြားမဟုတ်။ ကိုရွှေတောသားနှင့် ပလာယာတို့ နှစ်ဦးပင်ဖြစ်သတည်း။

"မတွေ့တော့ဘူး အာစရိ။ ဒိငနဲ့နှစ်ကောင် မီးမလာဘူးလို့ ကြားတာနဲ့ ပြန်လစ်သွားကြပြီ ထင်တယ်"

"ဟုတ်မယ်။ လစ်ခနဲဆို ပျောက်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"လစ်သွားလည်း အေးတာပဲကွာ။ တို့ ကိုနုံကြီး ပိုပြီး အိုကေတာ့ပေါ့ ဟုတ်ဘူးလား... ဟဲ.. ဟဲ.. ဟဲ"

မည်းပြောင်မြေခွေးတို့လည်း စကားတင်းများကို ဆိုပြီးကြသည်နှင့် ဤခြံဝင်းကြီးအတွင်း၌ပင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်သို့ ချီတက်ခဲ့ကြလေတော့၏။

ကိုနုံကြီးကား ကျွန်ုပ်၏ တပည့်ပီသစွာပင် ရိတ်သိမ်းခွင်များ၌ အကွက်စေ့လှချေ၏။ ဆိုင်ရှင်ကို ညှိထားသည်မှိုလားမသိ။ အားလုံး ဘာဆို ဘာမျှ စောဒက မတက်နိုင်အောင် ဆိုင်ကချထားပေးသည့် ပုံစံဖြင့် စားပွဲတိုင်း၌ အိုးလိတ်ရန်ဒီ ချထားပေး၏။ အမြည်းတွေကား ကန့်စွန်းပလိန်း၊ အာလူးကြော်သည်မျှလောက်သာ။

သည်တော့လည်း ကျွန်ုပ်တို့မှာ ကိုယ့်လူ၏ မျက်နှာကို ထောက်ထားလျက် ကိုနုံကြီး ဒါနမြောက်အောင် အိတ်ဖောင်းအောင် လာချပေး သော အရည်ကိုသောက်ကာ အဖတ်များကို ဝါးကြလေတော့၏။ အရည်ကလေး ဝင်လာပြီဆိုတော့ စကားသံတွေက ဟိုဝိုင်း သည်ဝိုင်းတွေဆီမှ စီခနဲ ညံခနဲ ထွက်ပေါ်လာလေသည်။ သည်အထဲ၌ စီစဉ်သူ ကိုနုံကြီး(ငွေးသီးဗန်း)၏ အသံက အကျယ်ဆုံး။

"ကျွန်တော့်ဘက်က လိုအပ်ချက်၊ လစ်ဟင်းချက်တွေရှိရင် ခွင့်လွှတ်ကြပါနော်။ လျှပ်စစ်မီးက ဆရာတို့ မြင်တဲ့အတိုင်းပဲ ခုထိ မလာသေး ဘူး။ မီးလာလည်း ပွဲချိန်အဆုံးဆိုရင် ညဉ့်နက်သွားလိမ့်မယ်။ ဒီတော့ စိတ်အေးအေးသာ သောက်စားပြီး ပြန်ကြတာပေါ့။ နောက်တစ်ပတ် ထရိုင် ရှိုးအတွက် ကျွန်တော် ပြန်ပြီး စီစဉ်ပေးပါဦးမယ်။

ကဲ... ဆရာတို့ ကျေနပ်ကြတယ် မဟုတ်လား။ ဖြစ်ချင်တာ ရှိလည်း အားမနာစတမ်း ပြောကြပါ။ ကျွန်တော့် သူငယ်ချင်းတွေ ဖြစ်ကြ တဲ့ ကျော်ဟိန်း၊ ဇော်ခင်တို့နဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ ဖြတ်သန်းမှု အစဉ်အလာအရ တတ်နိုင်တာ ဆောင်ရွက်ပေးပါ့မယ်။ ဟုတ်လား... လား... လား"

ကိုနုံကြီးလည်း အတော်လေးပင် ရွှဲနေပြီနေပေပြီ။ သူတင်လား ဆိုတော့ မဟုတ်။ မည်းပြောင်မြေခွေး၊ ပန်းခွေလှိုင်၊ ဆဋ္ဌဂံ ငါးစင်ရိုင်းတို့ မှာလည်း ပတ်ချာလည်လျက် ရှိ၏။ ဆရာပြောင်သိမ်း(အမှိုက်ကော်)ကား





သွေးကြောလေကြောတွေ ပွင့်သွားပြီ ဖြစ်၍ စားပွဲပေါ်ရှိ စီးကရက်ဘူးအား အိတ်ထဲထည့်ရန် ချောင်းနေ၏။ ဘာရမှာတဲ့တုံး။ သူ အစီအစဉ်ရေး ဆွဲနေစဉ်မှာပင် ဖျတ်ခနဲ ကျွန်ုပ်၏လက်က စီးကရက်ဘူးပေါ် ရောက်သွားခဲ့ ပါချေ၏။ ဒါသည်ပင် 'ကိုယ့်လက်ကျန် ကိုယ်ကစ်ခြင်း'ပင် မဟုတ်တုံလော။

"ဟော... ဟော... အာစရိ.. အာစရိ.. ဟိုမှာ... ဟိုမှာ"

"ဟာ... ဘာတုံးကွ ငါးစင်ရိုင်း"

"ဒီဆိုင်ရဲ့ အထူးခန်းကနေ လစ်သွားတာ တောသားနဲ့ သူ့တပည့် ပလာယာ"

"ဟာ... ဟုတ်ရဲ့လား သေချာရဲ့လားကွာ"

"ဟုတ်တယ် အာစရိ။ ဒီနှစ်ကောင် ဘယ်အချိန်ကတည်းက အထူးခန်းထဲ ဝင်ပြီး မြိုနေသလဲ မသိဘူး။ တော်တော်လည်း လျင်တဲ့ ငတိတွေ"

သည်အခိုက် ကိုနုံကြီး(ငွေးသီးဗန်း)သည် ရှုံးရှုံးရှဲရှဲဖြင့် ကျွန်ုပ်တို့ ဝိုင်းသို့ ရောက်လာလေ၏။

"တောက်... အပွဲပွဲ နွှဲလာသမျှ ဒီပွဲကျမှ အနှပ်ခံလိုက်ရပြီ အာစရိ"

"ဟေ.. မင်းကို နှပ်သွားတယ် ဟုတ်စ။ တေဇောဘမ်းနဲ့လား။ ထမင်းရည်နဲ့လား"

"ဟာ... အဲဒါ မဟုတ်ဘူး အာစရိရဲ့၊ မဟုတ်ဘူး။ စောစောက အထူးရှယ်ခန်းထဲကနေ ကိုရွှေတောသားနဲ့ ပလာယာတို့ ထွက်သွားကြတယ်။ အဲဒါ ကျွန်တော့်ဘောနဲ့ တွယ်သွားတာ အာစရိ"

"ဟယ်... ဟုတ်လား။ ဘာတွေ တွယ်သွားလို့လဲ"

"မြန်မာဘီယာချည်း ဆယ့်နှစ်လုံး"

"သောက်ချက် ပြင်းလှချည်လား"

"ကြက်သားလုံးကြော် တစ်ပွဲ"

"ဟယ်... "

"ဝက်နံကင် တစ်ပွဲ"

"ပြည်ကြီးငါးသုပ်နဲ့ ဆေးဘဲဥသုပ် တစ်ပွဲစီ"

"အို... "

"ချိုစ်က လေးပြား"


www.burmeseclassic.com

 www.burmeseclassic.com

"အင်..."

"ငါးမန်တောင် ဟင်းချို တစ်ပွဲ"

"အဲ..."

"နိုင်ငံခြားစီးကရက် တစ်ဘူး"

"ဟူး"

"တောက်... မိုက်ရိုင်းလိုက်တာဗျာ။ ဘီအီးဒီစီတောင် နပ် မမှန်တဲ့ ငတိတွေက ဒီမှာ ဘီယာကစ်သွားတာ။ လက်ဖက်သုပ်ကလေး တောင် မပြည့်နိုင်တဲ့ ငတိတွေက ဒီမှာ ကြက်သားလုံးကြော်တို့၊ မေန်းတောင်တို့ အုပ်သွားတာ။ ဆေးပေါ့လိပ်တောင် မခဲနိုင်တဲ့ ငတိတွေက ဒီမှာ နိုင်ငံခြား စီးကရက်တဲ့။ တောက်... သိကြသေးတာပေါ့ကွာ"

ကိုနံ့ကြီး ဒေါသူပုန် ထချေပြီ။ ထမည်ဆိုလည်း ထလောက်ပါ ချေ၏။ ၎င်းကြိုတင်စီမံထားသော အကွက်တွေက ကိုရွှေတောသားတို့ ဆရာ တပည့်ကြောင့် ပျက်ပြယ်သွားခဲ့လေပြီပဲ။ သူ ဒေါသူပုန်ထပုံက ကြောက်စရာ။ ကုလားထိုင်ပေါ် မတ်တတ်ရပ်ကာ လက်ခမောင်းကို တဖြောင်းဖြောင်း မြည်အောင် ခတ်ရင်း...

"ဟော့... ကျုပ်နာမည် ကိုနံ့ကြီး(ငွေးသီးဗန်း)ကွ။ ကြိုက်သလို စမ်းနိုင်တယ်။ ဖြတ်သန်းမှုချင်း ယှဉ်ရဲတယ်။ အခုကတည်းက မကျေနပ်ရင် ပြောင်သာပြော။ ပြောင်သာရှင်း။ ကိုရွှေတောသားတို့လို လူလည်ကျ မသွားနဲ့။ ကျုပ် အားလုံးကို ယှဉ်ရဲတယ်။ ကျုပ်ကို နှယ်နှယ်ရရတော့ မထင်နဲ့။

ကျုပ်ဟာ ကျော်ဟိန်း၊ ဖော်ခင်တို့ရဲ့ သူငယ်ချင်း... ချင်း.. ချင်း ချင်း..."



# မဟာရာဇာမိုးသွေးတစ်ခဲ
# ရဲ့
# သမိုင်းအာရ

ကျွန်ုပ်၏ 'အမည်သညာ၊ ခေါ်စရာကား၊ ချောင်းကိုမဖောက်၊ မြောင်းကိုဖောက်သည့်၊ ပေါက်တူးအလား၊ 'စွပ်ပရား'ပင် ဖြစ်လေသတည်း။

'စွပ်ပရား'ဟူသည့် အမည်နာမ ရှိပေထခြင်းကြောင့် ကျွန်ုပ်သည် စိန့်တိုင်းရှိ ဂန္ဓာလရာဇ်ပြည်ကြီးမှ ပေါက်ဖွားလာသူ မဟုတ်ကြောင်း ရိပ်စားမိကြပေလိမ့်မည်။ ကျွန်ုပ်သည် 'အိစံကွားလား စော်ကွားလား' မဟုတ်။ ကွာစေ့မကြိုက်။ ဝက်သားတုတ်ထိုး မကြိုက်။

စင်စစ်မူ ကျွန်ုပ်သည် မဆလာနံ့သင်းသော တိုင်းပြည်မှ အဆင့်ဆင့် ဖြစ်ပေါ်လာသော မျိုးနွယ်စု တစ်စုတွင် ပါဝင်သူဖြစ်၏။ ကျွန်ုပ်၏ ဘိုးဘေးတို့သည် မြန်မာပြည်၌ လူတွင်ကျယ် ဖြစ်ခဲ့သော ချစ်တီးများ ဖြစ်ခဲ့ကြ၏။ မြန်မာပြည်တွင်းရှိ စီးပွားရေးလုပ်ငန်း တော်တော်များများကို ကျွန်ုပ်တို့ မျိုးနွယ်စုစည် ခေတ်အဆက်ဆက် ချုပ်ကိုင်နိုင်ခဲ့ကြ၏။

ကျွန်ုပ်၏ ဖခင်မှာ 'မူတူးဆာမိ'ဖြစ်၏။ မိခင်မှာ 'လချမီး' ဖြစ်လေ၏။ ဖခင်ကား စီးပွားရေးလုပ်ငန်းများစွာ တည်ထောင်ထားသူ ဖြစ်သလို မိန်းမများစွာကိုလည်း ငွေကြေးအင်အား များစွာနှင့် ရယူထားသူ ဖြစ်၏။ မိခင် 'လချမီး'မှာ ဖခင် 'မူတူးဆာမိ'၏ မယားကြီး ဖြစ်လေရာ ဖခင်၏ မျိုးဆက်များစွာ ရှိကြလေသည့်အနက် ကျွန်ုပ်တို့မှာ မျက်နှာငယ်ရခြင်း မရှိခဲ့ချေ။

သို့သော် ကျွန်ုပ်၏ ဖခင်သည် စီးပွားရေး လာဘ်လာဘသဘော ကို ထုံးလိုချေ၊ ရေလိုနှောက်၍ သားသမီးအပေါင်း၏ စိတ်ဓာတ်ကို နား



www.burmeseclassic.com

www.burmeseclassic.com

လည်နေရကား ကျွန်ုပ် ကျောင်းစာကို ကျင်လည်စွာ ရေးတတ်ဖတ်တတ် ပြီဆိုလျှင်ပင် ရှေ့ဆက်မထားတော့ဘဲ ကျောင်းထွက်စေခဲ့၏။ ပြီးလျှင် သူနှင့် ပတ်သက်သော လုပ်ငန်းခွင်၌ မဟုတ်ဘဲ သူမိတ်ဆွေ ''မရမ်းသီး'' ဟု အမည်နာမ ရသည့် စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးထံသို့ ပို့လိုက် လေရာ ကျွန်ုပ်လည်း ဦးမရမ်းသီးကြီး နိုင်းသမျှ စေသမျှကို နာလိုခံခက် စွာဖြင့် လုပ်ကိုင်ရတော့သည်။

ကနဦး၌ ကျွန်ုပ်သည် ဖခင်ဖြစ်သူ မူတူးဆာမိ အပေါ်၌ လွန်စွာမှ စိတ်ဆိုး၏။ ဘယ့်နှယ် ကိုယ့်မှာ လုပ်ငန်းတွေ သည်လောက် အမြောက် အမြား ရှိနေတဲ့ဥစ္စာ၊ ကိုယ့်လုပ်ငန်းခွင် ကိုယ့်မျက်စိအောက်မှာ ကိုယ့်သား သမီး ဖြစ်သူကို သက်သောင့်သက်သာ အလုပ်တွေ မခိုင်းဘဲ ကိုယ်နဲ့ ဆွေမတော် မျိုးမစပ် မညာမတာ ခိုင်းမယ့်သူဆီ ဝကွက်ထိုးအပ်လိုက်တာ များ ဘယ် စိတ်မဆိုးဘဲ နေနိုင်မှာတဲ့လဲနော်။ ထိုအချိန်က ထိုစိတ်မျိုး ဝင်ခဲ့သော်ငြား ယခု မျက်မှောက်ကာလ၌မူ ဖခင်ကြီး မူတူးဆာမိ၏ ဆန် ရင်းနာနာဖွပ်တတ်သော၊ ကိုယ့်သားသမီးကို အစစအရာရာ အပိုးကျိုးစေချင် သော၊ လုပ်ငန်းသဘာဝ အားလုံးကို အောက်ခြေမှစ၍ နားလည်စေချင် သော၊ သူစိမ်းတစ်ရံဆံနှင့် ဆက်ဆံရာ၌ လူတို့၏ သဘောသဘာဝကို နောကျေ စေချင်သော စေတနာ့ စေတနာအပေါင်းတို့အား နားလည်သဘော ပေါက်ခဲ့ပြီ ဖြစ်သဖြင့် ဖခင်ကြီးကို သတိရလေတိုင်း အမြဲပင် 'နမားစတေး' မိသည် သာတည်း။

သည့်ထက် ကျေးဇူးတင်စရာ ကောင်းသည်ကား ကျွန်ုပ်ကို မဲဇာ အဖြစ် ပို့လိုက်ရာ ဦးမရမ်းသီးထံ၌ လွန်စွာမှ မဆလာနံ့၊ နနွင်းနံ့ သင်းပျံ့ သည့် မဟူရာမည်းပြာညက်ကလေး တစ်ဦးကို တွေ့လိုက်ရခြင်း ဖြစ်ပါ၏။ ထိုမိန်းကလေးကား ဦးမရမ်းသီး၏ ချစ်လှစွာသော တစ်ဦးတည်းသော သမီးကလေး ဖြစ်၏။ ဦးမရမ်းသီးတို့ ဇနီးမောင်နှံ၌ ဤသမီးတစ်ဦးတည်း ရှိရာ ထိုသမီးကလေးကို ဦးမရမ်းသီးသည် တုန်နေအောင် ချစ်ရှာ၏။ ဦးမရမ်းသီးကား ကျွန်ုပ်ဖခင် မူတူးဆာမိကဲ့သို့ မိန်းမပွေ။ စီးပွားရေးကို ဖောက်ချ လုပ်ကိုင်ရင်း ကိုယ့်မိသားစုကိုသာ ကိုယ်ခင်တွယ်သူ ဖြစ်သည်။

ဦးမရမ်းသီးသည် သူ၏ ရှုမငြီးစရာ ချစ်သမီးဖြစ်သူ မဟူရာ





မည်းပြာညက်ကလေးအား မျက်စိအောက်က အပျောက်မခံနိုင်သူ ဖြစ်၏။ အရွယ်ရောက်လာစ ပြုပြီဖြစ်သဖြင့် ပေါက်တတ်ကရ ဂျာရှူးဝါးလားများနှင့် ငြိသွားမှာကို စိုးရိမ်သဖြင့် သူ့အလုပ်ခွင်၌ လာရောက်လုပ်ကိုင်ကြသူများ အပေါ် အမြဲတစေ စူးစမ်း အကဲခတ်လေ့ ရှိရာ မဖျော်လင့်ပါဘဲနှင့် ကျွန်ုပ် စွပ်ပရားခများ ဦးမရမ်းသီး သဘောကျ နှစ်သက်သောသူ ဖြစ်၍ လာလေသည်။ သူ သဘောကျ နှစ်သက်မှုရှိအောင်လည်း ကျွန်ုပ်က အလုပ်ကြိုးစား၏။ ရှေ့အလားအလာ ဘာဖြစ်မည်ကို ကြိုမြင်တတ်၏။ ပြီးတော့ အမျိုးအနွယ် ကလည်း သူတို့ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာကလည်း သူတို့ဘာသာ၊ မိဘတွေဆိုတာကလည်း စီးပွားရေး လောက၌ တကယ့်ကို ဒိတ်ဒိတ်ကြဲ။ သည်တော့ ကျွန်ုပ်အပေါ် ဦးမရမ်းသီးခမျာ သဘောမကျဘဲ အဘယ်မှာလျှင် နေနိုင်ပါအံ့နည်း။

တစ်နေ့သ၌ ကျွန်ုပ်သည် ဦးမရမ်းသီးတို့၏ အိမ်အောက်သို့ ပစ္စည်းတစ်ခု ကျရောက်သွားသဖြင့် ဝင်ရောက်ကောက်ယူစဉ် ဦးမရမ်းသီး နှင့် သူ့ဇနီး ဒေါ်ဆရီဒေဗီတို့ တီးတိုးတီးတိုး ပြောဆိုနေကြသော စကားသံ များကို ကြားရလေသည်။ ကိုယ့်အကြောင်း မဟုတ်ပါက အိမ်အောက်မှ ချက်ချင်း ပြန်ထွက်မည် ဖြစ်သော်လည်း ယခုမူ ကျွန်ုပ် စွပ်ပရား၏ အကြောင်း ဖြစ်နေသည်မို့ ကျွန်ုပ်လည်း နားကို အစွမ်းကုန် စွင့်ထားမိလေသည်။ (ဤနေရာ၌ ကျွန်ုပ်တို့ အမျိုးအနွယ်စု၏ ပြောဆိုကြကုန်သော စကားသံတို့အား အသံထွက်နှင့် ကိုက်ညီစွာရေးခဲ့ပါမူ စာဖတ်သူတို့ ဘူးလုံးနားမထွင်း ဖြစ်ကုန်ကြမည်ဖြစ်၍ စေတနာရှေ့ထားပြီး စာချောအောင် ရေးလိုက်ရပါကြောင်း။ စကားချပ်)

''အင်း ... သမီးနဲ့ ကြိတ်ပြီးတော့သာ သဘောတူလိုက်ရတယ်။ စွပ်ပရားဆိုတဲ့ ကောင်လေးရဲ့ ရုပ်ခန္ဓာကို သိပ်တော့ သဘောမတွေ့တာ အမှန်ပဲရှင်''

''ဘာလဲ။ အရပ်က ခွေးပစ်တဲ့ တုတ်လောက် ရှိတာလား''

''ဟုတ်တယ်။ ဒါပေမဲ့ ကျန်သေးတယ်''

''အသားမည်းတာလား''

''ဒါကတော့ ဘာဆန်းမှာတဲ့လဲရှင်၊ ကျွန်မတို့သမီး 'မန်ဂမား' ကကော အသားဖြူတာမှ မဟုတ်တာဘဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမဲ့ စွပ်ပရားရဲ့ သွားကလေးတွေကတော့ ဖွေးဖွေးဖြူနေပါတယ်ကွာ''

''ဒါ ကွမ်းမစားလို့ပါရှင်။ ရှင့်လိုသာ ကွမ်းသရဲ ဖြစ်ကြည့်။ မျက်နှာမှာ မျောက်ဖင်နီကြီး ကပ်ထားသလို ဖြစ်မှာ သိလား''

''အိုကွာ... ယောကျ်ားကောင်းတစ်ယောက်မှာ ဒါတွေဟာ ပါမွှားတွေပါကွာ။ မင်း ဘာဆက်ပြောဦးမလဲ။ ဆံပင်တွေ တွန့်လိမ်ကောက် ကွေးတာ ပြောမလား။ မျက်နှာ အသီပြုန်ပြီး ဝက်ခြံပုန်းတွေ စိန်စီနေတာကို ပြောမလား။ လက်ဆစ်ကလေးတွေ၊ ခြေဆစ်ကလေးတွေ တိုတိုတုတ် တုတ် ဖြစ်နေတာကို ပြောမလား။ ဒါတွေဟာ ယောကျ်ားတစ်ယောက်အတွက် အပရိကပါကွာ။

ဆံပင်တွေ တွန့်တာကို ဖြောင့်ချင်သလား။ ရတယ်။ ခေတ်မီစက်ကိရိယာတွေဆိုတာ ပေါမှပေါ။ မျက်နှာ အသီပြုန်တာ ဆပ်ပြာကောင်းကောင်းနဲ့ သစ်စမ်း။ အိုကေ။ ဝက်ခြံပျောက်ဆေးတွေလည်း မရှားပါဘူး။ ဆေးထည့်လိုက်ရင် ပျောက်ပါတယ်။ လက်ဆစ်လေးတွေ၊ ခြေဆစ်လေး တွေ တိုနေတာလည်း ကိစ္စမရှိဘူး။ လက်ဆယ်ချောင်းကို လက်စွပ်တွေ ဝတ်ပေးလိုက်၊ လက်ကောက်ဝတ်မှာလည်း ဟမ်းမ်ချိန်း ပတ်ပေးလိုက်။ ဟွန်း တစ်ခါတည်းကို ရွှေလက်ငွေလက် ဖြစ်သွားမယ်။ ဘာမှတ်လဲ''

''ခြေဆစ်လေးတွေ တိုနေတာရော ဘယ်လိုလုပ်မလဲ''

''လွယ်ပါသော်ကော ငါ့မိန်းမ ဆရီဒေဝီရာ။ စတိုင်လ်ဘောင်းဘီဝတ်နိုင်းပြီး ရှူးဖိနပ် စီးပေးလိုက်ရင် ဘယ်သူက ဘာပြောနိုင်မှာတဲ့လဲ။ လူတစ်ယောက်ရဲ့ အရည်အချင်းဆိုတာ အပြင်ပန်းက အကဲဖြတ်လို့ မရ ဘူး။ အတွင်းကျကျ လေ့လာရတယ်ကွ။ ဒါမှ အမှန်တရားကို ရနိုင်မှာ။ ငါတော့ သမီးလေး မန်ဂမားနဲ့ သင့်တော်တဲ့သူဆိုလို့ စွပ်ပရားကလွဲပြီး ဘယ်သူ့ကိုမှ မမြင်မိပါဘူးကွာ''

''ဒါဆိုလည်း ရှင့်သဘောပါပဲ ကိုမရမ်းသီးရယ်။ သမီးလေး ကောင်းစားဖို့အတွက် ရှင့်စိတ်တိုင်းကျသာ စီမံပါတော့ရှင်''

ထိုစကားများကို ကြားရသည့် တဒင်္ဂ ကျွန်ုပ် စွပ်ပရား၏ ရင်ထဲ၌ ဘင်ထုသံတွေ၊ တာပလာရိုက်သံတွေ ဆူညံမြည်လောင်နေ၏။ ပျော်စရာ ပျော်စရာကြီးပါတကား။



မိဘများ သဘောတူသကဲ့သို့ပင် ကျွန်ုပ်တို့ချင်းကလည်း ကြည်ကြည်ဖြူဖြူ။

မန်ဂမားကား ကျွန်ုပ်၏ စိတ်ထဲ၌ 'တင့်လှပေဟန်၊ ဘက်မရှိ တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ် ရေးချေ' ရင်း စိုးမိုးလွှမ်းမကာ စိုးမိုးလွှမ်းနေပါတော့၏။ သူတို့ မိဘတွေ တော့မသိ။ ဖအေ့သွေး တစ်ဝက်ပါသူပီပီ ကျွန်ုပ် ဦးမရမ်းသီးတို့ဆီ စတင်ရောက်သည့်နေ့မှာပင် မန်ဂမားနှင့် မျက်လုံးချင်း စကားပြောခဲ့ပြီးလေပြီ။ သည့်နောက် လူကြီးတွေ အလစ်၌ ကျွန်ုပ်တို့ ချိန်းဆိုတွေ့ကြကာ သစ္စာ တိုင်ရတုတွေ ဖွဲ့ခဲ့ကြ၏။

မန်ဂမားအား ကျွန်ုပ်က ချစ်စနိုးဖြင့် 'မန်းလေး' ဟု ခေါ်၏။ (ကာတွန်း မိမန်းလေး မဟုတ်ပါ ခင်ဗျား) မန်ဂမားကလည်း ကျွန်ုပ်အား မြတ်နိုးစွာဖြင့် 'ကိုကိုစွပ်' ဟု ခေါ်၏။ မန်းလေး၏ သဒ္ဒအသံက ဆွဲငင်နိုင် လွန်းပါဘိတောင်း။

www.burmeseclassic.com

www.burmeseclassic.com

ပြောရလျှင် ဩချစရာ ကောင်းလောက်အောင် စီးပွားရေးနယ် ပယ်၌ ကျွန်ုပ်၏ ဖြတ်သန်းမှုတွေက များပြောင်လှချေ၏။ အိမ်သာကျင်းတူးသည့် အလုပ်မှ လွဲ၍ အခြားအခြားသော အလုပ်တော်တော် များများကို ကျွန်ုပ် လုပ်ကိုင်ဖူး၏။ မန်ဂမားနှင့် အိမ်ထောင်ကျပြီးသကာလ နှစ်ဖက်မိဘများ၏ ပံ့ပိုးမှု၊ ကျွန်ုပ်ကိုယ်တိုင်လည်း ဦးစီးဦးဆောင် ပြုကာ ဝါယမ စိုက်ထုတ်မှုများကြောင့် ကျွန်ုပ် စွပ်ပရား၏ စီးပွားရေးမှာလည်း ဒီရေအလား တိုးပွားလာခဲ့ပေသည်။

စီးပွားရေး၌ တောင့်တင်းခိုင်မာမှု ရှိလာသောအခါ ကျွန်ုပ် စွပ်ပရားအဖို့ နာမည်နှင့် ဂုဏ်သိက္ခာကို တောင့်တ ဆာလောင်လာခဲ့၏။ 'ပန်ချာပီ'ဆေးတိုက် ပိုင်ရှင် မန်ကျည်းသီးသည် စာတစ်ကြောင်းဖြောင့်အောင် မရေးတတ်ပါဘဲနှင့် စာရေးဆရာကတ် ရရှိထား၏။ 'ဌမြို့သား ပေါက်စီ'ဆိုင်မှ ပို့ကျုကြွေ့လည်း ဝါကျတစ်ကြောင်း မဖန်တီးတတ်ပါဘဲနှင့် စာရေးဆရာကတ် ရရှိထား၏။ ကျွန်ုပ်နှင့် တွေ့တိုင်းလည်း ၎င်းတို့၏ အသားလွတ် ကြွားဝါမှုကို ကျွန်ုပ်မှာ လိုမ့်နေအောင် ခံရလေရာ ၎င်းတို့ ထက် မသာသာအောင် လုပ်ပြမည်ဟူသော ဖွဲ့စိတ်ကို အရင်းတည်လျက် ကျွန်ုပ်လည်း 'မိုးမြင့်အာကာယံ' မည်သည့် ကလောင်တစ်ချောင်းကို မွေးဖွားလိုက်တော့၏။

သို့သော် ကျွန်ုပ်ရေးသမျှတိုင်းကို အယ်ဒီတာ အစစ်အမှန်တို့က နှာခေါင်းတရှုံ့ရှုံ့လုပ်ကာ ပယ်ခြင်းထဲသို့ ပစ်ထည့်လိုက်ကြလေသည်။

"အကြောင်းအရာက ဘာမှန်းမသိ။ ရည်ရွယ်ချက်က အခြားနိမ်း။ ဝါကျဖွဲ့စည်းမှုက အစပ်အဟပ်မတည့်။ စာလုံးပေါင်း သတ်ပုံတွေက မမှန် မကန်။ လက်ရေးလက်သားတွေက ကပေါက်တိကပေါက်ချာ။ ဒီလိုစာမျိုး သုံးလိုက်လို့ကတော့ သုံးလိုက်တဲ့ စာအုပ်အဖို့ ရှိတဲ့သိက္ခာတွေ ပြောင်းထဲ





ရောက်သွားမယ်"

ကျွန်ုပ်နှင့် ပတ်သက်၍ ရိုက်ခတ်လာသော စကားသံများ။

ပုထုဇဉ်ပီပီ ကနဦး၌ ကျွန်ုပ် ဒေါသ ထွက်မိချေ၏။ သို့သော် ပညာရှိအမျက် အပြင်သို့ မထွက်သင့်သေး။ အချိန်အခါကို စောင့်ရပေမည်။ စီးပွားရေးလောက၌ အောင်မြင်မှုကို ရယူနိုင်လျှင် စာပေလောက၌လည်း အောင်မြင်မှုဟူသည် ကျွန်ုပ်စွပ်ပရားအဖို့ ရကို ရရပေလိမ့်မည်။ မရလည်း ရအောင်ကို ကျွန်ုပ် လုပ်ပြမည်သာ ဖြစ်၏။ ဘယ်နည်းကို သုံးရသုံးရ၊ ကိစ္စမရှိ။

သည်ခဏ ကိုယ့်တိုင်းပြည်မှာ ကိုယ်သာရှင်ဘုရင်ဖြစ်ပါက တိုင်းပြည် အတွင်း ဘယ်နှယ်ပတ် ပတ်ပတ် ကိစ္စမရှိဆိုသည့်အချက်ကို ဒိုင်းခနဲ တွေးမိသွားကာ ကျွန်ုပ်အကြီးအကျယ် လက်ဆော့နိုင်မည့် ဂျာနယ်တစ်စောင် ထုတ်ဝေသူလုပ်ရန် သတိရလိုက်လေ၏။ သည်ကိစ္စကို ဖနီးသည် မန်ဂမားကလည်း သဘောတူ၏။

"ကိုကိုစွပ် လုပ်သာလုပ်။ မန်းလေး အားပေးတယ်။ ကိုကိုစွပ် ဖြစ်ချင်နေတဲ့ 'မိုးမြင့်အာကာယံ' ကို မျက်စိနောက်လောက်အောင် ဖော်ပြ နိုင်သလို မန်းလေးတို့ အခုလုပ်နေတဲ့ လုပ်ငန်းတွေကိုလည်း အကြီး အကျယ် ကြော်ငြာနိုင်တာပဲ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ လုပ်သာလုပ် ကိုကိုစွပ်"

အဲသည်လို အားပေးမှုတွေ ရှိလာတော့ ကျွန်ုပ် အဘယ်မှာလျှင် နောက်တွန့်တော့မှာနည်း။

သည်တော့ ကျွန်ုပ်၏ သားငယ် ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်၌ ကျောက်ချလျက် စာအကြောင်း ပေအကြောင်းတွေကို ရေနွေးကြမ်းအိုး ထည်လဲ မှာကာ အာပေါင်အာရင်း သန်လှေ့ရှိသော ကိုရွှေတောသားဆိုသော သတ္တဝါနှင့် ပလာယာဆိုသော ၎င်း၏တပည့်တို့နှင့် တွေ့ဆုံပြီး 'မဖြစ်ညစ်ကျယ်' အမည်ရှိ ဂျာနယ်လေး တစ်စောင်ကို မွေးဖွားလိုက်တော့၏။ ကျွန်ုပ်ကား ထုတ်ဝေသူ။ ကိုရွှေတောသားက အယ်ဒီတာချုပ်၊ ပလာယာက တာဝန်ခံအယ်ဒီတာ။ သူတို့ နှစ်ယောက်သည် ကျွန်ုပ် မရေးတတ်ရေးတတ်နှင့် ရေးရေးပေးသည့် စာမှုအား စာတစ်လုံးမျှ မကျန်အောင် ပြင်ဆင်ပေးကာ ကျွန်ုပ်၏ 'မိုးမြင့်အာကာယံ' ကလောင်ကို စင်တင်ပေးသည့်အတွက် ၎င်းတို့နှင့် ကျွန်ုပ်သည် ဆက်ဆံရေး ပြေလည်ကြပါ၏။

a a a



www.burmeseclassic.com

www.burmeseclassic.com

''ကဲ... ဘာများ သိချင်သေးလဲ ကိုရွှေဘိုကျောက်လုံး''

''အားလုံးနီးပါး ပြည့်စုံပါတယ် ခင်ဗျား။ ကဲ.. ကျွန်တော် ဆရာစွပ်ပရားရဲ့ပုံကို အင်တာဗျူးနဲ့ တွဲထည့်ရအောင် ဓာတ်ပုံရိုက်လိုက်ပါဦးမယ်''

''ရိုက်ပါ... ရိုက်ပါ။ နေဦး.. နေဦး။ ကျွန်ုပ်တော် ပလုတ်ကျင်းပြီး မျက်နှာကို ခါးပုံစနဲ့ သုတ်လိုက်ဦးမယ်''

'ဗျူးဂျာနယ်'မှ တာဝန်ပေး စေလွှတ်သဖြင့် စွပ်ပရားဆီ ရောက်လာသော ဓာတ်ပုံသတင်းထောက် ရွှေဘိုကျောက်လုံးသည် စုတ်ချာလှသော စက်ဘီး၌ ခေတ္တချိတ်ထားသော ဂီလာနကင်မရာကိုဆွဲယူကာ မဟူရာမီးသွေးခဲ ပိုင်ရှင် စွပ်ပရားအား ဓာတ်ပုံတဖျတ်ဖျတ် ရိုက်လေတော့၏။ ရိုက်မည်ဆိုတိုင်း စွပ်ပရားခမျာ အိုက်တင်ပေးရသည်မှာ အမော။

''ကဲ... ကဲ.. ပြီးပါပြီ ဆရာစွပ်ပရား။ သက်သောင့်သက်သာ နေနိုင်ပါပြီ''

''အိုကေ။ ဒါထက် ကျွန်တော့်အကြောင်း အင်တာဗျူးတာလေး ဘယ်အပတ်လောက် ပါမှာလဲ''

''သုံးလေးပတ်လောက် စောင့်ပြီးရင် ပါမှာပါ''

''ကြာတယ်ဗျာ။ မြန်မြန် မပါနိုင်ဘူးလား''

''မြန်မြန် ပါဖို့ဆိုတာ အနေအထားတွေ ရှိတယ် ဆရာစွပ်ရဲ့''

''ဒါများဗျာ။ ပြောနေဖို့ လိုသေးလား။ ကျွန်တော့်ကိုလည်း လျှော့တော့ မတွက်ပါနဲ့။ ဘူးသီးပုံဆရာ မောင်တေမိနဲ့ အပေါင်းအဖော် တွေပဲဥစ္စာ။ ချက်ဆို





နားခွက်က မီးတောက်ပါတယ်။ ကဲ.. ရော့... ရော့ ပိုက်ဆံယူသွား''

သို့ကလို စွပ်ပရားထံမှ ငွေကြေးပိုက်ဆံများ ရလာသည့်ခဏ ဘရိတ်မားပုံပေါက်နေသည့် ရွှေဘိုကျောက်လုံးသည် ပြုံးပြုံးကြီး ဖြစ်သွားကာ ''စိတ်ချဆရာစွပ်။ လာမယ့်အပတ် ပါစေရမယ်''ဟု ကတိကဝတ် ပြုသွားခဲ့ပါ၏။

a a a

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

‘ဖျူးဂျာနယ်’ကား မသေမသပ်နဲ့ ထွက်လာခဲ့ပါချေပြီ။ ထွက်ထွက်ချင်းပင် စွပ်ပရားသည် သူ့တပည့်ကျော် တစ်ယောက်အား ငါးစောင်တိတိ သွားဝယ်ခိုင်းချေ၏။

ရလာသော် စွပ်ပရားကို ဖျူးထားသည့်စာများ ဖွယ်ဖွယ်ရာရာ ပါသော်ငြား ထိုဖျူး၌ ပါသော ဓာတ်ပုံမှာ စွပ်ပရား၏ပုံ မဟုတ်။ နိုင်ငံခြားသတင်းတစ်ပုဒ်မှ ပါသော သတင်းဓာတ်ပုံကို ဖလင်ဆရာက မှားရိုက်ထည့်မိဟန်တူ၏။ အကြောင်းမူ စွပ်ပရားပုံ ထည့်ရမည့်နေရာ၌ မျောက်လွှဲကျော်ပုံတစ်ပုံ ဖြစ်နေသောကြောင့်ပါတည်း။



# လာရာလမ်းကို ပြန်ကြည့်သည်

တကယ်တမ်းဆိုရလျှင် မြန်မာ ဆိုစကားအရ ‘အကြံတူ ရန်သူ’ ဖြစ်တတ်သည် ဆိုသော်ငြား ‘မဖြစ်ညစ်ကျယ်ဂျာနယ်’ကို ထုတ်ဝေသော ကျွန်ုပ် ‘စွပ်ပရား’နှင့် ‘ဘူးသီးပုံဂျာနယ်’ကို ထုတ်ဝေသော ‘အိစံကွားလား’ တို့မှာရန်သူတွေ မဖြစ်ကြဘဲ ‘ညီညွတ်ရေး တေးနဲ့... အသက်ရှည်ရှည် ခင်ခင်မင်မင်... လက်ရည်တစ်ပြင်စီး... ရှေးကထက် ပိုချစ်ကြတယ်’ ဟု ဆိုရပါချိမ့်။

ကျွန်ုပ်တို့ နှစ်ယောက်၏ အခြေခံမျိုးနွယ်ဝံသတွေကား တူညီ ကြသည် မဟုတ်။ ကျွန်ုပ်၏အရပ်မှာ ခွေးပစ်သည့် တုတ်သာသာလောက် ရှိသော်ငြား အိစံကွားလား၏ အရပ်မှာမူ သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်ကိုပင် ရန်ရှာသလိုမျိုး ဖြစ်နေ၏။ ကျွန်ုပ်၏ အသားအရေမှာ ကတ္တရာစေးကို မင်ဖျော်၍ သည်ခင်ကို စုတ်တံနှင့် ရေးဘိသည့်အလား မှောင်နှင့်မည်းမည်း။ အိစံကွားလား၏ အသားအရေမှာ ချက်နို့ဆီ၏ အဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ။ ကျွန်ုပ်၏ အကြိုက်သည် မဆလာနံ့ပြင်းပြင်းနှင့် အမဲသားတုံး၊ ဆိတ်သားတုံးကြီးများ ဖြစ်၏။ အိစံကွားလား၏ အကြိုက်ကား တရုတ်နံ့နံ့ပင် အုပ်ထားသည့် အဆီတရွဲရွဲနှင့် လက်သီးဆုပ် သဏ္ဌာန် ဝက်သားတုံးကြီးများဖြစ်၏။ ကျွန်ုပ်တို့ နေ့လယ်နေ့ခင်း ဆုံမိ၍ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြပြီဆိုလျှင် ကျွန်ုပ်၏ လက်သည် စမူဆာကို လှမ်းကိုင်တတ်၏။ အိစံကွားလားမှာမူ ပေါက်စီကို လက်လှမ်း၏။ သည်သို့ ကြိုက်နှစ်သက်မှုချင်း၊ အမူအကျင့်ချင်း အကွာအဝေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိကြသည် မှန်သော်ငြား သူလည်း ဂျာနယ် ထုတ်ဝေသူ၊ ကိုယ်လည်း ဂျာနယ် ထုတ်ဝေသူ ဖြစ်သည် မှန်သော်ငြား ကျောင်းသွားဖော် သူငယ်ချင်းအဲလား ခင်ခင်မင်မင်ရှိနေကြသည်မှာ မြင်ရသူအဖို့ အံ့သြလောက်မည်ဆိုက အံ့သြလောက်ပါဘိသည်။

သို့တစေ ကျွန်ုပ်တို့ ထုတ်ဝေသူ အချင်းချင်းဘက်မှ တစ်ဦးနှင့် တစ်ဦး ခင်မင်မှုမေတ္တာတွေ ထုံသင်းဝေသလောက် ကျွန်ုပ်နှင့် ၎င်း၏ အယ်ဒီတာများ ဖြစ်ကြသူတို့ကား မတည့်ကြချေ။ ကိုရွှေတောသားနှင့် ပလာယာတို့ ဆရာတပည့်နှစ်ယောက်က တစ်အုပ်စု၊ မောင်တေမိနှင့် ဆဋ္ဌင်္ဂါးစင်ရိုင်းတို့ ဆရာတပည့်နှစ်ယောက်က တစ်အုပ်စု။

အုပ်စုတစ်စုနှင့် တစ်စုသည် ဘာအကြောင်းအရာကို အခြေခံ၍ တစောင်းစေးနှင့် မျက်စေ့သဖွယ် ဖြစ်နေရပါသနည်း။ ကျွန်ုပ်ကား ဂျာနယ် ထုတ်ဝေသူ ဖြစ်သော်ငြား စာပေဖတ်ရှုလေ့လာမှု၌ အားနည်းလှ၏။ လေ ထန်ကုန်း၊ လေအန်ကုန်းမည်သော စာပေရပ်ကွက်သို့လည်း မရောက် စဖူး။ စာပေသမားတို့နှင့်လည်း ကင်းကင်းရှင်းရှင်း။ သည်တော့လည်း ကိုရွှေတောသားတို့ အုပ်စုနှင့် မောင်တေမိတို့ အုပ်စုတို့၏ ခြင်းရာဇာတ်ပွဲကို မသိရချေ။ မသိနိုင်ခဲ့။

aaa



အဲသည်နေ့က ကျွန်ုပ်သည် ပူလောင်အိုက်စပ်လှလွန်းသဖြင့် အင်္ကျီကိုချွတ်ကာ ပုဆိုးတိုတို ဝတ်ထား၏။ လျှပ်စစ်အား ခေတ္တချို့ယွင်း သွားသဖြင့် ပန်ကာဒလက်တွေ ရပ်ဆိုင်းသွားလေရာ ကျွန်ုပ်၏ မဟူရာ အသားပြင်မှ ချွေးသီးချွေးပေါက်တို့သည် တောက်ခနဲ တောက်ခနဲ ကျကုန် ၏။ ပုံနှိပ်စက် လုပ်သားကလေးများမှာလည်း အပြင်ထွက်၍ ထမင်းစားရန် တာစူနေကြ၏။ ကျွန်ုပ်သည် လက်ထဲရှိ ငွေယားကလေးများကို အလဟ သ မဖြစ်စေရန် ကိုယ့်ဂျာနယ်ကို ကိုယ့်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခြင်းအား ဖြင့် ငွေယိုပေါက်များ မဖြစ်စေရန် ရည်ရွယ်ရင်း ရှိသည်မို့ စက္ကူဆိုက် ၁၅ × ၂၀ ကောင်းကောင်း ရိုက်နိုင်သော အော့ဖ်ဆက်တစ်ပတ်နွမ်းတစ်လုံးကို ဝယ်ယူထားခဲ့လေရာ မကြာခဏဆိုသလို ပုံနှိပ်တိုက်သို့ လာရောက်ကြီးကြပ် နေရလေ၏။

သို့စဉ်ကြိုက် မြေညီထပ်တွင်ရှိသော ကျွန်ုပ်၏ ပုံနှိပ်တိုက် ရှေ့မျက်နှာ စာသို့ ကားတစ်စီး ထိုးဆိုက်လာလေရာ ကားပေါ်မှဆင်းလာသူကား အခြား မဟုတ်။ စိန့်ပြည်နယ် ဂန္ဓာလရာဇ်ဖွား သူကောင်းသား မိတ်ဆွေကြီး အိစံကွားလား ဖြစ်နေလေ၏။

၎င်းသည် မီးခေတ္တပြတ်၍ အလင်းရောင် အားနည်းနေသော ကျွန်ုပ်၏ အခန်းသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး. . .

"ကိုစွပ်ပရား. . . ဗျို့ ကိုစွပ်ပရား"

ဟူ၍ ကျွန်ုပ်ကို ရှေ့ထားပြီး အော်ခေါ်နေလေရာ ကျွန်ုပ်လည်း မနေသာတော့။ ဘယ့်နှယ် သူ့ရှေ့ ပက်လက်ကုလားထိုင်မှာ စန့်စန့်ကြီး


www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေပါလျက် ကြုံးကြုံးခေါ်နေသည် ဆိုတော့ကာ...

"ဟာလို... အိုင်ဆေး၊ ကျုပ် ခင်ဗျားရှေ့မှာ ထိုင်လျက်ကြီး ရှိနေတယ်လေ ကိုအိစ်ကွားလားရဲ့"

"ဟုတ်လား... မသိပါဘူးဗျာ။ အမှောင်ထဲမှာဆိုတော့ ခင်ဗျားက အလိုလိုနေရင်း ကိုယ်ယောင်ဖျောက်သလို ဖြစ်နေတယ်။ မတော် အင်္ကျီလေး ဘာလေး ဝတ်ထားရင်တော့ မြင်နိုင်သပေါ့ဗျာ"

ဒါ ကျွန်ုပ်၏ အသားအရေပေါ် မှုတည်၍ တွယ်ထည့်လိုက်သော စကား။ သို့ရာတွင် သူ့လေသံ၌ လှောင်မှု၊ ထေ့မှု၊ သရော်မှုများ လုံးဝမပါ။ သည်တော့လည်း ကျွန်ုပ်အနေဖြင့် ခွင့်လွှတ်ရပြန်သည်။

"ကဲ... ဆို၊ မလာစဖူး အလာထူးတယ်။ ဘာကိစ္စများပါလိမ့် ကိုအိစ်ကွားလား"

"ကိစ္စကတော့ ဒီနေရာမှာ ပြောလို့ဆိုလို့ မကောင်းဘူး။ တစ်နေရာရာမှာ စားရင်းသောက်ရင်း စကားစမြည်လေး ဘာလေး ပြောကြရအောင်ဗျာ"

"အင်း... အဲ"

"မအားဘူးတွေ ဘာတွေ လုပ်မနေနဲ့။ အခု ခင်ဗျားကို ကျုပ်လာခေါ်တာဆိုတော့ ကျုပ်ပဲ ဒကာခံပါ့မယ်။ အဲ... ခင်ဗျားက ကျုပ်ကို လာခေါ်တယ်ဆိုရင် ခင်ဗျားက ဒကာခံပေါ့။ ဟုတ်တယ်ဟုတ်"

"ဟုတ်... ဟုတ်"

ကျွန်ုပ်တို့နှစ်ဦးကား ချစ်တီးဘွဲ့ နှင်းအပ်ခြင်း ခံထားရသူများပီပီ တစ်ဦးနှင့်တစ်ဦးအပေါ်တွင်လည်း ပေသီးခေါက်နေကြသူများ ဖြစ်လေရာ အဆိုပါ စကားသည် ၎င်း၏ နှုတ်မှ ဤသို့ ထွက်ပေါ်လာခြင်း ဖြစ်ချေ၏။

"ဒါဆို ဘယ်ကိုသွားရင် ကောင်းမလဲ ကိုစွပ်ပရား"

"ကောင်မလေးတွေ စားပွဲထိုးတဲ့၊ ကောင်မလေးတွေ ကာရာအိုကေ ဝိုင်းဆိုပေးတဲ့ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်ဆိုရင် မနိပ်ဘူးလား"

"ခင်ဗျားက အဲဒီဆိုင်တွေ သိလို့လား"

"ကနဦးကတော့ ဘယ်သိမလဲဗျာ။ ခင်ဗျားရဲ့ ဘူးသီးပုံက မောင်တေမိရဲ့ ကောင်းမှုကြောင့် အဲဒီနေရာတွေကို ရောက်ဖူးတာဗျ"





ထိုစကားကြောင့် အိစ်ကွားလား၏ မျက်နှာပြင်မှာ ဝင်းခနဲ ပြုံး ခနဲ ပြက်သွားချေ၏။ ကေန္တ ၎င်းလည်း ကျွန်ုပ်တို့နှင့် လက်ရည်တစ်ပြင်တည်းချင်ပြီလော မသိ။

"ကျုပ် ကြားနယ်ရဲ့ အယ်ဒီတာချုပ် မောင်တေမိက ဒီလိုနေရာ တွေမှာ တော်တော် ကျွမ်းသလားဗျ"

"ဟာ... ဘယ့်နှယ်ပြောပါလိမ့်။ အဲဒီ ဘက်မှာတော့ ဘဝ အဆက်ဆက်က ဘယ်လောက်တောင် ပါရမီဖြည့်ခဲ့လေသလဲ မသိဘူး။ အတော့်ကို ထူးတဲ့ပုဂ္ဂိုလ်၊ လေးစားလောက်တယ်ဗျာ။ ဒီလို လူမျိုးကို အပိုင်ရထားတဲ့ ကိုအိစ်ကွားလားအဖို့လည်း နည်းနည်းနောနော ကုသိုလ် မဟုတ်ဘူးနော်"

"ကျုပ်က ကုသိုလ်ကောင်းတယ် ဆိုတော့ ခင်ဗျားက ကုသိုလ် မကောင်းဘူးဆိုတဲ့ သဘောပေါ့။ ဟုတ်စ ကိုစွပ်ပရား"

"မှန်တာပ ကိုအိစ်ကွားလားရယ်။ ကျုပ်လူနှစ်ယောက်ဖြစ်တဲ့ ကိုရွှေတောသားနဲ့ ပလာယာတို့က သောက်သောက်လဲ သမားတွေ။ သူတို့ နှစ်ယောက်စလုံးက ကျုပ်တို့ မောင်တေမိတို့ လိုင်းမျိုး မသန်ကြဘူး။ ပုလင်းကို အိမ်တိုင်ထူပြီး ယမကာကို ရေချိုးနေရမယ်ဆိုရင် အားလုံး ပြီးပြည့်စုံနေပြီလို့ ထင်နေကြတဲ့ လူစားတွေဗျ"

"ဒါဖြင့် ကျုပ်လူ မောင်တေမိက မသောက်မစားတဲ့ တစ်လိုင်းတည်းသမားပေါ့ ဟုတ်စ"

"ဟာ... တစ်လိုင်းတည်းတော့ မဟုတ်ဘူး။ ခင်ဗျားပုဂ္ဂိုလ်က စွယ်စုံရတဲ့ ပုဂ္ဂိုလ်ဗျ။ စွယ်စုံမောင်တေမိ"

ထိုအခါ၌လည်း အိစ်ကွားလား၏ မျက်နှာမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားပြန်ချေ၏။ အကြောင်းတစ်ခုခုတော့ ရှိပေလိမ့်မည်ဟု ကျွန်ုပ် တွေးမိသော်လည်း ထိုအတွေးကို ဆွဲမဆန့်လိုတော့ချေ။ အကြောင်းမှု ရုတ်ချည်းဆိုသလို အိစ်ကွားလားတစ်ယောက် စိတ်ပြောင်းသွားကာ ကျွန်ုပ် သွားလိုသော နေရာဆီ မသွားတော့ဘူး လုပ်လိုက်ပါက ကျွန်ုပ်အဖို့ မျောက်သစ်ကိုင်းလွတ် ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့်ပင် နေရာမှ ခပ်မြန်မြန် ခပ်သွက်သွက်လှမ်းကာ အိစ်ကွားလား ရပ်တန့်ထားသော ကားရှိရာသွားလျက် တံခါးကို ဆွဲဖွင့် ဝင်ထိုင်လိုက်လေ၏။ အိစ်ကွားလား စိတ်ပြောင်းဟန် မတူချေ။



www.burmeseclassic.com

တော်သေးစွ . . . တော်ပါသေးစွ။ မရှေးမနှောင်း မှာပင် အိစံကွားလားလည်း ကားတံခါးကို ဖွင့်လျက် ယာဉ်မောင်းနေရာ၌ ဇွေ့ခနဲ ဝင်လိုက်ပြီး ကားစက်နှိုးကာ ကျွန်ုပ်ပိုင်ဆိုင်သော 'ဘိုသိအချားဟဲ အော့ဖ်ဆက်'တိုက်မှ ထွက်လာခဲ့လေတော့၏။

a a a



ကျွန်ုပ် ခေါ်ဆောင်သွားသော စားတော်ဆက်ကား အဆင့်မြင့်လှချေ၏။ သန့်၏။ ပြန့်၏။ အပြင်မှာ နေတစ်ရာ ဆကဲသည့် အပူပင် ဖြစ်ပါစေ။ ထိုအခန်းသို့ ရောက်သွားလျှင် စိတ်ရောကိုယ်ပါ အေးချမ်းသွား အောင် စွမ်းဆောင်နိုင်ပါ၏။ အောက်ထပ်တွင် စားသောက်ဖွယ်ရာများ စုံလင်စွာ ရရှိနိုင်၏။ အလုပ်ကိစ္စများ တိုင်ပင်နှီးနှောရန် အောက်ထပ်တွင် သီးသန့်ခန်းများ ရှိ၏။ အပေါ်ထပ်တွင်ကား တည်းခိုခန်းအဖြစ် ဖွင့်လှစ်ထားရှိရာ ခရီးဝေးသွားမည့် သူများအဖို့ ဤနေရာ ဤဂေဟာသည် အသင့် တော်ဆုံး၊ အကောင်းမွန်ဆုံး ဖြစ်ပါချေ၏။ တစ်ဖန်တုံ့ အောက်ထပ်တွင် ကာရာအိုကေခန်းမလည်း ရှိနေသေးရာ ငွေကြေးအလျှံပယ် ဖြစ်နေသူ တို့အဖို့ ဤနေရာကို ရွေးချယ်လိုက်ခြင်းသည် တော်တည့်မှန်ကန်သော ရွေးချယ်ခြင်း ဟူ၍ ကျွန်ုပ်ဘက်က ထောက်ခံဖို့ အဆင်သင့် ရှိပါသည်။

ကျွန်ုပ်တို့ ရောက်သွားတော့ စားပွဲထိုး ဝိတ်တာကလေးသည် ပျူငှာဖော်ရွေစွာဖြင့် လိုအပ်သည်တို့ကို လာရောက်မေးမြန်းပါသည်။

''ဒီနေရာ လူသိပ်ရှုပ်တာမှ မဟုတ်ဘဲ ကိုစွပ်ပရားရယ်။ အထူး ခန်းထဲ ဝင်နေရင် ပိုက်ဆံပိုပေးရမှာပေါ့''

ဆိုပြီးခဲ့သလိုပင် အိစံကွားလားသည် ပေသီးတွက် တွက်နေပေပြီ။ ရှိစေတော့လေ။ ကျွန်ုပ်လည်း ပေသီးတွက်တွက်သူ မဟုတ်ပါလော။ သို့ဖြစ်၍ ၎င်းအလိုသို့ လိုက်လျောကာ ၎င်းတိုက်သောအရည်၊ ၎င်းစေတနာရှိသော အဖတ်တို့ကိုသာ သောက်ပါစားပါတော့မည်ဟု ကျွန်ုပ် သန္နိဋ္ဌာန် ချလိုက်ပါ၏။ တစ်ခုတော့ရှိသည်။ အိစံကွားလားသည် ၎င်းတိုက်ကျွေး၍ ကုန်ကျသော

www.burmeseclassic.com

ပမာဏနှင့်တူညီစွာ ၎င်း၏ ကိုယ်ရေးကိုယ်တာများကို ကျွန်ုပ်၏ နားနှစ်ဖက်စလုံး ရောင်ကိုင်းလာအောင် တော်ကီတွေ ပေးလိမ့်မည်ကိုလည်း တင်ကြိုတွက်ထားချေ၏။

၎င်းသည် ကျွန်ုပ်အား လမ်း၌ တော်တော်များများကို ပြောပြထားပြီး ဖြစ်၏။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲ၌ အထက်ကြေးကို သွားကိုင်မိသဖြင့် ဂိန်ခနဲ ဖြစ်သွားကြောင်း၊ ထို့ပြင်တစ်ဝ (ကျွန်ုပ်ကိုအားကျသည့်အတိုင်း) သူ့မိန်းမကြီး လက်ရှိအိမ်ထောင်ရေး ရာထူးအဆင့်အတန်း တစ်ဆင့်မြင့်သွားအောင် မိန်းကလေးတစ်ယောက်ယောက်ကို ယူလိုကြောင်း၊ ခုတလော ငွေကုန်ကြေးကျတွေ များများလာသဖြင့် ဘူးသီးပုံကျာနယ် ကနဦး တည်ရှိရာ ရန်ကုန်မြို့လယ်မှ အခန်းကိုပြန်အပ်လျက် ဈေးနှုန်းမတရားချိုသော ရေဝေးအနီးရှိ အခန်းတစ်ခန်းသို့ ပြောင်းလဲဖွင့်လှစ်ခြင်းဖြင့် အစစအရာရာ ချွေတာနေရကြောင်း၊ ရှေ့ခရီးစဉ်အတွက် သောက်ရင်းစားရင်းဖြင့် မိတ်ကောင်းဆွေကောင်း ပီသစွာ အကြံဉာဏ်များ ပေးစေလိုကြောင်း ပြောပြခဲ့သည်။

ကျွန်ုပ်လည်း အကြံဉာဏ်ကို အလကားပဲတင်း ပေးမိက လူပေါကြီးဖြစ်သွားမည်ကို သတိပြုမိ၍ ၎င်းတိုက်သော၊ ကျွေးသော အရည်များ၊ အဖတ်များကို တစ်ဖက်သား မသဒ္ဓါအောင် ဖွဲ့ပြီးတီးပြီးမှသာလျှင် ပေးသင့်သည်ဟု ဆုံးဖြတ်ချက်ချထားခဲ့၏။ ဆုံးဖြတ်ချက်နှင့် လျော်ညီစွာ စားပွဲပေါ်ရှိ ဝီစကီပုလင်းကို ဖွင့်လျက် ဆိုဒါနှင့် ရေခဲစပ်ကာ နွားငတ်ရေကျမော့ချ၏။ ဘဲကင်ကို မြို့၏။ ဝါး၏။ နိုင်ငံခြားစီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ခဲ၏။ အိစံကွားလားသည်လည်း 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားစိုက်စိုက် စဉ်ဆက်လိုက်၏' ဆိုသော စကားနှင့်အညီ ကျွန်ုပ်တွယ်သကဲ့သို့ တွယ်လေသော် ခဏကြာလျှင် ၎င်းတစ်ကိုယ်လုံးသည် သကြဲ့နှယ်မ်းအလား ယိမ်းထိုး၍ နေပြီ။ စကားက လေးလုံး၊ ငါးလုံး၊ ခြောက်လုံး၊ တစ်ရာ့တစ်လုံးပင် မကွဲချင်တော့။ သို့သော် သတိကား အကောင်းကြီး။ ကျွန်ုပ်ပြောသမျှကို အကုန်သိသည်။ ကျွန်ုပ်လည်း မဟုတ်ကဟုတ်က လုပ်ရာ၌ ဝါသနာကြီးသူပီပီ ၎င်း မဟုတ်က ဟုတ်က လုပ်မည့် အလုပ်များကိုလည်း 'ကဲရီးအွန်' 'ဒူးသာဒူး'ဟု မြှောက် ပင့်ပေးလိုက်ရာ သူကောင်းသားလည်း ရွှေသွားတွေ အဖွေးသားနှင့် တဟဲ ဟဲ တင်ငဲ့ငဲ့လုပ်ရင်း ဖက်ကျုံးဖို့





တာရှူနေလေပြီ။

ထိုအခိုက် ကျွန်ုပ်တို့နှင့် ကပ်လျက် (ရှယ်)အခန်းတွင်းသို့ မောင်တေမိနှင့် သူ့တပည့်ကျော် ဆဋ္ဌဂံငါးစင်ရိုင်းတို့ ဝင်သွားသည်ကို တွေ့လိုက်ရ၏။ ၎င်းတို့ ဆရာတပည့်နှစ်ယောက်ကား ကျွန်ုပ်တို့ကို မြင်ဟန်မတူချေ။ သည့်အတွက် ကျွန်ုပ်လည်း အိစံကွားလားကို လက်ကုတ်၍ အခြေအနေကို တိုးတိုးလေး ပြောပြလိုက်သည်။ ပြီးတော့ လက်ကျန်ခွက်များကို မော့ကြရင်း အခန်းတွင်းမှ စကားသံများကို ကပ်ပြီး နားထောင်လိုက်ကြသည်။

''အာစရိရဲ့ ဘော့စ်က မလွယ်ပါဘူးဗျာ။ ကျွန်တော်တို့တိုက်ကို မြို့လယ်ကောင်မှာ မထားဘဲ ရေဝေးနား ပို့ထားတယ်''

''အဲဒါ ငါတို့အတွက် အကွက်ပေါ့ကွ''

''ဘာအကွက်လည်း အာစရိ''

''ဟ . . . သွားတာလာတာအတွက် အသုဘပို့တဲ့ယာဉ်တွေ ကပ်သာစီး၊ ခရီးစရိတ် မကုန်သလို ငါတို့ရှိရာကို အိစံကွားလားဆိုတဲ့ ငနဲကြီး အလွယ်တကူ မလာနိုင်ဘူးဆိုတော့ အရာရာဟာ ငါတို့လက် ငါတို့ခြေ မဟုတ်ဘူးလား''

''ဟုတ်တာက အာစရိပါဗျာ။ တပည့်ကတော့ အရိုးအရင်းတောင် မကိုက်ရဘူး''

''ဟာ . . . ခေါင်းဆောင်ကောင်း ဖြစ်ချင်ရင် နောက်လိုက်ကောင်း ဖြစ်အောင် နေရတယ် ငါးစင်ရိုင်းရဲ့။ မင်းကို ငါက ပညာတွေ ပေးနေတာ။ မင်းက ယူမှ မယူတတ်ဘဲကိုး''

''အဲဒါ အသာထား။ လာမယ့်အပတ် ဘူးသီးပုံ မျက်နှာဖုံးမှာ ဟိုကောင်မလေးကို ကာဗာတင်တာ ဘယ်လောက်ရလဲ''

''အဟီး . . ကောင်မလေးနဲ့ ငါက မကင်းရာ မကင်းကြောင်း မဟုတ်လား။ သိပ်ရမပါဘူးကွာ''

''သိပ်မရဘူးသာ ဆိုတယ်။ အိစံကွားလားကို ပေးရတဲ့ နှုန်းထက်တော့ အများကြီး ပိုတယ် မဟုတ်လား''

''ဒါတော့ ပိုတာပေါ့ကွ။ မင်းလည်း အသိသားပဲ။ အိစံကွားလား



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ငတုံးကြီးကို တို့တစ်တွေ နားသယ်မွေး နှုတ်ပြီး မျက်ခုံး စကြဲ လျှောက်နေတဲ့ဟာ''

''ကျွန်တော်သိတာ ကိစ္စမရှိဘူး အာစရိ။ မတော် မဖြစ်ညစ်ကျယ် ဂျာနယ်က ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက် သိသွားရင် အာစရိကို 'တီး'နေလိမ့်ဦးမယ်''

''တီးပစေကွာ။ ဂရုမစိုက်ဘူး။ မင်း အိစံကွားလား ငါ့ကို ထိရဲ ထိကြည့်။ ထိတာနဲ့ သူ့မဟေသီကြီးရဲ့နား ပေါက်ကြားသွားအောင် အိစံကွားလားတစ်ယောက် နောက်ကောင်မလေးနဲ့ ရှုပ်နေပါတယ်ဆိုတာ မက်ဆိပ်ချ် ရိုက်လိုက်မှာပေါ့ကွ။ ဟဲ.. ဟဲ''

မောင်တေမိတို့ ဆရာတပည့်ကား တသောသော တဝေါဝေါဖြင့် ရှယ်ခန်းလေးအတွင်း၌ ရပေါက်ရလမ်းတစ်ခု အဆင်ပြေလာမှုကြောင့် ပတ်ဝန်းကျင်ကို ဂရုမထားနိုင်အားဘဲ ပြောချင်ရာတွေ ပြောနေကြသည့် သကာလ အိစံကွားလားသည် ဝိတ်တာကလေးတစ်ယောက်ကို လှမ်းခေါ်ကာ ဘေလ်တွက်ခိုင်းပြီး ကျသင့်ငွေကို ရှင်းလိုက်ပါ၏။ ထို့နောက် ကျွန်ုပ်ကို မျက်ရိပ်ပြလျက် စားတော်ဆက်အတွင်းမှ ထွက်လာခဲ့ချေတော့၏။

a a a





သိပ်မကြာပါချေ။

ရက်ပိုင်းလောက်သာ ဖြစ်မည်ထင်ပါ၏။ မောင်တေမိတစ်ယောက် လွယ်အိတ်ကလေးတစ်လုံးဖြင့် ကျွန်ုပ်ထံ ရောက်လာ၏။ အကြောင်းကား သူ၏ ကျန်းမာရေးအရ ပင်ပန်းလွန်းလှစွာသော ဂျာနယ်အလုပ်မှ အနားယူလိုက်ပြီဖြစ်ကြောင်း သတင်းလာပို့ခြင်းပင်။

''ခင်ဗျား ကြည့်ရတာ မာမာချာချာကြီးပါလားကိုတေမိရဲ့''

''အင်း... ဆေးတန်ခိုးတွေကြောင့် ဖြစ်မယ် ယင်ပါတယ်''

''ဂျာနယ်မှာ ဘာပြဿနာ ဖြစ်ခဲ့လို့လဲ''

''ဘာမှ မဖြစ်ပါဘူး။ အေးအေးချမ်းချမ်းပါ။ ခုထွက်လာတာကလည်း ကျန်းမာရေးအရပါ။

ဒါပေမဲ့ ပျင်းတယ်ဗျာ။ ကိုစွပ်ပရားက ဖိုင်နင်ဆာအပြင် ပုံနှိပ်ကိုက်ပိုင်ရှင်လည်း ဖြစ်တယ်ဆိုတော့ကာ ကျွန်တော် အပျင်းပြေရအောင် အလုပ်ကလေးဘာလေး ကြည့်ပေးပါဦး နော''

ကျွန်ုပ်ကား မင်္ဂလာတရားတော်နှင့်အညီ မိတ်ဆွေကောင်းတို့ ကျင့်ရမည့်ကျင့်ဝတ်ကို စောင့်ထိန်းတတ်သူပီပီ မောင်တေမိအတွက် ကျွန်ုပ်နှင့် ပတ်သက်သော အလုပ်ကို တွေးကြည့်လိုက်သောအခါ ဂျာနယ်အတွက်မှု ကိုရွှေတောသားတို့ ဆရာတပည့်နှင့် ပြည့်စုံနေ၏။ လိုအပ်သည်ကား ပုံနှိပ်စက်၌...

(၁) မင်လုံးများ ဆေးကြောရန်၊

(၂) စွန့်ပစ္စည်းများ လှည်းကျင်းရန်၊



www.burmeseclassic.com

www.burmeseclassic.com

(၃) လုပ်ငန်းလာအပ်သည့် ညှော်သည်များရှိပါက လက်ဖက်ရည် ဝယ်နိုင်းရန်၊

(၄) ကျွန်ုပ်၏ ကားအား ရေဆေးရန်၊

စသော အလုပ်များ ရှိနေသည်ကို စဉ်းစားမိသည့်အလျောက် အဖြေပေးရန် အပြုတွင် သူသည် ကျွန်ုပ်အပါးမှာ မရှိတော့။ လွယ်အိတ်ကြီးကို လွယ်လျက် ခပ်ဝေးဝေးရောက်နေချေပြီ။ ထိုအခါ အံဆွဲထဲ ထည့်ထားသော လက်ကျန်ခွက်ကလေးကို ထုတ်ကာ မော့ချလိုက်ပြီးသည့် နောက် "ဩော်... မောင်တေမိရေ... နောက်ဆုံးတော့ မည်သူမဆို ကိုယ့်ဝက်ခြံကိုယ်ညှစ်၊ ကိုယ့်လက်ကျန် ကိုယ်ကစ်ရတာပဲ မဟုတ်ပါလား"ဟု ရေရွတ်လိုက်မိပါတော့သတည်း။

# "ဒန်"သည် "ဂန်"သည်

## ကိုနဂါး

ကျွန်ုပ် ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့သည် ညီညွတ်ခြင်းသည် အင်အား ပြုလုပ်ထားသည့် 'မဖြစ်ညှစ်ကျယ်ဂျာနယ်'ကား ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး ပြီးသည်နှင့် အခြေအနေ သိပ် မကောင်းတော့။ အိုစမာဘင်လာဒင်ခမျာလည်း မကယ်တင်နိုင်၊ နိုင်သင်း ကြည်ကလေးကလည်း မင်္ဂလာနောက်ထပ်ဆောင်ရန် မဖြစ်။ ဟို ဒါရိုက် တာ၏ အိမ်ထောင်ရေးဘာညာကွိကွကလည်း ဂျာနယ်မျက်နှာဖုံးထက် တင်ရန်မသင့်။ ဆိုတော့ကာ ပရိသတ်အာရုံကို ဆွဲဆောင်နိုင်ဖို့အရေး ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်မှာ ခေါင်းအစားကြီး စားနေရလေပြီ။

"ဘာအကြံ ရှိသေးလဲ တပည့်"

"ဘာမှ မရှိတော့ဘူး အာစရိ။ အကျန်လက်နှစ်လုံးလောက်ကို စောစောလေးကတင် ရေရောပြီး မော့လိုက်ပြီ"

"ဟာ... အရက်လက်ကျန်ကို ပြောတာမဟုတ်ဘူးဟ။ အကြံဉာဏ်စိတ်ကူးကို ပြောတာ"

"မသိပါဘူး အာစရိရယ်။ တပည့်လည်း ခုတလော အပြင်းတွေချည်းပဲ နွားငတ်ရေကျ လိုမ့်လုမ့်မော့နေရလို့လား မသိဘူး။ ဦးနှောက်တွေတောင် နည်းနည်း ချောင်ချင်လာတယ်"

"သတိထားပါကွာ၊ ဆင်ခြင်ပါ။ ခုတလော တို့အနုပညာ အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေ အသက်ကြီးမှ ယေမှမဟုတ်ဘူး။ တဖြုတ်ဖြုတ်နဲ့


www.burmeseclassic.com

www.burmeseclassic.com

သွားကုန်ကြတာ ဘယ်လောက် သံဝေဂရစရာ ကောင်းလိုက်သလဲ။ အသောက်အစား လျှော့မှပေါ့ကွယ်''

''လျှော့တော့ လျှော့တာပေါ့ အာစရိရယ်။ ဒါပေမဲ့ ညနေဘက် ရောက်ရင် တိုက်မယ့်ကျွေးမယ့် ဒကာတော် ရေမြေရှင်တွေက ရောက်ရောက်လာတတ်လို့ အာစရိရဲ့''

''ဘယ်သူတွေများတုံး''

''မောင်မြင့်မား(ဘိုကလေး)တို့၊ မောင်မြေကြီး(ပန်းတောင်း)တို့ ပေါ့ အာစရိရယ်''

''ဩော် . . . နာမည်နဲ့ လူနဲ့ လိုက်တဲ့သူတွေ မဟုတ်လား''

''မှန်တယ် အာစရိ။ မောင်မြင့်မား(ဘိုကလေး)ဆိုတာ နာမည်နဲ့ လိုက်အောင် အရပ်ကလည်း နည်းတာကြီး မဟုတ်ဘူး အာစရိ။ ဒါပေမဲ့ ခမျာမှာ သနားစရာပါ အာစရိရယ်''

''ဘာများဖြစ်လို့တုံး ပလာယာရယ်''

''ခြေသလုံးမွေးတွေ၊ လက်မောင်းမွေးတွေ၊ ရင်ဘတ်မွေးတွေက ဖုန်းဆိုးတောနဲ့ နင်လားငါလားလို့ ပြောရလောက်အောင် တောထနေပေမဲ့ တကယ်ပေါက်သင့်တဲ့ ခေါင်းမှာကျတော့ အနိုးစားပြီး ပြောင်တလင်း ခါနေတယ် အာစရိရဲ့''

''ဩော် . . . ဒါကြောင့် ဒီဆရာ ဘယ်သွားသွား ဘယ်လာလာ လျှာထိုးဦးထုပ်ကို မချွတ်တမ်း ဆောင်းထားတာကိုး။ ဒါထက် မောင်မြေကြီး(ပန်းတောင်း)ကျတော့ကောကွယ်'' ,

''ဒီဆရာက မူးလာရင် မြေကြီးပေါ် ပစ်ပစ်လှဲချချင်တဲ့ ဝါသနာ သိပ်ကြီးတယ် အာစရိရဲ့''

''သူ့နာမည်နဲ့ တူဟာမို့ အချစ်ဇောသန်သွားတာ နေမှာပေါ့ကွယ်။ ဒါထက် မင်း ဒီပုဂ္ဂိုလ်တွေနဲ့ ပေါင်းတော့ ဘာပညာတွေများ ရသလဲ''

''ဟာ . . . ရတာပေါ့ အာစရိ။ ဆရာမောင်မြင့်မားက မူးလာရင် သူများတကာကို လိုက်ပို့ရမှာ ကျေနပ်တဲ့သူ။ အတုယူလောက်တဲ့ လူမှုရေး စိတ်ဓာတ် အပြည့်အဝရှိတဲ့ ဆရာသမား။

ဆရာမောင်မြေကြီးကျတော့ သူ့စာမူတစ်ပုဒ်ကို ဖိုတိုစတက် မဆွဲ





ဘဲ လက်အညောင်းခံလို့ သူ့လက်ရေးနဲ့ ဆယ်ပုဒ်လောက် ကော်ပီပွားပို့ပြီး စာမူခရအောင် ကြံတတ်ဖန်တတ်တယ် အာစရိရဲ့''

''ထားပါတော့ကွာ။ တို့မှာ ခုလောလောဆယ် စဉ်းစားရမှာက မဖြစ်ညစ်ကျယ်ဂျာနယ်ကို ဘယ်လိုနည်းနဲ့ ကျားကန်မလဲ။ အဲဒါကို စဉ်းစား။ စက္ကူဈေးတွေ၊ ဖလင်ဈေးတွေ၊ ရိုက်ခတွေ၊ မင်ဈေးတွေ တက်လာတော့ ဂျာနယ်ဈေးကိုလည်း မမြှင့်လို့မရဘူး။ နဂိုကတည်းက ဈေးမမြင့်တာတောင် ဝယ်သူ သိပ်မရှိတာ၊ ခုလိုမျိုး ဝန်ဆောင်စရိတ်ကြောင့် ဈေးထပ်တက်တော့ ဝယ်ဖို့နေနေသာသာ ဘယ်သူမှ ကိုင်ကြည့်ကြမှာတောင် မဟုတ်ဘူး''

''ဒါဆိုလည်း ဘော်တယ်ဆိုင်ပို့ဖို့ ပိဿာချိန်တိုးတာပေါ့ အာစရိရယ်''

''ဟကောင် . . . စကားကို အဲသလို အရမ်းကာရော လက်လွတ်စပယ် မပြောနဲ့။ ဒီလိုသာ ဂျာနယ်စောင်ရေ အစီစီထိုးကနေရင် မင့်ပထွေး 'မိုးမြင့်အာကာယံ'လို့ မတန်မရာ ကလောင်နဲ့ ဘဝင်မြင့်နေတဲ့ 'စွပ်ပရား' က နေမှာမဟုတ်ဘူး။ သူ့ဂျာနယ်ကို ရပ်ပစ်မှာ''

''အို . . . တကယ်''

''တကယ်ပေါ့ကွ။ စွပ်ပရားဆိုတာ စီးပွားရေးသမားပဲ ဥစ္စာ။ သူ့လုပ်ငန်းက တောက်လျှောက် အရှုံးချည်းပဲဆိုရင် ဘယ်သည်းခံနိုင်မှာ တဲ့လဲ။ ဂျာနယ်ရပ်ပစ်လိုက်ရင် ငါလည်း တောပြန်ပြီး ကောက်လှိုင်းထမ်း၊ စပါးရိတ်၊ နွားကျောင်းအလုပ်တွေ ပြန်လုပ်ရတော့မယ်။ မင်းလည်း ရပ် ကွက်ထဲလှည့်ပြီး ရေလှည်းတွန်းပေါ့၊ အုန်းပင်တက်ပေါ့ကွာ''

''ဖွဟဲ့ . . . လွဲပါစေ၊ ဖယ်ပါစေ အာစရိရယ်။ ဒီလိုမျိုး နိမိတ်မရှိ နမာမရှိတဲ့ စကားတွေ မပြောပါနဲ့ဗျာ။ ဒီဂျာနယ် ဆက်လက်ရပ်တည်နိုင် အောင် အာစရိနဲ့လည်း မခွဲမခွာ အတူတူပေါင်းစည်းသွားနိုင်အောင် တပည့် ကြံဆပါ့မယ်။ ဉာဏ်နီဉာဏ်နက်၊ ဉာဏ်ပြာဉာဏ်စိမ်း၊ ဉာဏ်စိဗိယာ ဉာဏ်ရိမ်းဘိုးတွေသုံးပြီး ဖန်တီးပါ့မယ် အာစရိရယ်။ စိတ်မပူပါနဲ့ဗျာ။ ပလာယာကြံရင် မဟန်တာ မရှိစေရပါဘူး။ စိတ်ချပါ''

သို့ကလို တပည့်လုပ်သူမှ နှစ်သိမ့်တော့လည်း ကျွန်ုပ်၏ စိတ် ပျက်အားလျော့ခြင်းတို့ ပြေပျောက်သွားရပြန်တကား။

a a a


www.burmeseclassic.com

www.burmeseclassic.com

''မင်္ဂလာပါ ဆရာကိုရွှေတောသား''

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် မည်မျှ အလုပ်ထဲ၌ အာရုံနှစ်နေမိသည် မသိ။ ဂျာနယ်တိုက်ပေါ်သို့ တက်လာသူကို သတိမထား လိုက်မိ။ တက်လာသူက အသံပြု၍ နှုတ်ဆက်လိုက်မှပင် ဧည့်သည်ရောက် နေကြောင်း သတိရလိုက်မိပါတော့သည်။ ထိုဧည့်သည်ကား ကျွန်ုပ်တို့နှင့် မစိမ်း။ နိုင်ငံကျော် မော်ဒန်ကဗျာဆရာမကြီး 'မုတ္တမခင်' ပေတည်း။

''ဟား... ဆရာမကြီး ရောက်လာတာကိုး။ ထိုင်ပါခင်ဗျာ ထိုင်ပါ။ ပလာယာရေ... ဆရာမကြီး ဘာများ သုံးဆောင်မလဲဆိုတာ မေးပြီး စီစဉ်ချေကွာ''

''စိတ်ချပါ အာစရိရဲ့။ ကဲ... ဆရာမကြီး ဘာများသုံးဆောင်ရန် အလိုရှိပါသလဲ ခင်ဗျာ''

''နေပါစေ။ ကျေးဇူးကမ္ဘာပါပဲ ဆရာကိုရွှေတောသားနဲ့ ဆရာပလာယာတို့ရယ်။ ခုလေးတင်ပဲ 'ရွှေတံခွန်'မဂ္ဂဇင်းတိုက်မှာ လက်ဖက်ရည်သောက်ပြီး သည်ဘက် ကူးလာတာ''

''သြော်... ဟုတ်စ။ ဒါထက် ရွှေတံခွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာမ မေပုဂံစိမ်ကော ကျန်းမာတော် မူပါစ''

''မာပါ့ရှင်။ ခု သူ့တိုက်မှာ ကျွန်မ အဆိုင်းမင့်ယူပြီး မော်ဒန်ဆောင်းပါးတွေ ရေးနေတယ်ရှင့်။ ရှင်တို့ တိုက်ကိုလည်း ကျွန်မ ရေးပေးရဦးမယ်။ ခု ဒီကိုဝင်လာတာ လောလောဆယ် ရေးပြီးသား စာမူပါမလာဘူး။ အပေါ့သွားချင်လို့ ဝင်လာတာ။ ပိုက်ဆံငါးကျပ်၊ တစ်ဆယ် အကုန်အ





အကျ သက်သာလည်း နည်းသလားရှင်''

ရွှေဆွဲကြိုးကြီးကား အိလျက်။ လက်ကောက်တွေကား တံတောင်ဆစ် ရောက်လျက်။ စိန်နားကပ်ကြီးကား ပြိုးပြိုးပြက်လျက်။ ဒါတင်မက စိန်ခြယ်တန်း လက်စွပ်နှင့် စိန်ဆံထိုးကြီးကို ဆင်မြန်းထားသော ဆရာမကြီးကား အသုံးအစွဲ၌ ဤသို့ဤပုံ စေ့စပ်သေချာခြင်းကား လေးစားလောက်ဖွယ် ဖြစ်ပေ၏။

''တွေ့လား ပလာယာ။ ဆရာမကြီး မုတ္တမခင်ဟာ ဘယ် ကလောက်စနစ်ဇယားကြီးသလဲ။ ဒါမျိုး အတုယူသင့်ရင် ယူရမယ်။အပေါ့အပါးသွားတာတောင်မှ ဘယ်ကိုဝင်လိုက်ရင် ဘယ်လို သက်သာ မယ်ဆိုတာ ချက်ချိုနားခွက်က မီးတောက်နေပြီ''

''ဟာ ... ကျွန်တော်တို့လို လူအလစ် လမ်းကြားထဲ ဝင်မရဲလို့နေမှာပေါ့''

ရေအိမ်ထဲသို့ ဆရာမကြီး ဝင်သွားခိုက် ကျွန်ုပ်တို့ ပေါက်ပန်းဈေးပြောဆိုနေကြခြင်း ဖြစ်၏။ ထိုအခိုက် တိုက်ပေါ်သို့ တက်လာသော ခြေသံတစ်သံကို ကြား၍ အပေါက်ဝသို့ နှစ်ယောက်သား အာရုံထားကာ ကြည့်လိုက်မိလေ၏။

''ဟာ... ဂန္ထဝင် ကဗျာဆရာကြီး လေးချိုးနဘေ ဂုရုကြီး ဆရာကြီး တွံ့တေးမျက်ပြူးပါကလား''

''ဟန်အနေကျ မှန်ပေသပဗျာ့ ရုံရွှေအလှလေးတွေ မရှိတာ နာသဗျာ''

ဆရာကြီး တွံ့တေးမျက်ပြူးကား သူရေးစပ်သော ကဗျာများ၌ နဘေကို လက်မလွှတ်သကဲ့သို့ ယခုလို စကားပြောရာဆိုရာတွင်လည်း သူ အလွန်မြတ်နိုးတွယ်တာသော နဘေအသုံးတို့ကို ကိုင်စွဲထားချေသည်တကား။

''အပျိုတွေ အပြောများတဲ့ ကိုရွှေတောသားနဲ့ ရှဲ့သနော် မညာတာတဲ့ တပည့်ကျော် ပလာယာတို့ဗျား''

''ဆိုပါ ဆရာကြီး။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ဘာများဆောင်ရွက်ပေးရမလဲ ခင်ဗျား''

''နိုး ... နိုး ... ကိုယ့်ဆရာတို့။ အနိစ္စသတိ၊ ကိစ္စမရှိ၊ နိုးပရော်ပလမ်''


www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး တွံတေးမျက်ပြူးကား အာသွက္ခယဉာဏ် ရှင်သူ ဖြစ်ရုံမက လက်တန်းကဗျာ နဘေထပ်ရာတွင်လည်း တခဲဏပ္ပတ္တိဉာဏ်နှင့် ပြည့်စုံသူ ပါရမီရှင်ကြီး ဖြစ်၏။ သို့ဖြစ်၍လည်း ဘာအကြောင်းအရာ ဘာစကားလုံးပဲ ထွက်ထွက် နဘေရအောင် ထပ်နိုင်စွမ်းရှိသော လက်ဖျားခါရလောက်သည့် ဂုရုကြီးပါတည်း။ ထပ်တွန့် မဟာနဘေ ကဗျာလေ ပြည် 'အာ–ကာရန်' (၆၆)လုံးကို ဉာဏ်စွမ်းပြသွားပုံများ အံ့ဩယူရ လောက်သည်။

''အို... သိမ်းကဲ၊ ထိန်းဆဲ၊ ယိမ်းနွဲ၊ ပိန္နဲဖခင်
စန္ဒီ၊ စန္ဒာ၊ ဆွာ၊ ကလျာ၊ ဖယာ၊ ဂါထာ၊ ကဗျာ
အကာ၊ မဖာ၊ မပါ၊ ပရွှာ၊ မဖွာ၊ မညာ၊ ပညာ
တဏှာ၊ မခွာ၊ အသပြာငှ၊ ဘွာတရင်
အနှာ၊ အဝှာ၊ ခမျာ၊ ခန္ဓာကြွ၊ ဈာပန်၊ ဖျာမ၊ မရဏာ၊ ရွာချ
(ဟာ... ဟ)
မဆာ၊ အစာ၊ လျှာမခွ၊ မထွာ၊ အဖွှာ၊ အလွှာ
ဘယာ၊ ယတြာ၊ ဇာတာ၊ ကြမ္မာမခ
မချာ၊ မကွာ၊ တစ်ဖြာ၊ သမ္ဘာ၊ ဇရာ မအာ
စာအလှ၊ ရတနာဖျာ၊ ရှာမရ၊ မဝါမှပ၊ စာရဏာ
သဒ္ဓါက သဒ္ဓါက ပေါက်ဖွားတယ်
ပဏ္ဍာသ မြောက်စားမပယ်။
တစ်မြွာမျှသော်လည်း ရတီမှန်
ပြည်တန်တဲ့ငမောက်
ပတ္တမြားသဖွယ်၊ မာနဖျောက်ထားတစ်သွယ်။
အခါမကျ၊ လာစ၊ နွှာမလာ၊ (ဟဲ.. ဟဲ) အသာပ၊
မခွာပ၊ မာနဖျောက်ထားမယ်
ဒါမှ၊ မြန်မာကွ၊ သွာဟ၊ အာဂယောက်ျားကွယ်''

သည်လိုမျိုး လက်စောင်းထက်လှသူမို့ ကျွန်ုပ်တို့ ဆရာတပည့် နှစ်ယောက်မှာ ဆရာကြီးတွံတေးမျက်ပြူးအား 'ဖြို'ခဲ့ကြပါသည်။ ထို အခိုက် ဆရာမကြီး မုတ္တမခင် ထွက်၍လာလေရာ ဆရာမကြီးနှင့် ဆရာ ကြီးတို့ တွေ့ဆုံမိကြလေသည်။ ၎င်းတို့ကား အသက်ချင်း မတိမ်းမယိမ်း။





ကဗျာရေးသူချင်းဖြစ်သော်လည်း အယူအဆကား မတူကြ။ ဆရာမကြီးက မော်ဒန်ဘက်သို့ 'ယိမ်း'၍ ဆရာကြီးက ဂန္ထဝင်ဘက်သို့ 'လဲ'ကျသည်။

''ဟလို ... အိုင်ဆေး၊ ကနုတ်အလှဆင်၊ အဟုတ်ပယဉ်တဲ့၊ (ကျုပ်နှမ) မုတ္တမခင်ပါလား ဟရို့...''

ထိုသို့ ဆရာကြီးတွံတေးမျက်ပြူးမှာ ပီယဝါစာ ထုံမွှမ်းသော အာလပနမည်သည့် အာလုပ်ပဒ်ကို အသုံးပြုလိုက်ရာ ဆရာမကြီးသည် မျက်စောင်းတစ်ချက် ထိုးထည့်လိုက်လေ၏။

''ရှင်တို့ ဂန္ထဝင်သမားတွေ အဲဒါကြောင့် ခက်တယ်။ ဟိုဝေ့ သည်ဝိုက်နဲ့။ ကာရန်တွေ၊ နဘေတွေကို လက်လွှတ်မခံနိုင်တာကြောင့် လိုရင်းမရောက်တော့ဘူး။ ခေတ်နောက်ပြန် ဆွဲတယ်ဆိုတာ ဒါမျိုးပေါ့။ ကဗျာဆိုတာ နိမိတ်ပုံတို့ သင်္ကေတတို့ သိပ်အရေးကြီးတယ်။ ကာရန်ကို ဆုပ်ကိုင်တဲ့ခေတ်ဟာ ဟိုးဝေးဝေးမှာ ကျန်ခဲ့ပြီ''

''ဒီလိုတော့ ရှိ(ရယ်)သလိုပေါ့ လုပ်ပြီး သဘောဇာချဲ့ မပြောပါနဲ့ နှမကြီးရယ်။

ကျုပ်တို့ဟာ ဒါလီခင် ရန်ဘယာအပူမပျိုးတဲ့ သာကီဝင်မြန်မာ လူမျိုးတွေပါ။ မြန်မာဆိုကတည်းက မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာ၊ မြန်မာ့စာပေ ... အဲ ... အဲဒီထဲမှာ မြန်မာကဗျာစစ်စစ်ဆိုတာ ရှိတယ်။ မြန်မာအမျိုးစစ်ရင် မြန်မာကဗျာကို ခုလို မှိုချိုးမျှစ်ချိုး မပြောရဘူး နှမ ကြီးရဲ့''

''ကျွန်မပြောတာ ဒီသဘောမျိုး မဟုတ်ဘူး။ လမ်းရိုးဟောင်းက နေ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကာရန်ကိုပစ်ပြီး ရစ်သမ်ဘက်ကို လှည့်ဖို့ ပြောနေတာ''

''ရစ်သမ်ဟုတ်လား။ ကျုပ် သိပ်မရှင်းဘူး။ ဒီတော့ ကျုပ်နှမကြီး အနေနဲ့ မော်ဒန်ကဗျာတစ်ပုဒ်ကို လက်တန်းရွတ်ပြနိုင်မလား''

''ပျင်းတောင် ပျင်းသေးတယ်''

''ဒါဆို လုပ်လိုက်လေ။ အကြော်နဲ့ နှစ်ပွဲ''

ဆရာကြီးနှင့် ဆရာမကြီးကား အတိုင်အဖောက် ညီနေကြလေ ပြီ။ ကျွန်ုပ်တို့ ဆရာတပည့်ကား သက်ကြီးစကား သက်ငယ်ကြားရတော့ မညီမို့ ပညာဆည်းပူးရန် အသာကလေး ငြိမ်ကုပ်၍ နားစိုက်မိကြလေ၏။ သို့ကြိုက်



www.burmeseclassic.com

www.burmeseclassic.com


ဆရာမကြီးသည် ၎င်း၏ လက်ဖွဲ့တော် ပေဒါရောင် ဟန်း ဘက်အိတ်ထဲမှ နံ့သာယပ်တောင်ကို ဆွဲထုတ်လျက် တဖျတ်ဖျတ် ယပ်ခတ်ရင်း 'အဟမ်း'ဟူသော ချွဲကို ဟန့်လိုက်ကာ ရဲရင့်တောက်ကြွားသော ဟန်အမူအရာ အပြည့်ဖြင့် မော်ဒန်ကဗျာတစ်ပုဒ်ကို လက်တန်းရွတ်ပြ လိုက်လေတော့၏။

"ဆေးဆိုးထားတဲ့ ဆံပင်နဲ့
မုတ္တမခင်ဆိုတာ
ဆာလောင်ရင် ရေနွေးကြမ်းသောက်လို့
ပေါက်ကွဲရင် ထန်းလျက်စားတယ်"

အမလေး... ကောင်းလိုက်သည့် မော်ဒန်ကဗျာ။ ကိုရွှေတော သားတို့ ဆရာတပည့်နှစ်ယောက် ဆရာမကြီးမုတ္တခင်၏ မာန်နှင့်ဧာန်နှင့် ဟန်တို့ကို သဘောအကျကြီး ကျသွားခဲ့ချေသည်တကား။ ဆရာမကြီးကား သူ့မော်ဒန်ကဗျာကို ဆက်ပြန်ပါချေ၏။

"အမြီးပြတ်အိမ်မြှောင်ရဲ့အဆင့်အတန်း
အိုင်ပက်ပြီး ငါးတွေစမ်းသလို
အချမ်းပြေ မီးလှုံမပြန်နဲ့
ငါးပိမှန်ရင်တော့
တွံတေးငါးပိပဲဖြစ်ဖြစ်၊ မုတ္တမငါးပိပဲဖြစ်ဖြစ်
နံတာပါပဲကွယ်"

ဒါလည်း အင်မတန် အသည်းခိုက်လောက်သည့် စာသားများ။ ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက်အဖို့ ဆရာမကြီးကို ကြိတ်၍ လေးစားသွားမိချေတော့၏။

"ခါလီပြန်မလား...
အာမီရမ်လား...
အာနီးလို ဗလကောင်းမှ
ရေတ်သီးထထောင်းပါ။

သူများအတွက်တော့ ကြွက်သတ်ဆေး

ကိုယ့်အတွက်တော့ အရက်ဖြတ်ဆေး



ချိုသွေးတဲ့မာန
မင်္ဂလာတောင်ညွန့်မြောင်းမှာ ခဝါချ
ပဲပြုတ်နဲ့နံပြားဆိုတာ
ဆီ,ဆားပါမှ စားကောင်းတယ်
ဒါပါပဲ... "

အားလားလား... ဆရာမကြီးကား ဂုဏ်ယူဝင့်ကြွားစွာဖြင့် ၎င်း၏ မော်ဒန်ကဗျာ လက်တန်းစပ်ဆိုခြင်းအမှုကို ရပ်တန့်လိုက်လေ၏။

"ဂွဒ်ပါတယ် ငါ့နှမ။ ဂွဒ်ပါတယ်။ ဘာမှန်းမသိပေမဲ့ ငါ့နှမရဲ့ သဒ္ဒအသံလေးကြောင့် နားထောင်ရတာ အရသာရှိသား"

"ရှင်ကော ကျွန်မလို ကဗျာတစ်ပုဒ်ကို လက်တန်းရွတ်ပြနိုင် မလား။ ရှင်အားသန်တဲ့ ဂန္ထဝင်အမျိုးအစားပေါ့"

"အိုကေ"

"နေဦး ရှင်အလွတ်ကျက်လာတာ ရွတ်လို့မဖြစ်ဘူး။ ဆယ်ကျော် သက်အရွယ်ရဲ့ ဝေဒနာ၊ ချစ်ရသူဆီက ဖြတ်စာရလို့ ခံစားရတဲ့ အဖွဲ့ ကလေးကို လက်တန်းစပ်ပြီး ရွတ်ရမယ်။ ဘယ့်နှယ်လဲ"

"ပျင်းတောင်ပျင်းသေးတယ်"

"ဒါဆို လုပ်လိုက်လေ။ အီကြာကွေးနဲ့ ရှယ်တစ်ခွက်"

ဆရာမကြီးလည်း ပျော်တတ်သူ ဖြစ်ပုံရသည်။ ကျွန်ုပ်တို့မှာ တော့ ပွဲကြည့်သက်သက်။ ဆရာကြီး တွံတေးမျက်ပြူးသည် မျက်လုံးအစုံ မှိတ်ကာပါးစပ်က ရွစိရွစိ လုပ်ရင်း လက်အုပ်ချီလိုက်သည်။ ပြီးတော့ "ကဲ.. ရပြီ"ဟုဆိုကာ အောက်ပါအတိုင်း ဆရာမကြီး ကြားလိုလှသည့် ဂန္ထဝင်ကဗျာတစ်ပုဒ်ကို လက်တန်းရွတ်ပါလေတော့၏။

"မြို့သတင်း
မချို့ယွင်း
နို့ထမင်း
ပို့စ်မင်း ကိုလူပြောင်"

အလဲ့ ကဗျာတစ်ပိုဒ်ကို ချိုးလိုက်ပါချေပြီ။ အဆက်အစပ် ရှိ မရှိတော့ မသိ။ နဘေကတော့ မိမှမိ။ အသံကတော့ သာမှသာ။ ဆရာကြီး


www.burmeseclassic.com

www.burmeseclassic.com

တွံတေးမျက်ပြူးတစ်ယောက် အချိုးကဗျာဖြင့် ဂွဒ္ဒဝင်ကို အရောင်တင်လေတော့မည်လား။

''ဟော့.. ဆရာ ရှက်ရန်သဘော၊
ကနေ့မပါ မနက်ဖြန်ပြော
ရယ်မောလို့လှောင်''

အလို့... 'ပြောင်'နှင့် 'လှောင်' ဆိုသည့် အချိအချအသံတွေက ညီညွတ်လှပါ၏။ နောက်တစ်ပိုဒ်၌ ဘယ်လိုများ ခွာထောက်ကာရန်တွေ နှင့် ဆရာကြီး လက်စွမ်းပြလေမည်နည်း။ ကိုရွှေတောသားတို့ နားစိုက်ထောင်လိုက်ကြ၏။ ဆရာမကြီး မုတ္တမခင်မှာလည်း နှံ့သာယပ်တောင် လေးတဖျတ်ဖျတ်နှင့်။

''မြင်ပြန်ရင် ခေါင်းခါပြပါလို့
ဝေးဝေးက ခပ်ရှောင်ရှောင်
လွမ်းပိုအောင် ဒီမောင်ဘုန်း။
ခုတစ်ခေါက်တွင်တော့
ရောက်လာပြီ ရော့... အင့်ကွာတဲ့
ဝမ်းသာစွာ ဖောက်ဖတ်တုန်းမှာမှ
(ဟင်.. အဟင့်.. အဟင့်)
အိုဖုန်းလွှာပေါက်ကွဲတာမှ
(ဟာ... ဟ)
ရင်ထဲမှာ သက်သာမယ်ထင်ပါ့
(မောင်ရေ... သိုင်းကျူး)
ဆလမ်မာလေးကွန်း...
တာတာ... ဘိုင့်ဘိုင်တဲ့)
မဖွယ်အင်
တကယ်ပင်
အလွယ်သခင်
နွယ်သဇင် ပေမူးလွှာရယ်က
(ဘို့သိအချားဟဲ... )





ဝေမူးကာ ခြေနဲ့ခတ်ပါလို့
(တောက်... )
ရေဘူးမပါ နွေရဲ့အရပ်မှာ
(အိုးမိုင်ဂေါ့)
ဖြတ်စာနဲ့ မုန်း''

''ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း''

ကဗျာဆုံးသွားတော့ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်လည်း တိုင်ပင်မထားပါဘဲနှင့် လက်ခုပ်လက်ဝါးများ တီးမိကြလေ၏။

a a a

www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးနှင့် ဆရာကြီးတို့ ပြန်သွားချိန်ဝယ် ကျွန်ုပ်လည်း မော်ဒန်နှင့် ဂန္ထဝင်ကို လှည့်၍ အညှောင့်ထောင်ရန် ဂျာနယ်ကိုဖွရန် စိတ် ကူးသဖြင့် တပည့်ကျော်ကို တိုင်ပင်ကြည့်၏။

"သိပ်ကောင်းတဲ့ အိုင်ဒီယာပေ့ါ အာစရိရယ်"

"ကောင်းတာတော့ ဟုတ်တယ်။ ဒါပေမဲ့ သူတို့ လက်တန်းရွတ် သွားတဲ့ ကဗျာတွေကို မှတ်မထားမိတာ ခက်တယ်"

"ဟဲ.. ဟဲ.. ဟဲ.. မပူပါနဲ့ အာစရိရယ်။ တပည့်က ဒါမျိုး တွေ ကြိုမြင်လို့ အသံဖမ်းစက်ကလေးကို စားပွဲပေါ် မသိမသာ တင်ပေး ထားခဲ့တာ"

"ဟော့.. တော်တယ်ကွာ။ တော်တယ်။ မင်း သိပ်ကို တိုးတက် လာပြီကော ပလာယာ"

"ဒါဖြင့် ဒီညနေ တပည့်ကို လိုက်ပြုစုပေတော့"

"ကောင်းပါပြီ တပည့်ရယ်၊ ကဲ.. ဂျာနယ်အဟောင်းတွေ စု လိုက်ကွာ၊ ဖလင်တွေလည်း ခွာထား။ အခု ဈေးတွေကောင်းနေတာ။ အဲဒါတွေ ရောင်းချပြီး မင်းကို ပြုစုမယ်။ ပိုတာ မင်းကို အကုန်ပေးမယ် ဘယ့်နှယ်လဲ"

"အဲဒါကြောင့် အာစရိဟာ အာစရိ ဖြစ်နေတာပေ့ါ အာစရိရယ်"

ဟူ၍ ဆိုသည့်အခိုက် ဆရာတပည့်နှစ်ယောက်၏ ရယ်မောသံ နိုးနိုးခစ်ခစ်သည် မဖြစ်ညစ်ကျယ် ဂျာနယ်အခန်းတစ်ခုလုံးအား လွှမ်းခြုံ သွားပါလေတော့သတည်း။



# ထင်ပိမယောင်လည်း မှားခဲ့တယ်

"အာ... စိ... "

" "
....

"ဗျို... အာစိ... "

" "
....

"ကိုရွှေတောသားဆိုတဲ့ တပည့်ရဲ့ အာစရိ"

"ဟော... ဘာများတုံး ပလာယာရဲ့"

"တပည့်ခေါ်နေတာ မကြားဘူးလား။ 'အာ.. စိ'၊ 'ဗျို... အာစိ' ဆိုပြီး နှစ်ခါတောင် ခေါ်နေတာ"

"ဟ... ငါက 'အာ'လည်း မအာ၊ 'စိ'လည်း စိတဲ့သူမှ မဟုတ် တော့ ဘာဖြစ်လို့ မင်းခေါ်တာကို ထူးရမှာတဲ့တုံး"

"အာစရိလို့ ခေါ်ရင် လေကြောရှည်နေလို့ လိုရင်းတိုရှင်းအဖြစ် ဗျည်းနဲ့သရကို အတင်းကာရော နသားပါရ လုပ်ပစ်တာ အာစရိရဲ့"

"သိပ်လည်း မထွင်ပါနဲ့ကွာ။ အထွင်လွန်လွန်းရင် တို့မြန်မာစာ တွေ ပျက်စီးကုန်ပါ့မယ်။ ဒါထက် ဘာကိစ္စရှိလို့လဲ။ ပြောစရာရှိတာ မြန် မြန်ပြော။ ဟောဒီမှာ ကဗျာတစ်ပုဒ် ဖတ်နေလို့"

"ဘယ်သူ့ကဗျာတုံး အာစရိ"

"ကမ္ဘာကျော် နိုင်ငံခုန် မော်ဒန် ကဗျာဆရာမကြီး မုတ္တမ[illegible]ရဲ့ သားကြီးသြရသ ရေးတဲ့ ကဗျာ"


www.burmeseclassic.com

www.burmeseclassic.com

''သူ့သားကြီးရဲ့ ကလောင်အမည်က. . . ''

''ဖြိုးပိန်တဲ့။ မင်း သူ့စာတွေ သူ့ကဗျာတွေ ဖတ်ဖူးတယ် မဟုတ်လား''

''ဖတ်ဖူးတယ် အာစရိ။ ဝွဒ်တယ်။ အဲဒီ ဆရာလည်း သူ့မာတာကြီးလိုပဲ ကိုယ့်ကိုယ်ကိုယ် ကိုယ်ရည်သွေး တီးလုံးတီးတဲ့နေရာမှာ သိပ်လက်သံပြောင်တဲ့ ပုဂ္ဂိုလ်''

''အံမယ် လုပ်စမ်းပါဦး''

''မဂ္ဂဇင်းတစ်စောင်ထဲမှာ ရေးခဲ့တာ အာစရိရဲ့။ မဂ္ဂဇင်းနာမည်ကိုတော့ ခပ်မေ့မေ့ပဲ''

''နာမည်ကို ထားလိုက်စမ်းပါကွာ''

''ဒါဖြင့် မှတ်မိသလောက် သူရေးခဲ့တဲ့ ကဗျာတစ်ပိုင်းတစ်စကို ရွတ်ပြတော့မယ်''

''. . . ခုတလောမှာ
'ချမ်းအင်းအိမ်'
'ကြည်မွေ့အိမ်'
'ငြိမ်းအေးအိမ်'
'အင်ကြင်းအိမ်'
'သွန်းနှင်းအိမ်'
'လမင်းအိမ်'
ပြီးတော့ 'လဂွန်းအိမ်'တဲ့
အိမ်တွေ အိမ်တွေ
အချိန်နဲ့အမျှ
ငါ သတိရလိုက်တာကွယ်။
အကြောင်းမှာ
ငါနဲ့ ငါ့ရည်းစားဘဝ
ဒလနဲ့ ပန်းဆိုးတန်းလို
(အို. . . အို. . . )
ရန်ကုန်မြစ်က မြားခဲ့ပြီ။





ဖြိုးပိန်ကို ချိုးနှိမ်ဖို့ မကြိုးစားလိုက်ကြပါနဲ့။
ကြိုးကြိမ်ဆိုရင်တော့
ကုလားထိုင် ထိုးပစ်လိုက်မယ်။
ဖြိုးပိန်ဘာလဲ။
ဘယ်လဲ. . .
လေထဲခြေကန်
ဆီကျန်ရေကျန်ကို
ပြောင်အောင်လူး
ညှောင်ရွက်တွေ ခူးလို့ဆောင်လို့
ဆာလောင်ရင် လေးဘက်ထောက်ပြီး
ပေါက်ကွဲရင်
ရေနွေးကြမ်းသောက်တယ်
ဒါပါပဲ. . . ''

''ဟာ. . မင်းတော်တော်မှတ်မိ ဖတ်မိတဲ့သူပဲ၊ တော်သကွာ။ သူလည်း သူ့အမေကြီးလို လက်သံပြောင်သားကွနော်''

''ဒါပေမဲ့ အာစရိရယ် ကျွန်တော်ကတော့ မြန်မာပြည်သား စိတ်ဓာတ်အပြည့် ရှိလို့လားမသိဘူး။ ကာရန်ပန်းပွင့်တွေကို မဟားဒယား သိနိုင်းတဲ့ ဆရာကြီး 'တွံတေးမျက်ပြူး'ကိုပဲ သဘောကျတယ်။ ဒါအလွန် အတွေးနက်ကျူးတဲ့ စကားကို ဆိုလိုက်တာပဲ အာစရိ''

''ပုစွန်အကွေးနဲ့ တစ်ခွက်မူးရင်တော့ မကောင်းဘူးနော်''

''ဟော. . ဟော ပြောရင်းဆိုရင် အာစရိလည်း နဘေဓာတ်တွေ ကူးလာပြီ။ တကယ်တော့ မြန်မာကဗျာရဲ့အလှကို ဘယ်မော်ဒန်မှ လိုက်မမီပါဘူး အာစရိရယ်'

''ဒါပေမဲ့ကွယ်. . . ကဗျာကို ကဗျာနဲ့တူအောင် ရေးဖို့ပဲ လိုပါ တယ်။ ကဗျာပီလို့ကတော့ ဒန်သော ဂန်သော ဘာမှ မဆိုင်ပါဘူး။ ကြိုက်ကြမှာပါပဲ။ ဟောဒီမှာ ငါဖတ်တဲ့ ကဗျာကို မင်းနားထောင်စမ်း။ ကဗျာဆရာ ဖြိုးပိန် ဘယ်လောက် တော်သလဲဆိုတာ မင်း သဘောပေါက် သွားလိမ့်မယ်''

ကဗျာဓာတ်လိုက်သွားသော ပလာယာတစ်ယောက် ကျွန်ုပ်၏


www.burmeseclassic.com

www.burmeseclassic.com

ညို့စားချက်ထဲမှ မလွတ်နိုင်တော့။ ဤတွင်ရွှေ ကျွန်ုပ်လည်း လက်ထဲတွင်ရှိသော ဖြိုးပိန်၏ ကဗျာကို ရွတ်ဖတ်ပြလေတော့၏။

...
ငါ့ရှေ့မှာ
ငါ့မိန်းမကို ပိုးပန်းနေသူဟာ
မိတ်ဆွေ ဖြစ်နိုင်ပါ့မလား။

ပဲပလာတာက
ကြာကြာဝါးမှ
အာစလျှာစတွေ ကပ်တယ်။

ကြည့်စမ်း
လွှမ်းစရာ ကောင်းလိုက်တာ
တာတေကြီးနဲ့ ဒေါ်မြလေးရေ့...
အိကြာကွေးကို နှစ်ခြမ်းခွဲကြ
ဆမူဆာကို ထက်ပိုင်းဖဲ့လိုက်ကြ။

ဖျတ်ခနဲ
ဘာမှမရှိတဲ့ဆရာဝန်... ဆိုတဲ့
Dr. No ရုပ်ရှင်ကား
သွားပြီး သတိရ
ပဋိသန္ဓေ ယောနိသော။

ကျွန်ုပ်၏ ရွတ်ဖတ်မှု ပြီးဆုံးသောအခါ ပလာယာလည်း သူ၏ ကြီးမားကျယ်ပြန့်သော လက်ဝါးနှစ်ဖက်အား ခြင်ရိုက်သကဲ့သို့ ရိုက်၍ ''ကောင်းပါပေ့၊ မိပါပေ့၊ ထိပါပေ့။ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ ပါဠိဘာသာစကားတို့ကို ကျွမ်းကျင်စွာ သွတ်လှယ်သွားနိုင်ပါ ပေ့''ဟု ကောင်းချီးအလီလီ ပေးလေတော့၏။





''ဒါပေမဲ့ကွာ... မြန်မာမဆန် ကာရန်စည်းစနစ်မရှိတဲ့ ကဗျာမျိုးလောက်ကိုတော့ ငါတို့ရဲ့ ဆရာကြီး တွံတေးမျက်ပြူးက 'ဘိုသိအချားဟဲ' လုပ်ပြီး အားလုံးက ဆလမ်မာလေးကွန်း လုပ်လာရလောက်အောင် အသာကလေး အုပ်ထည့်သွားလိမ့်မယ်။ စိတ်ချ။ သူ့လို နဘေထပ်လေးချိုး ကြီးမျိုးကို ဘယ်သူတွေ ရေးနိုင်သလဲ။ မြန်မာစာပေသမိုင်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြီးရင် သူကွယ့်''

ထိုခဏ ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက် ရာသီရောက်နေ၍ထင့်။ ကောင်းကင်မှ မိုးကြိုးထစ်သံကို ကြားလိုက်ရချေ၏။

''ကဲ .. ဒါတွေ ထားလိုက်ကြစို့ အာစရိ။ မနက်က အာစရိ ရောက်မလာခင် ကျွန်တော်တို့ မဖြစ်ညစ်ကျယ် ဂျာနယ်ရဲ့ ဖိုင်နင်ဆာ 'မိုးမြင့်အာကာယံ' ရောက်လာတယ် အာစရိ''

''ထွီ... အဲသည်နာမည်ကြီး မခေါ်စမ်းပါနဲ့ကွာ။ 'မအပ်တဲ့မရာ၊ ပိတ်ရာပြိဗိဇိ ဖြစ်သွားမယ်။ စွပ်ပရားဟာ စွပ်ပရားပဲပေါ့''

''အဟီး... ဟုတ်ပါရဲ့။ တပည့်က အဖားလွန်ပြီး နူတ်ကျိုးသွားလို့ပါ''

''ထားပါတော့ကွာ။ စာတစ်လုံး၊ ကဗျာတစ်လုံးမှ မရေးတတ်ဘဲ သူ့ကိုယ်သူ ကဗျာဆရာ၊ စာရေးဆရာ၊ ဘာသာပြန် ဆရာရယ်လို့ ခြေဖျားထောက်နေတဲ့ (မူတူးဆာမိရဲ့ယောက်ဖ) စွပ်ပရားက ဒီကိုလာပြီး ဘာတွေပြောသွားသလဲ''

''ကိစ္စက မနက်ဖြန် သူနဲ့အတူ မန္တလေးကို လိုက်ခဲ့ရမယ်တဲ့၊ တစ်ညနဲ့ တစ်နေ့ပဲ ကြာမှာမို့၊ ပြီးတော့ သွားစရိတ် လာစရိတ်၊ စား သောက်စရိတ်၊ တည်းခိုစရိတ်တွေအားလုံး သူခံပါ့မယ်တဲ့''

''မင်းကော ပါမှာလား''

''ပါမှာပေါ့ အာစရိ။ သူက ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်စလုံးကို ခေါ်တာခင်ဗျ''

''မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ ပလာယာရေ''

''ကျွန်တော်ပါသွားပဲ အာစရိရယ်။ ဘာမှ မပူနဲ့။ လမ်းမှာ စွပ် ပရား တပည့်တို့ကို ကကျီကကြောင် လုပ်လို့ကတော့ ပလာယာနဲ့ကို



www.burmeseclassic.com

www.burmeseclassic.com

ညှပ်ပစ်လိုက်မယ်''

တပည့်ကျော်ကား လွန်စွာအားကိုးရသော ကျွန်ုပ်၏ ညာလက်ရုံးသဖွယ်တည်း။ ၎င်းကြောင့် ချောက်ကျခဲ့ရသော ဖြစ်ရပ်တွေ ရှိခဲ့ဖူး သကဲ့သို့ 'တပည့်လိမ္မာတော့ ဆရာအာပတ်လွတ်'ခဲ့ရသော အဖြစ်တွေ လည်း အသချေ်အနန္တ ရှိခဲ့ဖူးပါသည်လေ။

''ဒါဖြင့် ဒီညနေ ဂျာနယ်တိုက်က စာစောဆင်းမယ်။ နောက်နေ့ အဝတ်အစားတွေ ဘာတွေ ထည့်ဖို့ ပြင်ရဆင်ရအောင်''

''ဩော်... အဝတ်အစားက များများ ရှိတာကိုး''

''ဒါထက် မပြောကောင်းမဆိုကောင်း ပြောရဦးမယ် အာစရိ''

''ဘာများတုံး ပလာယာရယ်''

''ကျွန်တော်တို့ရဲ့ ဘော့စ်စွပ်ပရားဟာ တော်တော် ဥပမိရုပ် ညံ့တယ်နော်''

''ဒါပေမဲ့ ကာသိုလ်ကံတော့ တို့များထက် သာတယ်ကွယ့်။ သာလို့လည်းပဲ သူ့ရဲ့လက်အောက်မှာ တို့များ လှုပ်ရှားနေရတာကိုကြည့်''

''အင်္ကျီချွတ်နဲ့များ နေလိုက်ရင် တကယ့် မီးသွေးရောင်းတဲ့ ကုလားပဲ''

''ကွမ်းယာတွေ ရဲပတောင်းခတ်အောင် ဝါးနေရင်ကောကွာ''

''မျောက်ဖင်နီနဲ့ နင်လားငါလားပေါ့''

''မင်းကွာ... ကိုယ့်အလုပ်ရှင်ကို အဲသလို မှိုချိုးမျှစ်ချိုး မပြောပါနဲ့။ အသားမည်းတယ်ဆိုပေမဲ့ မယုံရင် ထုံးသုတ်ကြည့်။ ဖြူပါသော် ကောကွာ။ အရုပ်ပုတယ်ပြောဦးမလား။ ကုလားမခြေထောက်ကို သူ့စီးနိုင်းလိုက်။ တော်ရုံတန်ရုံ အရပ်မြင့်တဲ့သူတွေ သူ့ကို မော်ကြည့်သွားရမယ်။

ကဲ.. ကဲ.. ဟိုအတင်း သည်အတင်း ချနေတာနဲ့ အချိန်တောင် စောင်းလာပြီ။ သိမ်းကွာ။ (၄၂)လမ်း ချိတက်ရအောင်''

''ဒကာတွေ့ထားသလား အာစရိ''

''အေး... အဲဒီမှာ ကြော်ငြာခွင်တစ်ခု ဖန်လာတဲ့ ကိုနံကြီး (ငွေးသီးဇန်း)စောင့်နေလိမ့်မယ်''

''ဖြစ်ပါ့မလား အာစရိ။ သူက သူ့ကိုယ်သူ ကျော်ဟိန်းရဲ့ သူငယ်ချင်း၊ ဇော်ခင်ရဲ့ သူငယ်ချင်းဆိုပြီး မအပ်မရာ စကားလုံးတွေနဲ့ ကိုင်ပေါက်





နေမှဖြင့်''

''အဲသည်တော့လည်း ကိစ္စမရှိပါဘူးကွာ။ သူ့ဆရာ မောင်တေမိ ရဲ့ လက်သုံးဆောင်ပုဒ်အတိုင်း မည်သူမဆို ကိုယ့်ဝက်ခြံကိုယ်ညှစ်၊ ကိုယ့်လက်ကျန်ကိုယ်ကစ်ကြတာပေါ့။ ဟုတ်တယ် ဟုတ်''

''ဟုတ်... ဟုတ်... ဟုတ်ဟုတ်''

a a a

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုရွှေတောသားသည် မလိုအပ်ဘဲ ဝါကျပေရှည်ခြင်းမျိုး ကို လွန်စွာမှ ရွံမုန်းသောသူ ဖြစ်ချေ၏။ ထို့ကြောင့်လည်း မနေ့ညက ကိုနံ့ကြီး(ငွေးသီးဗန်း)နှင့် တွေ့ဆုံကာ 'ချိုးယားစ်'လုပ်ကြရင်း ပါးဖြန်းပြ စားကြသောက်ကြ၊ မူးကြပြီး ပိုက်ဆံရှင်းမည်ပြုသောအခါ ကတ်ကတ် သတ်သတ် လုပ်နေသဖြင့် ပလာယာက ဆိုင်ထောင့်မှ ခွေးခြေကို ဆွဲမြှောက် လိုက်၏။ အမှန်တော့ ပလာယာသည် ကိုနံ့ကြီး(ငွေးသီးဗန်း)အား ရန်သတ္တုပြု မဟုတ်။ ညှော်ခံပွဲအချို့၌ ကျင့်သုံးမိသည့် ဝသီအတိုင်း ခွေးခြေအား သူရသော လက်ဆောင်ဟု ထင်ကာ မ,မိခြင်း ဖြစ်ပါသည်။ ဒါကို ကိုနံ့ကြီး(ငွေးသီးဗန်း)ခမျာ အလွဲ အဓိပ္ပာယ်ကောက်လျက် ဒူးတွေ တဆတ်ဆတ်တုန်ရင်း ကျသင့်ငွေကို ရှင်းပေးကာ အမှောင်ထုကို အားကိုးလျက် သုတ်ခြေ ကိုယ်ယောင်ဖျောက် သွားလေတော့၏။

ဒါတွေကိုလည်း ကျွန်ုပ် ကိုရွှေတောသားသည် ပေရှည်စွာဖြင့် မရေးဖွဲ့ချင်ပါ။ စာဖတ်ပရိသတ်ကို အားနာဖို့ ကောင်းလှသည်။ သည်တော့ လည်း လိုရင်းကို တိုပြီးရှင်းလိုက်တာ ကောင်းမည်။ (စကားချပ်)

သည်လိုနှင့် နောက်တစ်ရက်ရောက်တော့ ကျွန်ုပ် ကိုရွှေတောသား တပည့်ကျော် ပလာယာ၊ ပြီးတော့ ကျွန်ုပ်တို့၏ ဖိုင်နင်ဆာ ဘော့စ် တို့သည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးသို့ ရောက်ခဲ့ ပါချေ၏။ ရထားမှ ဆင်းကြသောအခါဝယ် အခြားခရီးသည်တစ်ယောက် သည် ကျွန်ုပ်တို့ ဘော့စ်အား ဘယ်သို့ ထင်သည်မသိ။

''ဟော့... ဆပ်... ဟောဒီအထုပ် ကားဂိတ်သယ်ပေးစမ်း''





''ဘာ... ဘာဗျ။ ကျုပ် ကူလီမဟုတ်ဘူး။ သူဌေးဗျ.. သူဌေး''

''အယ်... ဆောရီး... ဆောရီး။ တောင်းပန်ပါတယ်ဗျာ''

ဘော့စ်ကား သူ့ဥပမိရုပ်ကိုကြည့်၍ ကူလီဂံဘားဟု ထင်မှတ် သွားခြင်းအပေါ် စိတ်မကြည်တော့။ ကျွန်ုပ်တို့ လာရင်းကိစ္စကား မန္တလေးရှိ စာပေဖြန့်ချိရေးများထံမှ ငွေယူရန်ကိစ္စ ဖြစ်သည်။ ထို့ထက် မန္တလာမှ မိုးမြင့်အာကာယံ အမည်ရှိသော စွပ်ပရားအား ခွံခွံချောချော ကဗျာဆရာ၊ စာရေးဆရာ၊ ဘာသာပြန်ဆရာဟူ၍ မှတ်ယူထားသော ဝါသနာရှင် မိန်းကလေးတစ်ဦးနှင့် တွေ့ဆုံရန်လည်း အချိန်းအချက် ပြုထားသောကြောင့် ဖြစ်၏။

ကျွန်ုပ်တို့ ရောက်ရှိကြသော အချိန်သည် ညကာလ ဖြစ်သည်မို့ ဟိုဟိုသည်သည် မသွားတော့ဘဲ ဟိုတယ်၊ တည်းခိုခန်း တစ်ခုခုသွားကာ အနားယူအိပ်စက်ဖို့သာ ဆုံးဖြတ်ချက် ချလိုက်ကြတော့၏။ ကံအား လျော်စွာပင် သန့်ရှင်းသပ်ရပ်ခံ့ထည်သော ဟိုတယ်တစ်ခုကို ငှားရမ်းလိုက်မိ၏။ သည်မှာတင် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရ၏။ ၎င်းမှာ မခြားမဟုတ်၊ ကျွန်ုပ်တွင်သော်လည်း ကောင်း၊ တပည့်ကျော် ပလာယာတွင်သော်လည်းကောင်း မှတ်ပုံတင်ပါရှိသော် လည်း စွပ်စရားခမျာ မှတ်ပုံတင် ဘယ်ထားမိမှန်းမသိဘဲ ပျောက်နေ၏။

မန်နေဂျာမှာ ကျွန်ုပ်တို့ ဆရာတပည့်အား ဘော့စ်တွေဟု ထင် လျက် အားနာနေ၏။ တကယ့်ဘော့စ်အစစ်အမှန်ကိုမူ မျက်စောင်းတခဲခဲ။ မှတ်ပုံတင် ပျောက်သည်ဆို၍ ဟောက်ပင် ဟောက်နေသေး။

''ညှော်စာရင်း လာစစ်ရင်တော့ ကျွန်တော် ပြောသလို လုပ်ရမယ်နော် ဆပ်''

''ဟုတ်ကဲ့''

စွပ်ပရား မတတ်သာတော့။ မှတ်ပုံတင် ရှာမတွေ့၍ မန်နေဂျာ ပြုသမျှ နုရမည့် အဖြစ်။

ကနဦးပိုင်းတော့ အခြေအနေတွေက ရှောရှောရှူရှူ။ ကျွန်ုပ်တို့ ရေချိုးကြ၏။ အဝတ်အစားတွေ လဲကြ၏။ အစားအသောက်တွေ စားကြ ၏။ ပြီး တီဗီလေး ဘာလေး ကြည့်ပြီး အိပ်ရာဝင်လိုက်ကြရာ မှေးခနဲရှိသေး အလုပ်သမားတစ်ယောက် တံခါးလာခေါက်သဖြင့် အိပ်ချင်မူးတူးဖြင့် ပလာယာ



www.burmeseclassic.com

www.burmeseclassic.com

ထဖွင့်ပေးလိုက်ရလေ၏။

''ဘာဖြစ်လို့တုံးကွ''

''မန်နေဂျာက ဟိုလူကို သူ့ဆီ မြန်မြန်လွှတ်လိုက်ပါတဲ့''

''ဘာဖြစ်လို့ လွှတ်ရမှာလဲကွ''

''ညွှန်စာရင်းစစ်မယ့်သူတွေ လာနေကြပြီတဲ့။ မိသွားရင် စခန်းသွားပြီး ရှင်းရမှာ''

''ဟာ... ဟုတ်လား။ ဒါဖြင့် မဖြစ်ချေဘူး။ ကဲ.. ဘော့စ် ဘယ်လိုမှ သဘောမထားနဲ့။ မန်နေဂျာ ကောင်းသလို စီစဉ်မှာကို လိုက် နာဖို့ မြန်မြန်သာ လိုက်သွားပေတော့''

စွပ်ပရားခမျာ မျက်နှာကလေး ဆီးရွက်ဖြင့် အလုပ်သမားနောက်သို့ လိုက်ပါသွားလေတော့၏။ မကြာပါချေ။ ညွှန်စာရင်း စစ်မည့်သူများသည် အမှန်တကယ် ရောက်ရှိလာကြရာ တစ်ခန်းဝင်တစ်ခန်းထွက် စစ်ဆေးလေတော့၏။ ကျွန်ုပ်တို့ အခန်းကိုလည်း စစ်ဆေး၏။ မူလကတည်းက မှတ်ပုံတင်ပါသော ကျွန်ုပ်၏ ဆရာတပည့်နှစ်ယောက်သာ စာရင်းပေးထားလေရာ ဘာမျှ ပြဿနာမရှိ။ ကျွန်ုပ်တို့ကား ထိုအချိန်ဝယ် ကျွန်ုပ်တို့ အတွက် မပူဘဲ ဘော့စ်အတွက်သာ ပူနေမိလေ၏။

စစ်ဆေးသူများ ပြန်သွားကြလေသောအခါဝယ် ကျွန်ုပ်တို့ ဆရာတပည့်သည် ဘော့စ်တစ်ယောက် ဘာများ ဖြစ်နေပါလိမ့်ဟူသော အတွေးဖြင့် တခြားအခန်းတွေလို ပြန်မအိပ်ကြဘဲ အောက်ထပ်သို့ ဆင်းသွားမိလေရာ

''ဟာ... အလိုလေး''

မြင်လိုက်ရသော မြင်ကွင်းကား စိတ်မသက်သာဖွယ်။

ကျွန်ုပ်တို့ ဘော့စ်ဖြစ်သူ စွပ်ပရားကား နဂိုမူလ အဝတ်အစားနှင့် မဟုတ်။ မန်နေဂျာ၏ ဉပါယ်တံမျဉ် စီစဉ်မှုဖြင့် ဝန်ထမ်းအသွင်၊ စိတ်တာသဖွယ်၊ ဘိုင်ကုလားအဖြစ် အထက်အဖြူ၊ အောက်အဖြူ၊ ဦး ထုပ်အတွန့်အဖြူနှင့် မည်းပြာသော အသားအရေပေါ်လွှမ်းလျက် ဘဝ ပြောင်းသွားခဲ့လေသည် တကား။

ဘော့စ်ကား အယောင်ဆောင် ဘိုင်ကုလား။

အခန်းထဲရောက်သော် စွပ်ပရားသည် သူဌေးစစ်စစ် ကေန်ဖြစ် ပါလျက်





လတ်တလော ဘိုင်ကုလားဘဝ ပြောင်းသွားရခြင်းကို ရင်ထုမနာ ဖြစ်၍မဆုံး။

သည်အဖြစ်ကို သင်ခန်းစာယူ၍ ရန်ကုန်သို့ ပြန်ရောက်သော အခါ သူ့ကို မြင်ကြတွေ့ကြသူတိုင်း သူဌေးမှန်း သိသာစေရန် ဆွဲကြိုး၊ လက်စွပ်(၈)ကွင်း၊ ဟမ်းဖ်ချိန်း၊ ရွှေလက်ပတ်နာရီတို့ကို သွားရောက်ဝယ်ယူကာ မချွတ်တမ်း ဝတ်ဆင်ထားသည်မှာ သည်ကနေ့ထက်တိုင် အထိ။ ဟီ... ဟီ။

www.burmeseclassic.com

# မော်ကွန်းလည်း ထိုးလောက်တယ်



အိန္ဒိယစကားပုံလေး တစ်ခုကို ကျွန်ုပ် ကြားဖူး၏။ ယင်းမှာ "ကိုယ်ကိုယ်တိုင် သွားကိုက်ခံရဖူးပါမှ သူများ၏ သွားကိုက်ခံရမှုကို နားလည်မည်" ဆိုသော စကားတည်း။

ကျွန်ုပ်တို့၏ နိုင်ငံရှိ ပညာရှိ တော်တော်များများမှာ "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်၊ သုတ်သင်ကာမျှ၊ လွယ်ကာရ"ဆိုသော စကားစဉ်အတိုင်း အဆိုပါ စကားပုံလေးကို အပွားခတ်လိုက်ကြသည်မှာ . . . "ကိုယ်ကိုယ်တိုင် မျက်ရည်ကျဖူးမှ သူများ၏ ရှိုက်သံကို နားလည်မည်" တို့၊ "မိမိကိုယ်တိုင် ဒဏ်ရာရဖူးမှ သူများ၏ အမာရွတ်ကို ထောက်ထားကြင်နာနိုင်မည်"တို့ ဖြစ်လာလေသတည်း။

'ဘူးသီးပုံ အနွတ္တ အမည်သညာ ရှိပေထသော ဂျာနယ်၌ ကျွန်ုပ်မင်းမူစိုးစံကာ တစ်မိုးလုံး ဖျောက်ဆိပ်အဖြစ် အကောင်းစားကြီး ကောင်းစားခဲ့စဉ်က တစ်နေ့နေ့ တစ်ချိန်ချိန်၌ ငါသည် လေထန်ကုန်းရှေ့၊ လေအန်ကုန်းရှေ့၊ လေးဆယ့်နှစ်လမ်းရှေ့၊ ကိုလီဗောတံတားရှေ့တို့၌ ထီးထမ်းလမ်းလျှောက်ရမည့် အယ်ဒီတာပြုတ်တစ်ယောက် ဖြစ်လိမ့်မည်ဟု မတွေးတောမိခဲ့။ ကမ်းနားသစ်ပင်၏ သဘောသဘာဝကိုလည်း ထည့်မစဉ်းစားခဲ့။ ဘူးသီးပုံဂျာနယ်အား ထုတ်ဝေသူ အိစံကွားလား မသိအောင် နည်းလမ်းအသွယ်သွယ်၊ အကြံအဖန် အမျိုးမျိုးဖြင့် ခုတ်ထစ်လှီးဖြတ်၍ ရလာသမျှကို ဟိုသင်းဟိုတှာ ကိစ္စများ၌ သုံးခဲ့သည်။ အပါးတော်မြဲ တပည့်ကျော်များဖြစ်ကြကုန်သော ဆင္ဒဂံငါးစင်ရိုင်း၊ ပန်းခွေလှိုင်၊ မည်းပြောင်ခြေခွေး၊ ကိုနံကြီး(ငွေးသီးဗန်း)တို့နှင့် သူတော်ချင်းချင်း သတင်းလွှေ့ရွှေ့ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com


ဖက်တွေ့ကာ ''သောက်တော်ဘူးရယ်နဲ့ အိုမကွာ . . . အိုမကွာ''ဖြစ်လျက် သန်းခေါင်ကို နှေမှတ်ခဲ့၏။

ထိုအချိန် ထိုကာလများအား ကျွန်ုပ်မည်သော မောင်တေမိ အတွက် (အလွမ်းသီချင်းရေးတဲ့ မောင်ကျော်ဇော၏ စကားကို ပွဲစားမပါဘဲ ငှားပြောရလျှင်ဖြင့်) ကြွေပြီးပေါင်းတဲ့ သစ်ရွက်များပမာ။ ရွှေထီး ဆောင်းခဲ့ နှစ်ရက်များစွာပါတည်း။ ကျွန်ုပ်၏ ဘော္ဒ အိစံကွားလားမှာ ကိုရွှေတောသားနှင့် ၎င်း၏တပည့်ကျော် ပလာယာတို့၏ ဘော္ဒဖြစ်သော စွပ်ပရား(ခေါ်) မိုးမြင့်အာကာယံနှင့် လိုင်းချင်း တူသူများမို့ ၎င်းတို့နှစ်ဦး တစ်နေရာရာ၌ စခန်းချနေသည်ဟု ကြားရလျှင် ဘူးသီးပုံဂျာနယ်တိုက် ဝယ်အရာရာသည် ကျွန်ုပ်ခြေ ကျွန်ုပ်လက်။

အိစံကွားလားက ဘာသာပြန်ဆရာ မောင်ကြွား၏ စာမူတစ်ပုဒ် ကို နှစ်ထောင် သတ်မှတ်ပေးလျှင် ကျွန်ုပ်က ကြားမှ တစ်ထောင်တိတိ ဖြတ်ခုတ်ကာ မောင်ကြွားအား စာမူခတစ်ထောင်ကျပ်သာ ပေး၏။ ဆရာ မောင်ကြွားမှာ ''ထမင်းစားဖို့ ဘာသာပြန်သူ မဟုတ်၊ ဘာသာပြန်ဖို့ ထမင်းစားသည်'' ဟူသော ဖလော်ဆော်ဖီကို ကိုင်စွဲလျက် ဘာသာပြန် လောကထဲသို့ ခြေစုံသာ ပစ်ရုံမဟုတ်၊ တစ်ကိုယ်လုံးပင် နှစ်၍ ဝင်လာခဲ့ သူ ဖြစ်၏။ အိစံကွားလားသည် ဆရာမောင်ကြွားကို မတွေ့မမြင်ဖူးလင့် ကစား ဆရာမောင်ကြွား၏ ကားရင့်ဖြစ်မည့် သတင်းအချက်အလက်ကို ရွေးချယ်တတ်မှု၊ ဘာသာပြန်ဆိုရာဝယ် ညက်ညက်ညောညော ရှိမှုတို့ အပေါ် အတော်ကလေးပင် ''ဝ အားကီးဝမ်းသာလယ် ကြိုက်လယ်' ဖြစ်နေလေရာ ကျွန်ုပ်လည်း ဆရာမောင်ကြွားအား တစ်ပတ်လျှင် သတင်း ဆောင်းပါး သုံးပုဒ်မျှ ပြန်ဆိုပေးပါရန် တောင်းခံရလေတော့၏။

ဤ၌ ဘာသာသာ ထိုင်ပြန်ရမည်ဆိုပါက အိမ်သာတက်နေသည့် တိုင် မေ့နေတတ်သော ဆရာမောင်ကြွားလည်း ''ကောင်းလှုပ်လေး . . ဂွဒ် . . ဂွဒ်''ဟု ရေရွတ်ရင်း ကျွန်ုပ် မောင်တေမိ အကြိုက်ကို လိုက်လျောတော်မူရှာပါ၏။ ထိုအခါဝယ် တစ်ပတ်လျှင် ဆရာမောင်ကြွား၏ လက်ရာသည် သုံးပုဒ်ပါသည်ရှိသော် တစ်လဆိုပါက (၁၂)ပုဒ် ဖြစ်မည်သာတည်း။ အိစံကွားလားက တစ်ပုဒ်ကို နှစ်ထောင်ဆိုတော့ (၁၂)ပုဒ်ဆိုလျှင် (၂၄၀၀၀ိ/) အား ဆရာမောင်ကြွားမှ ရရှိမည် ဖြစ်သည်။ သို့သော် အိစံကွားလားသည် ဆရာမောင်ကြွားကို မသိမမြင်ဖူးခဲ့။ သိမြင်ရအောင်လည်း ကျွန်ုပ်အနေဖြင့် ဘယ်သောအခါမှ မစွမ်းဆောင်ခဲ့။ သို့မဟုတ်ပါက ကိုယ့်ငတ်တွင်း ကိုယ်တူးသလိုမျိုး ဖြစ်ချေမည် မဟုတ်ပါလား။ ထိုအခါဝယ် တစ်လဆိုလျှင် ဆရာမောင်ကြွား၏ ဦးနှောက်ကိုဖောက်၊ လုပ်အားကို ညှစ်ဖြင့် (၁၂၀၀၀ိ/) တည်းဟူသော ငွေကြေးသည် ကျွန်ုပ်၏ ခါးပုံစ (အဲ . . . အဲ . . . )ပိုက်ဆံအိတ်အတွင်းသို့ လျှောခနဲ ဝင်လာလေရာ 'မောင်တေမိ'တို့အကြိုက် 'ကျွမ်းစိုက်ဖို့ရာ' ဖြစ်လာလေသတည်း။


www.burmeseclassic.com

www.burmeseclassic.com

''အခြွေအရံဆိုတာ ခြွေမှ ရံတတ်တာမျိုးကွယ့်''

အဆိုပါ စကားကို ကျွန်ုပ် လုံးဝ ကန့်ကွက်ခြင်း အလျဉ်းမရှိ၊ ထောက်ခံပါ၏။ အထက်ပါနည်းဖြင့် ရလာသော ငွေတို့သည်လည်းကောင်း၊ ဂျာနယ်တစ်စောင်လုံးကို ကလောင် ပေါက်တတ်ကရတပ်လျက် သတင်းရေးရာမှ ရလာသော စာမူခများသည်လည်းကောင်း၊ မျက်နှာဖုံးရှင် ဖြစ်ချင်သူတို့ထံမှ လှီးချွတ်၍ ရလာသောငွေတို့သည်လည်းကောင်း ကျွန်ုပ်၏ လက်ဖျား၌ စိန်ပွင့်ခဲ့အလား သီးနေပွင့်နေလေရာ ကျွန်ုပ်၏ ပွဲတက်မယားကြီးဖြစ်သော ဒေစီဘုတ်ဆုံဆိုလျှင် ကျွန်ုပ်အား ''ကိုကိုတေ... ကိုကိုတေ'' ဟူ၍ ပါးစပ်ဖျားမှ မချသလို ကျွန်ုပ်၏ ဖော်ပြခဲ့ပြီးဖြစ် သော တပည့်အပေါင်းမှာလည်း ကျွန်ုပ်အား ''ဆရာ၊ အာစရိ၊ ဘော့စ်၊ မာစတာ''စသည်ဖြင့် အာလာပန မည်သော ဝိသေသကို ရေရှုခေါ်ဝေါ် သည့် အာလုပ်ပုဒ်တွေ လှိုင်လှိုင်ကြီး သွန်းဖြိုးခဲ့ကြလေ၏။

ဒေစီဘုတ်ဆုံအား ဘတ်ငွေအချို့ကို ဖယ်ထုတ်ပြီးသကာလ ဒုစရိုက်(၁၀)မျိုးထဲမှ တစ်မျိုးမဟုတ် တစ်မျိုးဖြင့် ကြံဖန်ခုတ်ဖွဲ့ လှီးဖြတ် ခွာခြစ်လာခဲ့သော ငွေတို့ကို လက်ထဲထည့်လိုက်လျှင် ဒေစီဘုတ်ဆုံ၏ ပါးစပ်သည် အင်းဝခေတ် ရဟန်းစာဆိုတော်ကြီး ရှင်ဥတ္တမကျော်၏ တောလား အချိုဖွဲ့ တစ်ပိုဒ်မှ ''ဘီလူးသွားကို လဖြဲတည်း'' ဖြစ်ဖြစ်သွားလေရာ ကျွန်ုပ်လည်း ၎င်း၏ ပါးစပ်ကို မကြည့်မိအောင် သတိထားရသော ဟူ၏။

''ကဲ... ကိုကိုတေ၊ ရေမိုးလည်း ချိုးပြီးပြီ၊ အစားအသောက် လည်း စားပြီးပြီ၊ တစ်အောင့်တနား တီဗီလည်းကြည့်ပြီးပြီ ဆိုတော့ သိပ်ညှိနှက်ခံလို့





မဖြစ်ဘူး''

''မှန်တယ် တုတ်တုတ်''

ကျွန်ုပ် ရှာဖွေအပ်နှံသည့် ငွေ၏ တန်ခိုးကြောင့်ထင့် ပွဲတက် အိမ်သူကြီး ဒေစီဘုတ်ဆုံသည် အိပ်ရာဝင်သောအခါ၌ ထိုကဲ့သို့ ဂရုစိုက်၏။ စားရေးသောက်ရာတွင်လည်း ထိုနည်းထိုပုံ။

''ဆေးဘဲဥသုပ်ကလေး ထည့်စားပါဦး ကိုကိုတေရဲ့။ အဲဒါ အားသိပ်ရှိတယ်။ ရုံးပတီသီးလည်း တို့ဦးနော်။ ဒါမှ အကြောတွေ သန်မှာ။ အစာစားပြီးရင် ရေနည်းနည်းသောက်။ ပြီးတာနဲ့ 'ဆာဒူးကြီး' သောက်ဖို့ လည်း မေ့မသွားရဘူးနော်''

ကျွန်ုပ်မှာ အိမ်၌ရှိလျှင် ဒေစီခင်တုတ် ၏သမျှ အနုကြီး နရရှာသည့် ကလေးတစ်ယောက်လိုပါတည်း။ ကျွန်ုပ် လုပ်ငန်းခွင်ရှိရာသို့ သွားပြီဆိုလျှင် ဒေစီဘုတ်ဆုံသည် သူ့ဆွေမျိုးမောင်နှမများကို အိမ်သို့ ခေါ်ကာ ''ငါ့ယောကျ်ားက ငွေရှာတဲ့ နေရာမှာ နယ်မြေသစ်ရှာတဲ့ ကိုလံဘတ်တောင် ရှုံးနိုးဦးချလောက်တယ်၊ ကဲ... စားကြစမ်း၊ သောက်ကြစမ်း။ ပြီးရင် အခွေငှားပြီး တစ်နေကုန်ကြည့်မယ်၊ ဟစ်ယောက်နဲ့ တစ် ယောက် သန်းတုပ်ကြမယ်'' စသဖြင့် အိမ်၏ ကျက်သရေကို အကြီးအကျယ် ဆောင်နေမည်ကတော့ မြေကြီး လက်ခတ် မလွဲပါ။ ကိစ္စမရှိ။ အိမ်ရှင်မ ကျေနပ်စိတ်ချမ်းသာလျှင် အိမ်ထောင်ဦးစီးလည်း စိတ်ချမ်းသာ ရသည်ပင်။

ကျွန်ုပ် အလုပ်ခွင်ရောက်တော့ အရာရာ၌ ကျွန်ုပ်သည် ရူပါ ဖြစ်နေလေတော့သည်။

ခြေသားလုံးပလွေရိုးနှင့် ဆဌ္ဌဂံငါးစင်ရိုင်းက ဤသို့ ချူဆီထည့် သည်။

''ဆရာတေ... ဟောဒီမှာ ညှော်ခံပွဲတုန်းက ကျွန်တော် ဖြောင်လာတဲ့ ရက်လေဘယ် လက်နှစ်လုံးလောက်တော့ ကျန်သေးတယ်။ အာစရိ ဖြိုဖို့ ရော့... ရော့''

မမြင်မကန်းနှင့် ပန်းခွေလှိုင်က ဤပုံအတိုင်း ဖော်လံဖား၏။

''မာစတာ ဟောဒီမှာ ကျွန်တော် သံဖြူဇရပ်ပြန်တုန်းက ရလာတဲ့ မာစတာ့အတွက် အကြောပေါင်း ရှစ်သောင်းလေးထောင်၊ အခြင်ပေါင်း ရှစ်သောင်းလေးထောင် သန်တဲ့ဆေး။ အဲဒါ သောက်ရတာနော်။ မာစတာရဲ့


www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးကို အထူးသိတတ်စွာ ဆပ်ချင်လွန်းလို့ ယူလာခဲ့တာ အာစရိ''

စောင်းငန်းစောင်းငန်းနှင့် မည်းပြောင်မြေခွေးက ထိုသို့ ဧကား ထည့်၏။

''ဘော့စ် ဟိုက်ဟော့စ် . . . ကျွန်တော် ပွဲတစ်ပွဲ လက်ခံထားတယ် ဘီယာကို ရေချိုးလို့ ရတယ်။ လက်ဆောင်ပစ္စည်းတွေ တစ်ပွေ့ကြီးရမယ်''

''ဟော့ကောင် နံ့ကြီး။ ငါတို့လည်း အဲဒီပွဲကို တက်ရမယ် မဟုတ်လား''

''သွေးသောက်တွေပဲကွာ''

''မဂ္ဂဇင်းနာမည်လား''

''ဟော့ကောင် . . . ငါးစင်ရိုင်း၊ စကားအကောင်းပြောနေတာ ဝင်ပြီး ဆေးရိုးသည် မလုပ်စမ်းနဲ့''

''ငါက ပျော်လို့ နောက်တာပါကွာ။ မင်းကလည်း ကိုယ့်ချင်း ကိုယ့်ချင်းတွေပဲဟာ။ ဟုတ်တယ်နော်။ ဟုတ် . . . ဟုတ်''

''ဒါဆို ကိစ္စမရှိဘူး . . . ရတယ်။ ငါတို့တစ်တွေဟာ ဆရာ မောင်တေမိခင်းတဲ့လမ်းကို လျှောက်နေကြတဲ့သူတွေ မဟုတ်လား။ ဒီတော့ စည်းလုံးမှုရှိရမယ်။ တို့တစ်တွေ နွားကွဲလို့ကတော့ ကိုရွှေတောသားတို့ ဆရာတပည့်နှစ်ယောက် ဆွဲသွားလိမ့်မယ်''

''ဟာ . . . မင်းဥပမာကြီးကလည်းကွာ တို့တွေ အလိုလိုနေရင်း မြက်စားရမလို ဖြစ်နေပြီ။ ဝေါဟာရတွေ၊ စကားလုံးတွေ ခန်းခြောက်နေပြီ လား နံ့ကြီး''

''ထားပါတော့ကွာ။ အဲဒီပွဲမှာ ဆရာမောင်တေမိက စာနယ်ဇင်း ဖြတ်သန်းမှုတွေ ရှည်လျားခဲ့သူမို့ မိတ်ဆက်အမှာစကားပြောဖို့ စပွန်ဆာတွေက ကမ်းလှမ်းထားတယ်။ ဘယ့်နှယ်လဲ ဘော့စ်။ တပည့် ငွေးသီးဗန်းလေးရဲ့ မျက်နှာကို ထောက်ထားပြီး . . . ''

''အေး . . အေး . . လက်ခံတယ်ကွာ၊ လက်ခံတယ်''

''ဟေး . . . ဒါမှ တို့ဘော့စ်ကွ။ တို့မာစတာကွ။ တို့အာစရိကွ။ တို့ဆရာသခင်ကွ''

သို့ကလို တပည့်ကျော်အပေါင်းက မြှောက်လုံးပင့်လုံးများကို





ပစ်သွင်းကြသည့်အခိုက် ကျွန်ုပ်လည်း တည့်တည့်ကြီးကို အထိခံကာ တဟီးဟီး တဟဲဟဲ ရူးထွားဟား . . ဟားဟားလုပ်ရင်း ပီတိတွေ တစ်လှေကြီး ဖြစ်နေမိတော့သည်တစ်မှု။

ə ə ə

www.burmeseclassic.com

ခုတော့လည်း ဒါတွေဒါတွေသည် ပြီးဆုံးသွားခဲ့ပါရောလား။

''သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ''တဲ့။

''ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်''တဲ့။

''ရေစီးတစ်ခါ၊ ရေသာတစ်လှည့်''တဲ့။

လောကဓံနှင့် ပတ်သက်သည့် စကားပုံတွေက အများသား။ ယခင်က အဲသည်လောက်တောင်မှ ကျွန်ုပ်မသိ။ ကွယ်လွန်သွားပြီဖြစ်သည့် မြန်မာစာကထိက ကဗျာဆရာ မင်းသိုက်မွန်(ခေါ်) သာဂလိ၏ ကောင်းမှုဖြင့် သိရခြင်းဖြစ်သည်။

ကျွန်ုပ်၏ စန်းလင်္ဂဇာတာ ဗိုဟ်အား မပြည့်ဝသဖြင့် လင်းရှုရှာသော မီးလုံးငယ်အလား မှိန်လာခဲ့ပါချေပြီ။ အထူးသဖြင့် လက်ရှိငှားထားသော အခန်းကို ပိုင်ရှင်က ပြန်ယူပြီး အခန်းသစ်ရှာမရမီ စပ်ကြား အိစံကွားလား၏ အိမ်၌ ဂျာနယ်တိုက်ခန်း ခေတ္တဖွင့်စဉ် (၁)အိစံကွားလား၏ ခယ်မဖြစ်သူ 'လှစီရာကျင်းစိန်'အား မျက်လုံးဖြင့် စကားပြောမိသည်ကို မိသွားခြင်း၊ (၂)ဆရာမောင်ကြွား၏ စာမူခအပေါ် ဖြတ်ခုတ်သည်ကို သိသွားခြင်း၊ (၃)ဂျာနယ်တစ်စောင်လုံး မျက်နှာဖုံးမှအစ စာမူ၊ ကြော်ငြာတွေအားလုံး အပေါ် မျက်လှည့်ပညာဖြင့် အိတ်ထဲ ထည့်နေသည်ကို သိသွားခြင်း စသည် စသည်တို့ကြောင့် ကျွန်ုပ်လည်း အဆိုတော် မျိုးမြင့်လေး၏ သီချင်းသွားအတိုင်း ''အဆင်မပြေသူတွေမှာကွယ်... နှစ်ယောက်သား ကျောချင်းကပ်ကာ လာရာလမ်းကို... ပြန်ကြတယ်... ငိုတဲ့လူလည်း ရှိမယ်.. ရယ်တဲ့လူလည်း ရှိမယ်...'' ဟု ရေရွတ်ညည်းတွားလျက် ဘူးသီးပုံနှင့် ရေစက်ဖြတ်ခဲ့ရပါတော့သည်။





ဤအခါဝယ်...

''ဒီမှာ ကိုတေမိ... ဟိုဟာ စားချင်တယ်၊ ဒီဟာစားချင်တယ် ချေးမများနဲ့။ ရှိတာ စားရတာပဲ ကျေးဇူးတင်ဦး။

ဒါပဲနော်။ ချိုးရေ ဖြည့်ပြီးရင် အိမ်သာအိုးတဲ ရေဖြည့်လိုက်ဦး။ ပြီးရင် ပြောင်အောင်ဆေး။ နောက်.. ကျုပ် ခြေဆုံး၊ ခေါင်းဆုံးလူးဖို့ သနပ်ခါးလည်း ပျစ်ပျစ်ကလေး သွေးထားဦး။ ကျုပ် အိပ်ရာဝင်တဲ့အခါ နှင်းပေးဖို့လည်း မမေ့နဲ့ကြားလား''

ဩော်... ဒေစီဘုတ်ဆုံ၊ ဒေစီဘုတ်ဆုံ။

ကျွန်ုပ် ငွေရှာပေးနိုင်သော သမယ ဘူးသီးပုံ အယ်ဒီတာအဖြစ် ဝင့်ကြွားစဉ်က ၎င်း၏ နှုတ်ဖျားမှ တစာစာခေါ်ခဲ့သော ''ကိုကိုတေ.. ကိုကိုတေ'' ဟူသော အသံသည် အဘယ်မည်သော တောင်တန်းများ ကြားသို့ ဝင်ရောက်ပုန်းခို ပျောက်ကွယ်သွားခဲ့ပါသနည်း။ အိမ်သူတင်လား ဆိုတော့ မဟုတ်။

''ဟော့... တို့စာနယ်ဇင်းလောကမှာ ဘူးသီးပုံ မောင်တေမိဆိုတာ မြောင်းထဲ ရောက်သွားပြီ''

''ဒါဆို ဇွက်ပုပ်စော်တွေ နံမှာပေါ့''

''အရင်ကတည်းက နံနေပြီးသားပဲကွာ''

''အေး... ဒီလောကမှာ သူ့နာမည် မရှိတော့ဘူး။ သူ့ရာဇဝင်ကို သူရေးသွားပြီ။ ဒီတော့ ဟောဒီလောကမှာ ဆဋ္ဌဂံငါးစင်ရိုင်း၊ ပန်းခွေလှိုင်၊ မည်းပြောင်မြေခွေး၊ ကိုနှံကြီး(ငွေးသီးဗုန်း) တို့ပဲ ကျန်တယ်။ ဒီတော့ မောင်တေမိ ဆိုတဲ့ ငနဲကြီးရဲ့ အမှားတွေကို ရှောင်ပြီး တို့များ စားကျက်တစ်ခု ထူထောင်ရအောင်''

''ဘာစားကျက်လဲကွာ။ မင်းဥပမာပေးလိုက်မှဖြင့် 'ဝပ်ထရန်း' နဲ့ကို မလွတ်တော့ပါဘူး နံကြီးရာ''

''လောသွားလို့ပါကွာ''

''ဒီတော့ အဲဒီ ငနဲကြီးနဲ့ ကင်းအောင် နေကြတော့။ နို့မဟုတ်ရင် သူ့ရဲ့ အရိပ်ဟာ တို့ကို လာဟပ်လိမ့်မယ်''

''ဟုတ်တယ်... ဟုတ်တယ်''


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အသည်းဖျားကို မီးကင်ထားသည့် အပ်သွားနှင့် ဆွလိုက်သည့်အလား နာကျင်လိုက်သည်မှာ ပြောစရာမရှိတော့။ ကြည့်စမ်း။ မြေနိမ့်ရာ လှံစိုက်ကြတဲ့ ကျေးဇူးမသိတတ်တဲ့ ကောင်တွေ။ မသိတတ်ကြသည့်အထဲ၌ အိမ်က ဟာမကြီးလည်း အပါအဝင်။

ကျွန်ုပ်၏ ရင်၌ ပူလောင်မှုတွေ အတိ။

ဌာနလက်ကိုင် မရှိတော့ပြီမို့ ကျွန်ုပ်ကို ဘယ်သူမှ လူမထင်ကြတော့။ စွပ်ပရားကတော့ ကောင်းရှာပါသည်။ သူ့ထံ၌ အလုပ်ပေးနိုင်ကြောင်း၊ လုပ်ရမည့် အလုပ်များမှာ ၎င်း၏ ကားကို ရေဆေးပေးရန်၊ ပုံနှိပ်စက်မင်လုံးများ ဆေးကြော၍ အမှိုက်ထုပ်ကို စွန့်ပစ်ရန်၊ ညှော်ကောင် စောင်ကောင်း လာလျှင် လက်ဖက်ရည်ဝယ်ပေးရန် ဒါတွေ ဒါတွေ ဖြစ် သည်။ စင်စစ် ကျွန်ုပ်အတွက် ဒါတွေ လုပ်စရာမလို၊ လုပ်လို့ကမူ တစ်သက်လုံး ထိန်းလာသမျှ သိက္ခာများသည် စွပ်ပရား၏ ကွမ်းတံတွေးနှင့် မျောရတော့မည်လေ။

သည်တော့ ကျွန်ုပ် ဘာလုပ်သည် ထင်သနည်း။

အခိုက်အညံ့များ ပြေပျောက်စေရန် စိတ်သစ်၊ လူသစ်၊ ဘ၀သစ် ဖြစ်စေရန် ဒုလ္လဘရဟန်း ဝတ်ဖို့အတွက် ဘုန်းကြီးကျောင်း တစ်ကျောင်း ဆီသို့ ဦးတည်လိုက်ပါတော့သတည်း။





# ရေနစ်သွားသည့်

# စာပေလောကများ

''ဗျို့... အာစိ... အာစိ.. အာစရိ''

''ဟေ ... ဘာတုံးကွ။ အလန့်တကြား နိုင်လိုက်တာ။ ဒီမှာ စာရေးနေတယ်ကွ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသလို ကိုယ်ရေးတဲ့စာ ကိုယ့်ဂျာနယ်ထဲမှာ အချိန်မရွေးပါဖို့ လုံးပန်းနေရတာ ပလာယာရဲ့။ မောင်တေမိထုံး နှလုံးမူတာလေကွယ်''

''မောင်တေမိတွေ နောင်ဗေထိတွေ အသာထား။ ဟောဒီမှာ သတင်းထူးတစ်ခု ကြားလာရတယ်''

''ဟ... မင်းကလည်း အားအားရှိ ကြားကြားနေတာချည်းပါပဲလား။ ငါတော့ ဘာဆိုဘာမှ မကြားပေါင် မောင်ရာ''

''အာစရိသာ နားထဲဘာဆို့ထားမှန်း မသိလို့ မကြားရတာ။ ဒီသတင်းက အပြင်မှာ ပြန့်နေပြီ''

''ဟေ... ဘာသတင်းများတုံး တပည့်ရဲ့။ ပြောပါကွယ်.. ပြောပါ။ ဆရာ တကယ်မသိလို့ပါ''

''ဒါဖြင့်လည်း ပြောရတာပေါ့လေ။ ရုပ်ရှင်လောက၊ ဗီဒီယို လောက၊ တေးဂီတလောက၊ ပြီးတော့ ဇာတ်သဘင်လောက၊ နောက် ပြင်ပစီးပွားရေးလောက... ''

''ဟ ... မင်းလောကတွေကလည်း ပြီးမပြီးနိုင်တော့ဘူးလား။ စာပေလောက(၁)၊ (၂)၊ (၃)တို့ကို အားကျနေပြီ ထင်ရဲ့''


www.burmeseclassic.com

www.burmeseclassic.com

''မနောက်ပါနဲ့ အာစရိ၊ တပည့်မှာ ကိုယ့်ဂျာနယ် လမ်းပွင့်ဖို့ ဘယ့်က လောက်တောင် လှေလှောစူးစမ်းနေရသလဲ။ နားတွေ၊ မျက်စိတွေဖွင့်ပြီး ခြေသလုံးပလွေရိုးကို ဘယ့်ကလောက်တောင် ချာဂျင်တွေ သွင်းနေရသလဲ''

''အေးပါ ... တပည့်ရယ်၊ အေးပါ။ မင်းက အရုပ်သာ မိုးထိုး နေတယ်။ စိတ်ကတော့ လက်တစ်ဆစ်။ ငါက မင်းစိတ်တွေ သိပ်လှုပ်ရှား နေတာ ပေါ့ပေါ့ပါးပါးလေး ဖြစ်သွားရအောင် ယပ်ခတ်ပေးတဲ့ သဘော ပါကွယ်''

''ဒါဆိုရင်လည်း ပြီးရော။ ဒီမယ် အာစရိ။ လောကအတော်များ များကို တစ်မိုးလုံး ဖျောက်ဆိပ်လုပ်ပြီး စူပါ့စူပါ စူပါစတား ဖြစ်နေတဲ့ မင်းသားကို သိတယ် မဟုတ်လား''

''ဟာ... မသိဘဲ နေပါ့မလားကွယ်။ ကြော်ငြာတွေမှာ ဒင်း အချိန်ပြည့် မတရား ယူပြီး ဖာတ်လမ်းတွဲ စောင့်ကြည့်နေတဲ့ ပရိသတ်ကို နှိပ်စက်နေတာ။ တစ်ခါလာ ဟိုဆပ်ပြာအကောင်းဆုံး၊ နောက်တစ်ခါလာ ဒီဆပ်ပြာ အကောင်းဆုံး။ ဟိုမျက်မှန်ဆိုင် အကောင်းဆုံး၊ ဒီမျက်မှန်ဆိုင် အကောင်းဆုံး။ ဒါတင် မကပါဘူးကွယ်။ ကုန်ပစ္စည်း တော်တော်များများကို အကောင်းတကာ့ အကောင်းဆုံးတွေချည်း တော်ကီပစ်ပြနေတဲ့ ပလီစိချောက်ချက် တေကို မသိဘဲ ရှိပ့ါမလား။ 'ငပွေး'ဆိုတဲ့ မင်းသားလေ။ ဟုတ်တယ်ဟုတ်''

''ဟုတ်တယ် အာစိ.. ဟုတ်တယ်။ အဲဒီမင်းသား ငပွေး အမျိုး သမီးဆေးရုံမှာ ရုတ်တရက် ဆုံးသွားတယ်ဆိုပဲ''

''ဟယ် ... ဘယ်လိုဖြစ်ရတာပါလိမ့်။ နို့ ... နေစမ်းပါဦးကွယ်။ မင်းစကားက အမြီးအမောက် မတည့်လိုက်တာ။ ဘယ့်နှယ် ငပွေးက အမျိုးသား ယောက်ျားရင့်မကြီးဖြစ်ပြီး အမျိုးသမီး ဆေးရုံမှာ ရုတ်တရက် ဆုံးရတယ်လို့၊ ဟုတ်မှလည်း လုပ်ပါကွယ်၊ မင့်သတင်းကြီးက ရယ်စရာကြီး''

''အာစရိကသာ ရယ်နေ။ ငပွေး ခုလို ရုတ်တရက် ဆုံးသွားတယ် ဆိုတဲ့ သတင်းလည်းကြားရော အမျိုးသမီးပရိသတ် တော်တော်များများ တုန်လှုပ်သွားကြပုံများ 'အာစရိ မြင်စေချင်တယ်ဗျာ''

''ပြောစမ်းပါဦး''

''ကိစ္စတစ်ခုနဲ့ ဆရာအယ်ဒီတာ လုပ်နေတဲ့ လာဘ်မိုးရွာစာပေတိုက်ကို





ရောက်သွားတော့ အဲဒီက စာရေးမလေးတွေ ဖြစ်ကြတဲ့ ကြူကြူ၊ သီသီ၊ နီလာ၊ ထွေးထွေးတို့ဆို မျက်ရည် တရွှဲရွှဲနဲ့။ ငပွေး သေသွားတာ ကြားရတော့ စိတ်ထိခိုက်လွန်းလို့တဲ့''

''ဒီလောက်တောင်မှ အကဲပါရသလား''

''အောင်မာ ... ဒါ ဘာဟုတ်သေးလို့တုံး။ မိန်းကလေးတွေ အသာထား၊ ယောက်ျားရင့်မကြီး တချို့တောင် ဒီငပွေးသေတယ်ဆိုတဲ့ သတင်း ကြားရတော့ လင်းတမှိုင်မှိုင်ပြီး ငိုင်ကျသွားတာ ရှိသေးဗျား''

''ဒါတော့ ပိုပြီထင်တယ် မောင်ကာဠု''

''မှန်တာပြော သစ္စာပါ အာစရိရယ်။ အာစရိ 'ရွှေကွင်းဆက် ကွန်ပျူတာ'ကို သိတယ်မဟုတ်လား''

''ဟ.. မသိဘဲ နေမလားကွယ်။ တို့ ဒီ 'မဖြစ်ညစ်ကျယ်ဂျာနယ်' မကိုင်ခင်တုန်းက 'ဝက်ဝက်ကွဲ' မဂ္ဂဇင်းကို လုပ်ခဲ့သေးတာပဲ။ အဲဒီတုန်းက ကွန်ပျူတာကို အကြွေးထားပြီး လက်ဖက်ရည်တိုက်၊ ရိုက်ပေးတဲ့ 'ရွှေကွင်းဆက်'ကို ဘယ်မေ့လို့ရမှာတဲ့လဲ။ ပိုင်ရှင် ကိုတိုးရီရဲ့ စေတနာကို မေ့ထားလို့ မရဘူးမောင်။ နို့... နေစမ်းပါဦး။ ငပွေးသေတာနဲ့ ရွှေကွင်း ဆက် ကွန်ပျူတာ ဘာဆိုင်လို့လဲ ပလာယာရယ်''

''ဆိုင်... မဆိုင်တော့ မသိဘူး။ ငပွေးသေတယ်ဆိုတဲ့ သတင်း လည်း ကြားရော ကိုတိုးရီခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ကွန်ပျူ တာရှေ့ ပရင်တာကြီး ဖွင့်ပြီး လင်းတမှိုင်မှိုင်လို့ ငိုင်နေလိုက်တာများ သူ့ အိမ်သူ ဒေါ်မျိုး မနည်းလှုပ်နှိုးမှ သတိဝင်သတဲ့''

''သြော်... ရှုးပါပေ့ကွယ်''

''ဒါတောင် ဘယ်သူ့ဘယ်သူကိုမှ အပြစ်တင်လို့ ရတဲ့ကိစ္စ မဟုတ် ပေဘူး အာစရိ။ ဘာ့ကြောင့်ဆို 'ပုထုဇနော ဥမ္မတကော'တဲ့။ လူတိုင်း ဟာ တစ်မျိုးမဟုတ် တစ်မျိုးတော့ ယဉ်ယဉ်ကလေးနဲ့ ရှူးနေကြတာ မဟုတ်လား''

''အေး... ဒါလည်း ဟုတ်ပေတာပဲ။ ဒါထက် မင်းသား ငပွေး ဟာ ဘာရောဂါနဲ့ ဆုံးတာတဲ့လဲ''

''တပည့်သိတာကတော့ သူ့မှာရှိနေတာ 'နှလုံးရောဂါ'တဲ့။ မှ မဆီလေးရယ်တဲ့ အို.. မဆိုင် ဆိုသလို အမျိုးသမီးဆေးရုံမှာ ဆုံးတယ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အင်း... စဉ်းစားစရာတော့ ကောင်းနေပြီ''

''တို့ ဂျာနယ်တိုက်မှာ ဖုန်းမရှိတာ ကံကောင်းတယ်လို့ ဆိုရမယ်။ နို့မဟုတ်ရင် ဖုန်းတွေ တဂွမ်ဂွမ်နဲ့ ဘယ့်ကလောက်များ ဝင်လာ လိုက်မယ် မသိဘူး''

''ဟုတ်တယ် အာစရိ။ ဒါထက် ဂျာနယ်ဖောင် မပိတ်ရသေးဘူး မဟုတ်လား''

''ကြော်ငြာဝင်မလာရင်တော့ တစ်မျက်နှာလောက် ကျန်သေးတယ်''

''ဟာ... ဟုတ်ပြီ။ ဒီတော့ ဟောဒီ ငပွေး သတင်းနဲ့ ကျွန်တော်တို့ဂျာနယ်ကို ကိုင်လှုပ်ရမယ် ဘယ့်နှယ်လဲ''

''ဂွဒ်တယ် ထင်ရင်ဖြင့် ဒူးသာဒူးပါမောင်''

''တပည့်တစ်ယောက်တည်း မဒူးပါရစေနဲ့ အာစရိ။ အာစရိလည်း ရဲဘော်ရဲဘက်လို သဘောထားပြီး တပည့်နဲ့အတူ လိုက်ဒူးစေချင်တယ်။ ဒီအတွက် စွပ်ပရားဆီ အရင်ဝင်မယ်။ သတင်းလိုက်ဖို့အတွက် ခရီးစရိတ် ထုတ်မယ်။ (ကက)နဲ့သွားရမယ့်ကိစ္စ ကုန်းကြောင်းနှင်ပြီး ပိုစဲ့ ပိုက်ဆံကို ညနေကျရင် ရက်စတောရင့် ကောင်းကောင်းမှာ အရောဖြေပြီး အရည်ဖျော် ပစ်လိုက်မယ်။ ဘယ့်နှယ်လဲ အာစရိ''

''ဟမ်း... ကောင်းမှကောင်း''

ꩻ ꩻ ꩻ





ဤသို့ဤမုံ့ ထိုပုံထိုနည်းဖြင့် ကိုရွှေတောသားနှင့် ပလာယာမည် သော ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် ဦးစွာ စွပ်ပရားထံသို့ ဝင်ကြ၏။ စွပ်ပရားလည်း ငပွေး ကွယ်လွန်သည့်သတင်းကို စိတ်ဝင်စားနေ၏။ ပြီးတော့ ယောက်ျားတန်မဲ့ မျက်ရည်စို့ဟန်ရှိ၏။ ဤ၌ ပလာယာ ဝင်ရော၏။ ဝင်ဖော၏။

''ဆရာမိုးမြင့်အာယာယံ တော်တော် စိတ်မကောင်း ဖြစ်နေပုံ ရတယ်''

''မဖြစ်ဘဲနေနိုင်ပါ့မလား ကိုပလာယာရယ်။ ငပွေးရဲ့ အနုပညာ ပရိသတ်ဟာ ကျွန်တော် ဖြစ်နေသလိုပဲ ကျွန်တော့်ရဲ့ 'နွားသိုးကြိုးပြတ် အားတိုးဆေးကြီး'ရဲ့ ပင်တိုင် ဖောက်သည်ဟာလည်း ငပွေး ဖြစ်နေတယ် ဆိုတော့ကာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်ဟာ အညမည သဘောတရားတွေ ဖြစ်နေတယ်။ ဆိုတောကာ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ စိတ်မထိခိုက်ဘဲ နေပါ့မလား''

''အဲဒီအတွက် ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် သတင်း အတိအကျ လိုက်မယ်။ ဓာတ်ပုံအပြည့်အစုံ ရိုက်မယ်။ ဘယ့်နှယ်လဲ ဆရာမိုးမြင့်အာကာယံ''

''ကောင်းတယ်... ကောင်းတယ်။ လိုက်ပါ၊ ရိုက်ပါ။ ကျွန်တော် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်အတွက် လုံလုံလောက်လောက် ပေး လိုက်ပါ့မယ်''

''သိပ်ကောင်းတာပေါ့ ဆရာမိုးမြင့်အာကာယံရယ်''

သို့ဆိုပြီးသည့် သကာလ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသားလည်း မင်းသားငပွေး နေထိုင်ရာ ရေဝေးရိပ်မွန်သို့ ဘတ်စ်ကားစီး၍ ထွက်ခဲ့ကြ


www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။

ကျွန်ုပ်တို့ ဂျာနယ်လစ်တွေကား အံ့သြဖွယ်ကောင်းလေစွ။ မြန်မာစာပေလောက တိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတို့၊ စာတမ်းဖတ်ပွဲတို့၌ လှုံ့ဆော်ပိုင်းလူယောင်ပင် မမြင်ရသော်လည်း ယခုကဲ့သို့ မင်းသား ငပွေး မာလကီးယားသည့်ကိစ္စ၌မူ ခြေချင်းလိမ်နေသည်ကို ငပွေးနေထိုင်ရာ လမ်းထိပ်မှာပင် အဖွေးသား လှမ်းမြင်နေရချေတော့၏။

''လျှာထွက်ရင် ပြီးပြီ'' ဟူသော ဖီလိုဆိုဖီကို ကိုင်စွဲထားသည့် ဂျာနယ်လစ် ကိုပွကြီးသည် ကင်မရာကြီးလွယ်လျက် သူ့နောက်တော်ပါ အမှိုက်သရိုက်တို့နှင့်အတူ ငပွေး၏ ခြံဝတွင် ယောင်တောင်ပေါင်တောင် လုပ်နေ၏။ ပွကြီးနှင့် စိတ်ဆိုးစိတ်ကောက် ဖြစ်နေသည်ဟု သတင်းမွှေးနေသည့် မာမီစိန်တို့ အုပ်စုမှာလည်း ဟမ်းဖုန်းတကိုင်ကိုင်ဖြင့် ငပွေး၏ ခြံရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြ၏။ ကျန်ဂျာနယ်တော်တော် များများမှ ပေါ့ပ်ငတိ၊ ဗျူးငတိတို့မှာလည်း အသံဖမ်းစက်ကလေးများဖြင့် ငပွေး၏ ခြံဝ၌ ပြူတစ်ပြူတစ် လုပ်နေကြ၏။

သိပ်မကြာလိုက်။

ငပွေး၏ ခြံထဲမှ အစောင့်ဖြစ်ဟန် တူသူမှာ ခြံတံခါးရှိရာ ရောက်လာပြီး ဂျာနယ်လစ်အပေါင်းအား (တံခါးဖွင့်ပေးတော် မမူဘဲ)ကိစ္စကို မေးမြန်း၏။

''အဲဒီ သတင်းဟာ လုံးဝဆို လုံးဝ မဟုတ်ပါဘူး ခင်ဗျာ''

''ဟာ... ဟုတ်ရဲ့လား။ ဒီလောက်တောင် သတင်းပြန့်နေတဲ့ ကိစ္စ''

''အဲဒါတော့ ကျွန်တော်တို့ မသိဘူးခင်ဗျ။ ဆရာတို့ ဒီကို ရောက်မလာခင် နာရီဝက်သာသာလောက်ကပဲ ဆရာငပွေး မော်ဒယ်ကောင်မလေးနဲ့အတူ အဝတ်အစားတွေ ယူပြီး ချောင်းသာဆိုလား၊ ငွေဆောင်ဆိုလား အပန်းဖြေ ထွက်ရအောင် ထွက်သွားတယ် ခင်ဗျ''

''ဟာ ... ဟုတ်ပါ့မလားဗျာ။ ကျုပ်တို့ ကြားရတဲ့ သတင်းဟာ အတိအကျ။ ဒါဆို ရေဝေး အအေးတိုက်ကို လိုက်ရမလို ဖြစ်နေပြီ''

''ဆရာငပွေး ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမှာလဲ၊ အမျိုးသမီးဆေးရုံမှာ ကွယ်လွန်တယ်ဆိုတာ လေ''

''ဟာ... သေလိုက်ပါတော့ ဆရာလေးရယ်။ အဲဒါ ဗီဒီယို ရိုက်တာ





ဆရာရဲ့။ ဇာတ်သိမ်းခန်းလေ။ ကျွန်တော်တောင် ပါသေးတယ်၊ အဲဒီနောက်ဆုံးခန်းမှာ သူသိပ်ချစ်ရတဲ့ ဇနီးသည် မီးဖွားရင်း ကွယ်လွန်တယ်ကြားလို့ စိုးရိမ်တကြီး လိုက်လာတဲ့ ဆရာငပွေးခမျာ ရင်ထဲဆို့ပြီး နှလုံးရောဂါအခံနဲ့ သူပါ လိုက်သေသွားတာ။ ဇာတ်ကားနာမည် ပြောရဦးမလား။ 'အောက်ချင်းငှက်လို အချစ်မျိုး'။ ဒါရိုက်တာက ဇီးပြား။ ဝတ္ထုက ဘူး။ ဇာတ်ညွှန်းက ဖန်ကတုံး။ ကဲ... ဘာသိချင်သေးလဲ''

''အလိုလေး... ဖြစ်မှ ဖြစ်ရလေတယ်တော့''

မောင်မစ္စကဂျာနယ်၏ အယ်ဒီတာချုပ် မာမီစိန်နှုတ်မှ ထွက်လာသည့် အာမေဋိတ်သံ။

မှန်းချက်နှင့် နှမ်းထွက်က လွဲချော်ခဲ့လေပြီမို့ ကိုရွှေတောသားတို့ ဆရာတပည့် အပါအဝင် ဂျာနယ်လစ်အပေါင်းမှာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြပြီ။ သတင်းဦး၊ သတင်းထူး ရရှိရေးအတွက် သတင်းစားမာန်ခုတ်ကာ သူ့ထက်ငါရောက်အောင် လာခဲ့ကြသူအချင်းချင်း မျက်နှာမထားတတ်အောင် ဖြစ်ကြရချေ၏။ သည့်နောက် အလျှိုလျှိုဖြင့် ကိုယ့်အစီအစဉ်နှင့်ကိုယ် လာရာလမ်းကို ပြန်ကြရလေကုန်သတည်း။

a a a

www.burmeseclassic.com

www.burmeseclassic.com

"ကဲ… တပည့်ရေ၊ အဖြစ်ကတော့ မနှစ်ကနဲ့ မတူဘူးဆိုသလို ဖြစ်နေပြီ။ ဒီတော့ ဘာလုပ်ကြမလဲ"

"ဘာမှ လုပ်မနေနဲ့ အာစရိ။ ဟောဟို ခပ်လှမ်းလှမ်းမှာ တွေ့တယ်မဟုတ်လား"

"ဘယ်စေတီ၊ ဘယ်ဘုရားမှ မတွေ့ပါဘူး မောင်"

"အဲဒါ ပြောတာမဟုတ်ဘူး။ စည်ဘီယာဆိုင်"

"အဟေးဟေး… ဟုတ်သကွယ်၊ ဟုတ်သကွယ်"

"ဒီတော့ ဘာဘာညာညာ လုပ်မနေနဲ့၊ ဟိုပြန်ရောက်ရင် စွပ်ပရားကို စာရင်းအမျိုးမျိုး လိမ်ပြဖို့အရေး အကြံဆိုး ဉာဏ်ဆိုးတွေ ထွက်ရအောင် ဆရာတပည့် သွားပြီး ဘီယာနဲ့ ရမ်ကလေး စွက်လို့ ဟဲလိုက်… ကဲလိုက်ကြရအောင်လား"

"လုပ်လိုက်လေ… ကြာသလားလို့"



# ခေတ်ပြိုင်

# သရုပ်ပုံလွှာများ

တစ်နေ့သ၌ ကျွန်ုပ် ကိုရွှေတောသား၏ လုပ်ငန်းခွင်ရှိရာသို့ အရပ်ပုပုညှက်ညှက်၊ ထိပ်ပြောင်ပြောင်၊ နှုတ်ခမ်းမွှေးအဆီပြန်ပြန်၊ မျက်လုံးပြူး ပြူး၊ နှာခေါင်းခပ်ရဲရဲ ပါးစပ်တွင် ဆေးပြင်းလိပ် ခဲထားရုံမက ကွမ်းကိုပါ ငုံထားသည့် အသားအရေ ညိုမောင်းလှစွာသော ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိ လာခဲ့၏။

ထိုအချိန်ဝယ် ကျွန်ုပ်၏ 'မဖြစ်ညစ်ကျယ် ဂျာနယ်တိုက်' အတွင်း၌ မည်သူမှ မရှိ။ တပည့်ကျော် ပလာယာမှာ ဆောင်းပါးရှင် 'စာရေးဆရာမ ဇလုံခွက်သယ်' အဖွဲ့ဝင်အယ်ဒီတာအဖြစ် ဆောင်ရွက်မည့် 'ဂျီအိပတ္တ ဂျာနယ်' သစ် ဖွင့်လှစ်ပွဲသို့ ဝါးတီးဖွင့်ရန် သွားနေချိန် ဖြစ်၏။ ကျွန်ုပ်ကား ဘုန်းမောင့် တစ်ယောက်တည်း ဖြစ်ရင်း ဘော်တယ်ကုလားဆိုင်သို့ ရောင်းချနိုင်မည့် စက္ကူ၊ စ၊ ဖလင်စများကို ရှာဖွေရန် စဉ်းစားနေခိုက် အဆိုပါပုဂ္ဂိုလ် ရောက်လာသည့်အတွက် ဣန္ဒြေသမ္ပတ္တိတို့ကို ပြန်လည် အဖတ်ဆယ် လိုက်ရလေ၏။

"ဆရာ ကိုရွှေတောသားဆိုတာ… "

"ကျွန်ုပ်ပါပဲ ခင်ဗျ။ ကိစ္စရှိပါသလား ဆရာသမား"

"ခုလို ဆရာကိုရွှေတောသားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတာ ဝမ်းသာစရာပါပဲခင်ဗျာ။ ကျွန်တော့်ရဲ့ အမည်သညာ ခေါ်စရာကတော့ မောင်ပွေကြီး(ကတောင်း)ပါခင်ဗျ။ မြန်မာစာပေလောကရဲ့ အင်တာဗျူး ကဏ္ဍမှန်သမျှကို အိုးမည်းသုတ် … အဲ … အဲ .. အရောင်တင်ပေးနေတဲ့ ဗျူးကလောင်တစ်ချောင်းဆိုရင်လည်း မမှားပေဘူးပေါ့ ခင်ဗျာ"

"သြော်… ဟုတ်ကဲ့။ ခုလို သိကျွမ်းခင်မင်ရတာ ဝမ်းသာစရာပါပဲ



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျာ။ ဆရာရဲ့ ဖျူးတော်တော်များများကို ကျွန်တော် ဖတ်ဖူးခဲ့ပါတယ် ခင်ဗျ''

အမှန်စင်စစ် ကျွန်ုပ်သည် မောင်ပွေကြီး(ကတောင်း) ဆိုသူ၏ စာများကို ဘာတစ်ပုဒ်မျှ ဟုတ်တိပတ်တိ ဖတ်ဖူးသူ မဟုတ်ချေ။ ကျွန်ုပ်ကား ဆောင်းပါးရှင် ပြောင်သိမ်း(အမှိုက်ကော်)ကဲ့သို့ မေတ္တာလက်ဆောင် အလကားပဲတင်းရလေမှ ဟိုလှန် သည်လှော လုပ်တတ်သူသာတည်း။ သို့သော်လည်း လောကတံထွာ၊ လူ့တို့ချာ၌ လောကဝတ်၊ လူမှုရေး အတိုင်းအတာ ဆိုသည်က ရှိနေသေးတော့ရာ ကျွန်ုပ်လည်း မောင်ပွေကြီး(ကတောင်း)နှင့် ပလဲနံပသင့်အောင် ရေလိုက်ငါးလိုက် လုပ်နေရတော့၏။

''အဲသလို စာစုံအောင် ဖတ်တဲ့သူ၊ ဖြတ်သန်းမှုတွေ ရှိတဲ့သူ။ အရည်အသွေး ထက်မြက်သူတွေရဲ့ အတွေးအခေါ်၊ အယူအဆ၊ ရင်တွင်း ခံစားချက်ကို စာဖတ်ပရိသတ်တွေ တရင်းတနှီး သိသွားစေဖို့အတွက် 'မပြုတ်ခင်ပေါင်နဲ့ မဂ္ဂဇင်းကြီး'မှာ လစဉ် ကျွန်တော် ရေးနေတာပါ ခင်ဗျ''

''ဟုတ်ကဲ့''

''ခုလည်း ဆရာကိုရွှေတောသားကို ဖျူးချင်တာရှိလို့ လာခဲ့တာပါ ခင်ဗျ''

''ဒါထက် ဆရာမောင်ပွေကြီး(ကတောင်း) အနေနဲ့ ဘူးသီးပုံ ဂျာနယ်ပြုတ် မောင်တေမိဆိုတဲ့ တေကိုကော ဖျူးပြီးပြီလား''

''ဖျူးဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ ဆရာမောင်တေမိ တစ် ယောက် မြောင်းထဲ ရောက်နေတယ်ဆိုတဲ့ သတင်းကြားလို့ သွားဖျူးရင် ငါတော့ ဗွက်ပုပ်စော် နံတော့မှာဆိုပြီး မဖျူးဖြစ်သေးဘူး။ ကျွန်တော်က 'ခေတ်ပြိုင်အရှုပ်ပုံ လွှာ' တွေကိုမှ ရေးချင်သူလေ။

ဒီတော့ မောင်တေမိအစား ဆရာကိုရွှေတောသားကိုပဲ ရွေးချယ် လိုက်တာပါ''

ကျွန်ုပ်ကား အလွန်တရာမှ နာမည်ကြီးချင်သူ၊ ပေါ်ပြူလာ ဖြစ် ချင်သူမို့ မောင်ပွေကြီး(ကတောင်း)၏ တောင်းဆိုမှုကို လိုက်လျောလိုက်ပါ တော့၏။ သို့ဖြင့် အောက်ပါအတိုင်း 'ကျွန်တော်နှင့် ကိုရွှေတောသား'ဆို သည့် အင်တာဖျူး ဆောင်းပါးတစ်ပုဒ် ဖြစ်ပေါ်လာပါတော့သတည်း။

a a a





**ဆရာကိုရွှေတောသားရဲ့ စာပေဘဝခရီးအစ။ အဲဒါ သိပါ ရစေ။**
ဘုန်းတော်ကြီးကျောင်းမှာ နေရစဉ် ပထမအစပကတူး ကျွန်တော့် ရဲ့အချစ်ဦးကို ပြောရရင် ဘုရားဟောနိပါတ်တော်တို့ ငါးရာ့ငါး ဆယ် ဇာတ်တော်တို့ပါပဲ။ ဘုန်းတော်ကြီးကျောင်းမှာ ကျမ်းစာအုပ် တွေဆိုတာက အများကြီး။ ,အဲဒီ ဘီရိုထဲက စာအုပ်တွေဟာ ကျွန်တော့်အတွက်တော့ တကယ့်ကို သုံးမကုန် ဖြုန်းမကုန်နိုင်တဲ့ ဘဏ်တိုက်ကြီးတစ်ခုလိုပါပဲ။ ကျွန်တော်က တစ်ဦးတည်းသော သားလေ။ တစ်ဦးတည်းသောသားဆိုတော့ အဘရဲ့ အချစ်အိုး လေးပေါ့။ အဘက ကျွန်တော့်ကို သူ့လို လယ်ထဲဆင်းပြီး လယ်ယာအလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း လုပ်စေချင်တယ်။ တကယ်တမ်း ကျွန်တော် ဝါသနာပါတာက ကုလိဂ်လားအလုပ်။ ဒါပေမဲ့ အဘကို မလွန်ဆန်နိုင်တာနဲ့ဘဲ လယ်ထဲကို ခြေသားလုံးတွေ သမန်းတက်အောင် ကျွမ်းကျွမ်းကျင် ကျင် လုပ်ခဲ့ရတယ်။

ဆ[illegible]ာကိုပွေကြီး နောက်ထပ်မေးမယ့် မေးခွန်းကို ကြိုဖြေထား ရရင် ကံကြမ္မာရဲ့ စေစားချက်အရ လက်ရှိ ကျွန်တော် လုပ်နေရ တဲ့အလုပ်ဟာ မယားငယ်ဖြစ်ပြီး လယ်ယာအလုပ်ကတော့ ကျွန်တော့်ရဲ့ အမည်နာမနဲ့ လိုက်လျောညီထွေစွာ မယားကြီး စစ်စစ် ဖြစ်ပါတယ်လို့၊ **ဝတ္ထုဆိုတာ ဘာလဲ ဆရာကိုရွှေတောသား။ ကတ်သီး ကတ်သတ် မေးတယ်လို့ မထင်ပါနဲ့။ ကျွန်တော် သိလို့**



www.burmeseclassic.com

www.burmeseclassic.com

မေးတာပါ။

(ဗိုလ်အောင်ဒင် ဇာတ်ကားမှ မင်းသား ခင်မောင်ရင် ရယ်သံမျိုးဖြင့်) ဟင်း... ဟင်း... ဟင်း.. ဟင်း... ဟင်းဟင်း ဆရာ့မေးခွန်းက ရယ်စရာကြီး။ ဘာမှန်းလဲ မသိဘူး။ ဒါပေမဲ့ အမေးရှိတော့လည်း အဖြေရှိရတော့မှာပေါ့လေ။ ဟုတ်တယ်ဟုတ်။

ဝတ္ထုဆိုတာ 'အရှည်မဟုတ်ဘဲ တိုသောဝတ္ထု'လို့ဆိုရင် ဆရာလက်ခံနိုင်ပါ့မလား။ ဆရာကြိုက်လိမ့်မယ်တော့ မထင်ပါဘူး။ ကျွန်တော့်အမြင်ကတော့ ဝတ္ထုတိုမှာ ဇာတ်လမ်းကော၊ ဇာတ်ကောင်ကော အဓိက မကျဘူး။ အပြင်လောကမှာ ဖြစ်နေပျက်နေတဲ့ လူတွေရဲ့ စရိုက်လက္ခဏာကို ဖော်ကျူးပြီး ဖတ်တဲ့ သူက 'ဟာ... ဟုတ်သဟ'လို့ ဝန်ခံသွားရစေမယ့် ရွှီးလုံးဖြီးလုံး ဆိုတဲ့ လောက်စာလုံးကို မီးဖုတ်ပြီး ပစ်ထည့်လိုက်တာလို့ ထင်ပါတယ်။ ဟုတ်ပါတယ်နော်... နော်... နော်။

**ဆရာကိုရွှေတောသားရဲ့ 'ခဏခဏ မကြာမကြာ တီးဦးပါမယ်' ဆိုတာကြီးကို ကျွန်တော် အမြဲတမ်း စောင့်ဖတ်နေပါတယ်။ အဲဒီကဏ္ဍကို ဘယ်လို ရည်ရွယ်ချက်နဲ့ ရေးတယ်ဆိုတာ သိချင်ပါတယ်။**

ဆရာကတော့ ကျွန်တော့်ကို သိချင်းဆိုချင်ပါတယ်ဆိုမှ ကာရာအိုကေခန်းထဲ သွင်းလိုက်သလို ဖြစ်နေပြန်ပြီ။ ကျွန်တော် ဒီကဏ္ဍကို ရေးရတဲ့ ရည်ရွယ်ချက်က စာမူခ လိုချင်တာလည်း ပါသလို အနုပညာလောကမှာ ကိုယ့်ကိုယ်ကို ငါနဲ့ငါသာ နိုင်းစရာလို့ ထင်နေကြတဲ့ ငပွကြီးတွေကို ခပ်စပ်စပ်ကလေး တွယ်ချင်တာနဲ့ ရေးဖြစ်နေတယ်ဆိုရင် မှားမယ် မထင်ပါဘူး။ လက်နဲ့ တီးတာ ကိုမှ နောက်မဆုတ်ဘဲ တစ်ဆင့်ထပ်ကဲလာဦးမယ်ဆိုရင်တော့ ဖနောင့်နဲ့ ပေါက်ဖို့ရာကိုလည်း ဝန်မလေးတဲ့ ကိုရွှေတောသားပါ။ တချို့လည်း သူတို့အမှားကို သူတို့ သိသွားကြလို့ ချိုကုပ်၊ အမြီးကုပ်သွားကြတယ်။ တချို့ကျပြန်တော့လည်း 'ဘာမလျှော့ လေနဲ့ လာတော့မကွယ် ရွှေပဟိုရ်'ဆိုပြီး 'လေချိုနဲ့ သွေးချင်'ကြ သေးတယ်။ ကိစ္စမရှိဘူး။





ဖနောင့်နာရင် ကျွန်တော် ကိုရွှေတောသားမှာ နွားရိုက်ကြိမ်ရှိသေးတယ်။ အဲဒါနဲ့ တွယ်မယ်။ ဆရာ ဒီမေးခွန်း ကျွန်တော့်ကို မေးတာ အညှောင့်ထောင်တယ်လို့ ထင်တယ်။ ကိစ္စမရှိပါဘူးလေ။ ကျွန်တော်ကလည်း ဟိုသင်းဟိုဝှာ တက်အောင် ကချင်နေတဲ့သူဆိုတော့ ရဲရဲတောက် သီချင်းကိုပဲ ဟဲလိုက်ချင်ပါသေးတော့။ ဆောရီးနော်... ဆရာ.. ဆောရီး။

**ဆရာက ဂျာနယ်အယ်ဒီတာလုပ်ဖို့ မကောင်းဘူး၊ မြို့ပတ်ရထားတွေပေါ်တက်ပြီး လျှက်ဆားရောင်းဖို့ ကောင်းတယ်။ နောက်တစ်ခုက မော်ဒန်ကို ဘယ်လိုမြင်သလဲ။**

ကျွန်တော်တို့ ငယ်စဉ်က တရှိုက်မက်မက် ဖတ်ရှုခဲ့ရတဲ့ ကာတွန်းဆရာကြီး ဦးအောင်ရှိန်ရဲ့ ကာတွန်းလို့ မြင်ပါတယ်။

**ဆရာကိုရွှေတောသား အနေနဲ့ 'လက်မထပ်ဘဲ အတူနေတယ်'ဆိုတာကြီးကို လက်ခံနိုင်ပါသလား။**

ခေါင်းမခံရဘူးလို့ ဆရာ့ဘက်က အကာအကွယ်ပေးမယ်ဆိုရင် ပြတ်ပြတ်ကြီး ပြောလိုက်ချင်ပါရဲ့။ မြန်မာပြည်သား စစ်စစ်ဖြစ် တဲ့ ကျွန်တော် ကိုရွှေတောသား လုံးဝ လက်မခံပါဘူးဗျား။

**ဆရာ ဘာစာတွေရေးပြီးခဲ့ပါပြီလဲ။ စုပေါင်းပြီး ထုတ်ဖို့ ကော အစီအစဉ် ရှိပါသလား။**

ရေးတာတွေကတော့ အများကြီးပဲဗျ။ အလှူဖိတ်စာ၊ နာရေးဖိတ်စာ၊ သမီးရည်းစားပေးစာ၊ ဖြေရှင်းချက်ရေးတဲ့စာ။ ပေါက်တတ်ကရဆေးမြီးတိုစာ၊ အင်း... ပုဒ်ရေ တစ်သောင်းပျော့ပျော့ လောက်တော့ ရှိရောပေါ့။ ထုတ်မယ့်သူ ဘယ်သူမှ မရှိလို့ ဘော်တယ်ဆိုင်ကိုပဲ သိမ်းနိုင်းထားလိုက်တော့တယ်။

**ဝတ္ထုတိုရဲ့ အနာဂတ်ခရီး အတက်အကျ၊ အနိမ့်အမြင့် ဘယ်လိုရှိနိုင်ပါသလဲ။**

ကျွန်တော် အဲသည်လောက်အထိ ဉာဏ်မမီပါဘူးဆရာ။ ကျွန်တော် ပြောရဲတာ တစ်ခုကတော့ ဝတ္ထုတိုရေးနေတဲ့ လူတွေရှိ နေသေးရင် အယ်ဒီတာတွေကလည်း အသုံးပြုနေဦးမယ်ဆိုရင် ဝတ္ထုတိုဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေဦးမှာပါပဲ။

**ဆရာကိုရွှေတောသားရဲ့စာတွေကို အမြဲစောင့်ဖတ်နေတဲ့ စာဖတ်ပရိသတ်ထဲမှာ ကျွန်တော်မောင်ပွေကြီး(ကတောင်း) ပါတယ်ဆိုရင် ဆရာကိုရွှေတောသား ယုံမှာလား။**

ညနေဘက်ရောက်လို့ ပန်းဆိုးတန်း ကုန်းတံတားအောက်က 'အားမာန်သစ်' မှာဖြစ်ဖြစ်၊ (၄၂)လမ်းက ရွှေဒဂါးဆိုင်မှာဖြစ်ဖြစ်၊ ဘိုကလေးဈေးလမ်းထောင့်၊ ဂမုန်းပွင့် ကုန်တိုက်ရှေ့က ယမင်းစည်ဘီယာဆိုင်မှာ ဖြစ်ဖြစ် လိုက်ပြီး ဒကာခံ ပြုစုမယ်ဆိုရင်ဖြင့် ယုံရတာပေါ့လေ။ ဆရာ့ကို နှစ်ခုလောက် ပြန်ပြီး မေးခွင့်ပြုပါ။

**ဗျာ ... ။ ဟုတ် ... ဟုတ်ကဲ့။ မေးပါ ... မေးပါ။ ရပါတယ်။ အင်တာဗျူးဆရာကို ပြန်လှန်မေးခွန်းထုတ်တာ အင်တာဗျူးဟစ်စထွီမှာ ဆရာကိုရွှေတောသားပဲ ရှိလိမ့် မယ်ထင်ပါရဲ့။**

သည်လိုပါ။ အဦးဆုံးက ဆရာ့အနေနဲ့ ဘာဖြစ်လို့များ မောင်ပွေကြီး(ကတောင်း) ရယ်လို့ ကလောင်နာမည်ယူရတာလဲ။ နောက်တစ်ခုက ဆရာ ဒီ'ခေတ်ပြိုင်အရုပ်ပုံလွှာများ' အင်တာဗျူးကို ဘာ့ကြောင့် ဘာရည်ရွယ်ချက်နဲ့ လုပ်နေပါသလဲ။

**ဟုတ်ကဲ့။ ကျွန်တော်က ပွေတဲ့နေရာမှာ နှစ်ယောက်မရှိအောင် 'ပွေ'တတ်တာရယ်။ ပွေပြီးလို့ ပြဿနာတက်လာရင် 'ကတောင်း' မြှောင်အောင် ကျိုက်ပြီး ပြေးဖို့ ကြံတတ်တာရယ်ကြောင့် ကလောင်နာမည်ကို အမြတ်တနိုးနဲ့ 'မောင်ပွေကြီး(ကတောင်း)ဆိုပြီး မှည့်လိုက်တာပါ။ ဘယ့်နှယ်ဂွဒ်တယ် မဟုတ်လား။ နောက် မေးခွန်းတစ်ခု အတွက် အဖြေပေးရမယ်ဆိုရင်တော့ ဟုတ်ကဲ့။ ကျွန် တော်ကလည်း အများတကာ 'သိတော်မူကြတဲ့အတိုင်း ခပ်ရှုပ်ရှုပ်ခင်ဗျ။ ဒီတော့ ကျွန်တော်နဲ့ ခေတ်ပြိုင်အချို့ ကလည်း ခပ်ရှုပ်ရှုပ် ဆိုတော့ကာ ... ဆိုတော့ကာ ရှင်း နေတာကို ရှုပ်အောင် လုပ်မှ ဖြစ်မယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ လုပ်ပါတယ်လို့ပဲ**





ဖြေလိုက်ပါရစေတော့ ကိုရွှေ တောသားရေ။

နောက် 'ဝတ္ထုတိုတစ်ပုဒ်မှာ စားပွဲတစ်လုံးပေါ်၌ ခွေးလှေးယားသီးတစ်တောင့် ရှိနေသည်လို့ ရေးထားမယ်ဆိုရင် အဲဒီခွေးလှေးယားသီးကို နောက်ဆုံးတစ်နေရာရာမှာ အသုံးပြုမယ်'လို့ ဆိုခဲ့ရင် ဆရာကိုရွှေတောသားအနေနဲ့ အဲဒီ ခွေးလှေးယားသီးကို ဘယ်လို အသုံးပြုချင်ပါသလဲ။

ဝတ္ထုတိုတစ်ပုဒ် ရေးတဲ့အခါ သူ့နေရာနဲ့သူ အပိုအလိုမရှိ၊ ယုတ္တိယုတ္တာရှိရှိ ဖန်တီးရမယ်လို့ သတိပေးတဲ့ စကားလေးဖြစ်မယ်ထင်ပါတယ်။ သဘောကျစရာ ကောင်းလိုက်လေဗျာ။

ကျွန်တော်ကတော့ အဲဒီ ခွေးလှေးယားသီးကို မောင်တေမိရယ်၊ ဆဋ္ဌဂံငါးစင်ရိုင်းရယ်၊ ပန်းခွေလှိုင်ရယ်၊ မည်းပြောင်မြေခွေးရယ်၊ ကိုနံကြီး(ငွေးသီးဗန်း)တို့ အားလုံးရဲ့ ကုတ်မမီနိုင်တဲ့ နေရာတွေ ကို လိုက်ပွတ်ပစ်ချင်တယ်။

**ဝတ္ထုတိုဆရာကြီး (H.E. BEATE) က 'ဝတ္ထုဆိုတာ ချစ်သူနှစ်ဦး နမ်းကြသလို အပေးအယူ ညီညီမျှမျှနဲ့ သဟဇာတဖြစ်ဖို့ လိုအပ်တယ်'လို့ မိန့်ဆိုသွားပါတယ်။ အဲဒီ အယူအဆရော ဆရာကိုရွှေတောသား လက်ခံပါသလား။**

နားရှက်စရာ ကောင်းတဲ့ ဥပမာစကားပါပဲလား။ သူတို့နိုင်ငံ သူ တို့ဓလေ့နဲ့ နှိုင်းယှဉ်ပြီး ပုံဆောင်ပြောသွားတဲ့ အဆိုအမိန့် ဖြစ်ပါလိမ့်မယ်။ ကျွန်တော်ကတော့ 'ဝတ္ထုဆိုတာ ကြွေးယူသူနဲ့ ကြွေးရှင်တို့ ရုံးရောက်ဂတ်ရောက် မဟုတ်ဘဲ အချင်းချင်း ညီ ညီညွတ်ညွတ်ဖြစ်ဖို့ လိုအပ်သလိုမျိုး'လို့ ဆိုချင်ပါတယ်။

**'မပြုတ်ခင်ပေါင်နှံ' မဂ္ဂဇင်းအပေါ် ဆရာကိုရွှေတောသား ဘယ်လို မြင်ပါသလဲ။**

ဆရာမောင်ပွေကြီး(ကတောင်း) လိုက်ဖွသမျှ ဖြေရှင်းနေရမယ့် မဂ္ဂဇင်းလို့ မြင်ပါတယ်။

အခုလို ကျွန်တော်ဗျူးသမျှ၊ ချွန်သမျှ၊ တွန်းသမျှကို ရင်ကော့ပြီး ဖြေဆိုပေးတဲ့ ဆရာကိုရွှေတောသားကို 'မပြုတ်


www.burmeseclassic.com

www.burmeseclassic.com

ခင်ပေါင်နဲ့’မဂ္ဂဇင်းကိုယ်စား ထိုက်ထိုက်တန်တန် ကျေးဇူး ဥပကာရ တင်ရှိပါတယ်ခင်ဗျာ။

ရင်ကော့တာ ခါးနာနေလို့ ကော့တာခင်ဗျ။ ကျွန်တော့်ကို ပါးစပ်နဲ့ ကျေးဇူးတင်မယ့်အစား လက်တွေ့သဘောဆောင်ရအောင် အခု တိုက်အောက်ကိုဆင်းလို့ ထုံးဖြူဗမာဆေး တစ်ရာဖိုးလောက် ဝယ်ကျွေးတော်မူပါခင်ဗျာ။

ဒါလေးများ။

(ဤတွင်ရွှေ ကျွန်ုပ် ကိုရွှေတောသားအား ဗျူးဆရာ မောင်ပွေကြီး(ကတောင်း)မှ ဗျူးခြင်းအမှု ပြီးစီးပြီ ဖြစ်တော့၏။)

# အမှတ်တရမှ . . . အမှတ်တရသို့

သူရကန် အရောင်မမှိတ်ဘဲ တဖိတ်ဖိတ် တလက်လက် ဖြစ်နေသော နွေကာလတစ်ခု၌ ကျွန်ုပ် ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့သည် ဟာရာဏာသီရပ်ကွက်၊ ဗြဟ္မဒတ်လမ်း၌ရှိသော ခန်းမတစ်ခုသို့ ချီတက်ခဲ့ကြချေ၏။

အကြောင်းကား ထိုနေ့၌ ထိုခန်းမအတွင်းဝယ် နှစ်ကာလ နှစ်ထောင်ခန့်က ကွယ်လွန်သွားခဲ့ရှာပြီဖြစ်သော အလွမ်းနှင့် ရသသရုပ်ဖော် ‘စာရေးဆရာကြီး ငွေစန္ဒာ’ ကွယ်လွန်ခြင်း အမှတ်တရ ဂါရဝပြုပွဲ ကျင်းပမည် ဖြစ်သောကြောင့် ကျွန်ုပ်တို့ ဆရာတပည့်လည်း အလျှူခံဖြတ်ပိုင်း၌ နှစ်ကျပ်တစ်မတ်တိတိ နှစ်ယောက်ပေါင်း ထည့်ဝင်ထားသည်ဖြစ်ရာ ‘သက်ရောက်မှုတိုင်း၌ ၎င်းနှင့်တူညီသော တန်ပြန်သက်ရောက်မှု ရှိသည်’ဆိုသည့် နယူတန်နိယာမထုံး နှလုံးမူလျက် အမှတ်တရပွဲမှ ညှော်ခံကျွေးမွေးမည့် အစားအသောက်များအား ပါးဖြဲနားဖြဲ တီးရန် ချီတက်ခဲ့ကြခြင်းဖြစ်၏။

“ဟော့ကောင် ပလာယာ။ မင်း အိမ်က ဘာစားခဲ့လဲ”

“မစားခဲ့ဘူး အာစရိ။ ဒီရောက်မှ တစ်ဝတွယ်မယ်ဆိုပြီး မောင်းတင်လာခဲ့တာ။ အာစရိရော. . . ”

“ငါလည်း မင်းလိုပါပဲ တပည့်ရယ်”

သို့ဖြင့် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် မဖြစ်ညှစ်ကျယ်ရှာနယ်တိုက်တွင် စုဆုံလျက် လိဗ္ဗိကားကို တွယ်စီးကာ ဟာရာဏာသီ ရပ်ကွက်သို့


www.burmeseclassic.com

www.burmeseclassic.com

ဖြဟ္ဗဒတ်လမ်းမှတ်တိုင်အရောက်ဝယ် ဆင်းလိုက်ကြချေ၏။

''အခုလုပ်မှာ မနှစ်က လုပ်ခဲ့တဲ့ 'ဒေဝဒဟ'ခန်းမပဲ မဟုတ်လား အာစရိ''

''မှန်တာပေါ့ တပည့်ရယ်။ ဟော... ပြောရင်းဆိုရင်း နှစ်ယောက်သား စကားတပြောပြောနဲ့ လျှောက်လာလိုက်တာ ခန်းမရှိတဲ့ လမ်းရဲ့ထိပ်တောင် ရောက်မှန်းမသိ ရောက်လာပြီ''

''ဟုတ်ပါ့ အာစရိရယ်။ ဟော.. ဟိုရှေ့ တဲမှာ လူတွေ ရှုံးစု ရှုံးစုနဲ့ ဘာတွေ လုပ်နေကြပါလိမ့်''

''မှန်းစမ်း။ ဘာတွေ လုပ်နေတယ်ဆိုတာ သိရအောင်''

ဂျာနယ်လစ်ဆိုသည်မှာ ထုတ်ဝေသူမသိအောင် ဂျာနယ်တွေ လစ်လစ်သွားသူ မဟုတ်။ ပလာယာတို့၊ ကျွန်ုပ်ကိုရွှေတောသားတို့လို ကိုယ့်ဂျာနယ် သတင်းထူး၊ သတင်းဦး ရရေးအတွက် 'လှစ်လှစ်... လှစ်လှစ်' ဖြစ်နေသူကို ဆိုလို၏။ ဂျာနယ်လှစ်မှ ခေတ်ကာလ ရွေ့လျောလာသောအခါ ရေးထုံးပြောင်းသွားပြီး ဂျာနယ်လစ်ဖြစ်လာ၏။ (စကားချပ်)

''ဟာ... ဘယ်သူတွေလဲ မှတ်တယ်။ ဒင်းတို့ကိုး။ နေ့လယ်နေ့ခင်းကြီး ပူပူလောင်လောင် အိုက်အိုက်စပ်စပ် ရှိရတဲ့အထဲ ခွက်ပုန်းဆွဲဆွဲနိုင်လွန်းသဗျာ''

တပည့်ကျော် ပလာယာ၏ ကောက်ချက်ချသံအဆုံး၌ ကျွန်ုပ်ကိုရွှေတောသားလည်း ယိုင်နဲ့နဲ့ တဲကလေးအတွင်း ဝင်ချည်ထွက်ချည်၊ ထွက်ချည် ဝင်ချည် လုပ်နေသူတို့ကို သတိထားကြည့်လိုက်ရာ ဤနေ့ ဤပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ကျွန်ုပ်တို့ လောကသားတွေ ဖြစ်နေ၏။

စာရေးဆရာ သန်လျင်ပြောင်ပြောင်မူးကား သောက်သာသောက် စေလူမရိပ်မိစေနှင့်ဟူသော ထုံးအား နှလုံးမူလျက် ပြုံးပြုံး ပြုံးပြုံးလုပ်ကာ သူ့သွားကို သူစုပ်နေ၏။ ထိုဝိုင်း၌ အာပေါင်အာရင်းသန်သူ နှစ်ဦးရှိ၏။ ၎င်းတို့မှာ 'ကဗျာဆရာ တောင်စွန်းငန်းစောင်း'နှင့် နဝင်းမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် 'မောင်လမ်းသွယ်(အောင်လံ)'တို့ ဖြစ်ကြ၏။ သူတို့သည် ဘယ်ဘက်လက်က ခွက်ကိုကိုင်၊ ညာဘက်လက်က ဖွန်းကိုမလွှတ်ဘဲ စကားလုံးမှန်တိုင်း ထန်နေကြ၏။ ဒါကို မော်ဒန်စာရေးဆရာ မြူးနှစ်က နားကြားပြင်း ကတ်လာဟန်တူ၏။





''ဟေ့... အားလုံး ဒုန်း.. စပီ။ အနားသားဖော်ယူ။ ဖော်မယူရင် အလယ်သားကို ငါစားပစ်မယ်။ လောကမှာ အစ်ဖင်ဆိုတာ ဘဲရိုးအင်ပေါ့တက်''

ထိုသို့ထိုပုံ မော်ဒန်စာရေးဆရာ မြူးနှစ်တစ်ယောက် ဘိုလို တဖူးဖူးမှုတ်နေချိန်ဝယ် ခေတ်ပြိုင်အရုပ်ပုံလွှာများကို မဂ္ဂဇင်းတိုက်မှ လိုက်ရှင်းရလောက်အောင် (နဖူးပြောင်ရုံမက) လက်သံလည်းပြောင်ပေထသော ဗျူးဆရာ မောင်ပွေကြီး(ကတောင်း)တစ်ယောက် တစ်စခန်း ထလာ၏။

''သွားဖမ်း... ဘာ။ သွား... ဖမ်းဘာ။ မော်ဒန် အစုတ်ပလုပ်တွေ မီးရှို့ပစ်ရမယ်။ ပြာချပစ်ရမယ်။ 'ဟဲ့ဆိုကာ ကြိမ်တံမြှောက်မှဖြင့် လှည့်လိုရာတိမ်ယံရောက်နိုင်ငဲ့ ... တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင်၊ ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်' ဟုတ်တယ်နော် ခြေကွေး။ မင်းက မြန်မာစာသမားဆိုတော့ ငါရွတ်တဲ့ကဗျာ မှန်တယ် မဟုတ်လား''

မောင်ပွေကြီး(ကတောင်း)တစ်ယောက် ခေါင်းတခါခါ ပါးတရွှဲရွှဲ ပါးစပ်တဖြဲဖြဲနှင့် 'ကပ်တီးမူးလဲဘွဲ့ထူး'ကို တစ်ဦးတည်း ချန်ပီယံ စွဲထားသည့် မောင်ခြေကွေး(မြန်မာစာ)အား စိစ်ကူယူကာ မေးမြန်းလိုက်သည်။

''ဟုတ်လိမ့်မယ် ထင်တာပ ကိုပွေကြီးရယ်။ ကျွန်တော်က ခုတစ်လော နားလေးလေးနေတယ်။ ပန်းဆိုးတန်းသွားပြီး 'ဆရာထစ်ဆိုချိုထု' ဖိမ်ခံတဲ့ နဖာကလော်ဆိုင် ပြေးရဦးမယ်။ ဗျို့ ... ကိုခြေကား စောစောက ကိုပွေကြီးရွတ်သွားတဲ့ကဗျာ ဟုတ်ပါတယ်နော်''

''ဟုတ်တာပ ကိုပွေကြီးရယ်။ ရကန်ဖျက်ဦးလန်းရေးတဲ့ ထပ်တွန့်ဆယ့်ခြောက်ချိုးကဗျာပဲဥစ္စာ။ ဆယ့်ခြောက်ချိုးဆိုရင် တစ်ဖောင်ပဲ''

''ဟာ... ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး''

ဤသို့ဤပုံ ထိုပုံထိုနည်း သေတင်းကုပ်ရှိရာ၌ လက်ပံပင် ဆက်ရက်ကျနေစဉ် ကျွန်ုပ်တို့ ဆရာတပည့်လည်း ၎င်းတို့၏ အန္တရာယ်မှ ကင်းလွတ်ရန် လမ်းချိုးအတွင်းသို့ ကွေ့ရှောင်လိုက်ချေ၏။ ထိုစဉ် 'ကတုံးမ (ခေါင်းတုံးမ) ယူလိုက်'ဝတ္ထုကြီးဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုတွေ ရရှိအောင် ဖန်တီးပေးနိုင်ခဲ့သည့် စာရေးဆရာ ထစ်ဆိုချိုထုအား နှီးဦးထုပ်ကြီး ဆောင်းလျက် ရေသဘင်မျက်မှန်တကားကားဖြင့် တွေ့လိုက်ရချေ၏။


www.burmeseclassic.com

www.burmeseclassic.com

''ဒါ ဘယ်တုံး... ဆရာထစ်ဆိုချိုထု''

''ခန်းမမှာ အခြေအနေ သိပ်မကောင်းဘူးဗျို့။ ပရိသတ်ကို ဘာကျွေးရင် ကောင်းမလဲလို့ တိုင်ပင်နေကြတာကြားလို့ ကျွန်တော် လစ်ထွက်လာတာ။ ခင်ဗျားတို့လည်း လစ်ရင် ကောင်းလိမ့်မယ်''

''ဟာ... ဒီလိုလုပ်လိုက်ရင် ဒီပွဲကို (၈)နှစ်တိတိတောင် ပုဆိုးလေးပေါင်လိုက်၊ အကျႌလေးပေါင်လိုက်နဲ့ ပွဲအစွန့်ရှည်အောင် ကြိုးပမ်းခဲ့တဲ့ ဆရာသမားခမျာ စိတ်မကောင်း ဖြစ်တော့မှာပေါ့ဗျာ''

''အင်း... ဒါလည်း ဟုတ်ပေတာပဲ။ ကဲပါ။ ကျွန်တော်ပြန်လာခဲ့ပါ့မယ်။ လမ်းထိပ်မှာ ကွမ်းယာသွားဆွဲလိုက်ဦးမယ်ဗျို့''

''ကြွ... ကြွ''

အမှန်တကယ်လည်း ကျွန်ုပ်တို့ ဆရာတပည့်သည် ထိုပွဲကို ဦးဆောင်သော ဆရာသမားအပေါ် မေတ္တာရှေ့ထားလျက် လာခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အန္တေဝါသိကဆရာကြီး 'ဆရာငွေစန္ဒာ' ဘာတွေ ရေးခဲ့သည်ကို ကျွန်ုပ်တို့ မသိပါ။ ဖတ်လည်း မဖတ်ဖူးပါ။ ဤသို့ ဆရာသမား၏ ကလောင်နာမည်လေးက ဆန်းနေသည်။ သည့်အတွက် ကာယကံ ရှင်ကိုယ်တိုင် (၄၂)လမ်းဆိုင်၌ ရှင်းလင်းပြခဲ့ဖူးသည်။

''ကိုယ့်ကို မေးတာ ဖားကန့်မှာကွ။ အဲဒီမှာ လွှတ်ချမ်းသာတဲ့ ‌ေလာ်ပန်တစ်ယောက် ရှိတယ်။ ကိုယ့်ရုပ်နဲ့ တော်တော်တူဆိုပဲ။ ဒါနဲ့ ကိုယ့်ကို လော်ပန် လော်ပန်လို့ ခေါ်ရင်းကနေ အစအနောက်သန်တဲ့ သူနဲ့တွေပြီး လော်ပန် ဖြစ်သွားခဲ့တာ မောင်ရင်တို့ရဲ့''

သို့ဖြင့် ကျွန်ုပ်တို့ ဆရာတပည့်သည်လည်း စကားတပြောပြောနှင့် လျှောက်လာကြရာ 'ဒေဝဒဟ' ခန်းမဆီသို့ တန်းတန်းမတ်မတ်ကြီး ရောက်ရှိသွားကြချေ၏။ ကျွန်ုပ်တို့ ခန်းမအတွင်း ဝင်လေသော် တပည့်ကျော် ပလာယာက အတွေ့အကြုံ ကြွယ်ဝသူပီပီ သူ့ဖိနပ်နှင့် ကျွန်ုပ်၏ ဖိနပ်အား ခေါက်တံခါးကြားထဲ သွားဝှက်ပေးလေ၏။ ကောင်းလှင့်တေး... ကောင်းလှင့်တေး။

''လာကြကွာ... လာကြ။ မောင်ရင်တို့ ဆရာတပည့်ကို မျှော်နေတာ''

'ဆရာလော်ပန်က နယ်ခံ ဗာရာဏသီရပ်ကွက်သူ ရပ်ကွက်သား





တွေနှင့်အတူ လိုက်လိုက်လှဲလှဲ ကြိုဆိုကြပါ၏။

''ဒါထက် ဒီနေ့ စာနယ်ဇင်းလောကမှာ ပွေကြီးလုပ်နေတဲ့ 'ဂေါ်ဇီလာ'ဂျာနယ်တို့၊ 'ငရုတ်'ဂျာနယ်တို့၊ 'ဘူးသီးပုံ'ဂျာနယ်တို့၊ 'ပိန်လှိုင်လှ' ဂျာနယ်တို့ကို မဖိတ်ဘူးလား''

''ဖိတ်ပါတယ်ကွယ်။ ဘယ်နေလိမ့်မလဲ။ ဒါပေမဲ့ သူတို့က ဒီလိုပွဲမျိုး ဘယ်တုန်းက တက်ဖူးလို့လဲ။ ဒီလိုမျိုးပွဲကို မင်းသမီးလေး ရေမြှောပေါက်တာလောက်တောင် စိတ်ဝင်စားကြတာ မဟုတ်ဘဲကလား''

ဒါတော့ 'ဆရာလော်ပန်' ပြောတာမှန်သည်။ ကျွန်ုပ်တို့ ကသာ 'ဥတကာနဥ သင်္ဂဟော' ဆိုသည့် တရားတော်နှင့်အညီ ကိုယ့်လောက သားချင်း ရိုင်းပင်းကြလေ၏။

''ရပါတယ်ကွယ်။ ပရိသတ်အားလုံးကို ကျွေးမွေးနိုင်ဖို့ရာ ကိုယ်နဲ့ ရခါစ အိမ်သူမွေးထားတဲ့ ဝက်ကလေး ရောင်းထားတာ ရှိပါတယ်''

''ဒါဖြင့်လည်း ကျွေးတော့မွေးတော့ ဆရာရယ်''

''ကောင်းပါပြီ ပလာယာရယ်။ ကောင်းပါပြီ။ ဟော့... ငါ့တပည့် နေမင်းငိုတို့အဖွဲ့ ပရိသတ်အတွက် စီစဉ်ကြပေတော့ဟေ့''

မကြာပါချေ။ စားပွဲဝိုင်းများပေါ်သို့ ဇွန်းနှင့် ဖန်ခွက်များ ရောက်လာကြကုန်၏။ ဗာရာဏသီသားတစ်ယောက်သည် ချိုင့်ကြီးတစ်ချိုင့်ကို မီးဖိုခန်းထဲမှ ဆွဲလာလျက် စားပွဲခုံပေါ်ရှိ ဖန်ခွက်အသီးသီးထဲသို့ ယောက်ချိုဇွန်းဖြင့် ထည့်နေ၏။

''ဟာ... မုန့် ... လက်... ဆောင်း.. တွေ''

''ဟုတ်တယ် ပလာယာ။ ညီ့ပရိသတ်တွေအားလုံး အရည်လည်းရ၊ အဖတ်လည်းရအောင် မနည်းစဉ်းစားပြီးတော့ စီစဉ်ထားရတာ။ ကဲ.. နှိုက်ကြ သွတ်ကြ... တွယ်ကြ''

ကျွန်ုပ်တို့လည်း ဂမ်းတွင်းရှိ ပိုးမျိုး(၈၀)၏ တောင်းဆိုမှုကြောင့် ထန်းလျက်ရည်ကြဲကြဲ ဆေးသကြားတွဲထားသည့် မုန့်လက်ဆောင်းကိုပင် အားပါးတရ ဆိုသလို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်ပါသေး သည်။ ပလာယာဆိုလျှင် နှုတ်ခမ်းစပ်တွင် ကပ်နေသော မုန့်လက်ဆောင်း ဖတ်များကို လျှာဖြင့် ဘယ်ညာတောင်မြောက် သိမ်းနေ၏။ တစ်ဖက်ဝိုင်းမှာတော့


www.burmeseclassic.com

www.burmeseclassic.com

နယ်မှရောက်လာသော ဗကိုးညှော်(စစ်တွေ)သည် ဖန်ခွက်တွင်းမှ အုန်းသီး ဖတ်များအား ဖွန်းဖြင့် ဖယ်ထုတ်နေ၏။ မောင်ရန်စ(လယ်ဝေး)၊ ကျော်ပြင်းနိုင်၊ မောင်စွင့်ကား(ဘိုကလေး)၊ ယင်ကောင်ဝေ(ရွှေမိုင်း)တို့လည်း 'အခွင့်သာနိုက်၊ မတွယ်လိုက်က၊ အမိုက်နှင့်ပြင် ရှိဦးမလား' ဟူသည့် ထုံးကို နှလုံးမူကာ 'ရှလွတ်.. ရှလွတ်''ဖြင့် မြည်သံတွေ ပေးနေ လေတော့သည်။ မကြာခင် သန်လျင် ပြောင်ပြောင်မူး၊ တောင်စွန်းငန်း စောင်း၊ မောင်ခြေကွေး(မြန်မာစာ)၊ မောင်ခြေကား၊ မောင်ပွေကြီး (ကတောင်း)၊ မြနုစ်၊ မောင်လမ်းသွယ်(အောင်လံ)၊ ထစ်ဆိုချိုထုတို့ တက် ရောက်လာကြကုန်၏။ ဆရာလော်ပန်၏ အိမ်သူကညာနှင့် တပည့်ကျော် နေမင်းငိုတို့ အဖွဲ့ကလည်း သွက်သွက်လက်လက် ချက်ချက် ချာချာနှင့် ညှော်ပရိသတ်တို့ မတွယ်လိုက်ရ မရှိရလေအောင် ညှော်ဝတ်ကျေကြပါ ကုန်၏။

a a a



အကျွေးအမွေးကဏ္ဍကား ပြီးဆုံးသွားခဲ့ချေပြီ။

ဤတွင် အမှတ်တရ ဂါရဝပွဲကလေး၏ အခမ်းအနားကို စတင် ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဆရာကြီးငွေစန္ဒာ၏ တပည့်ဖြစ်ခဲ့ ဖူးသော အင်းစိန်အာလူးက ဆောင်ရွက်ခဲ့သည်။ အခမ်းအနားမှူး၏ အစီအစဉ်အရ ဤပွဲဖြစ်မြောက်ရေး၏ ဥက္ကဋ္ဌဖြစ်သော ဆရာမောင်ရန်စ (လယ်ဝေး)က သူဆန္ဒရှိသလောက် ဦးမဆောင်နိုင်ခဲ့သည့်အတွက် ယခုလို မုန့်လက်ဆောင်းသာ တိုက်နိုင်ကြောင်း ငိုကြီးချက်မနှင့် အမှာစကား စတင်ပြောကြားပါ၏။ နောက် ဤပွဲ၏ နာယကကြီးတစ်ဦးဖြစ်သော စာရေးဆရာကြီး 'ဆင်ဖြူတော် ဆရာစိမ်း'ကို အမှာစကား ပြောကြားပေးရန် ပန်ကြား၏။

''ဟော့ ... နှစ်တိုင်း ဒါတွေချည်းပဲ ပြောနေရတာ အာညောင်း တယ်ကွာ။ ခုတောင် မုန့်လက်ဆောင်းကြောင့် ချွဲထချင်နေပြီ။ ဘာမှ ပြောစရာ မရှိဘူး။ အစီအစဉ် ရှေ့သာဆက်။ အဟမ်း... အဟမ်း... ဒွီး ဒွီး''

နာယကကြီး ငြင်းငယ်လိုက်လေသောအခါ အတွင်းရေးမှူးဖြစ်သည့် ဆရာလော်ပန်အလှည့်သို့ ရောက်လာခဲ့၏။ သူကလည်း တိုတို တုတ်တုတ်ပင် ပြောပါ၏။

''ဒီပွဲလေးကို နှစ်စဉ်နှစ်တိုင်း ဒီနေ့ ဒီရက်ရောက်ရင် မပျက် မကွက် လုပ်ချင်တာ ကျွန်တော့်ဆန္ဒပါ။ ဒါပေမဲ့ ကျွန်တော်တစ်ဦးတည်း မနိုင်တဲ့အတွက် ဝိုင်းကူပေးကြမှ ဖြစ်ပါလိမ့်မယ်။

စကားစပ်လို့ ပြောရမယ်ဆိုရင် ဒီပွဲမှာ ဆရာကြီးရဲ့ မျိုးဆက်တွေ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မှ မလာကြတဲ့အတွက် စိတ်မကောင်း ဖြစ်ကြတယ်လို့ ကြားပါတယ်။ အဲဒါကို ကျွန်တော် ရှင်းပြပါရစေဗျာ။ ကျွန်တော့်ဆရာကြီးဟာ မိန်းမနှစ်ယောက်ပါ။ ပထမမိန်းမနဲ့ အိမ်ထောင်ကျတော့ သားသမီးတွေ ရပါတယ်။ အဲဒီကာလမှာ ဆရာကြီးရဲ့တပည့် ကျွန်တော် မဟုတ်သေးပါဘူး။ ဆရာကြီး ပထမအိမ်ထောင်နဲ့ ပြတ်စဲပြီး ဒုတိယအိမ်ထောင် ရကာမှ ဆရာကြီးနဲ့ ဆရာကြီးရဲ့ ဒုတိယမြောက်ဇနီးနဲ့ ကျွန်တော် ဆုံခဲ့၊ တပည့်ခံခဲ့တာပါ ခင်ဗျာ။ ဒုတိယအိမ်ထောင်နဲ့ ဆရာကြီးဟာ သားသမီး မထွန်းကားခဲ့ပါဘူး''

ဆရာလော်ပန်ကား သူ့ဘဝဇာတ်ကြောင်းကို နုတ်သံကလေး နှောပြီး ပခုံးပေါ်တင်ထားသည့် စွပ်ကျယ်စုတ်အား မျက်ဝန်းကိုတို့ရင်း ကွမ်းအစ်ဘေးနားရှိ သူ့နေရာတွင် ထိုင်ချလိုက်သည်။

''ခုတစ်ခါမှာတော့ ဒီအမှတ်တရ ဂါရဝပွဲလေးကို ကြွရောက်လာကြတဲ့ ညှော့ပရိသတ်ထဲမှ စကားပြောကြားပေးဖို့ ဖြစ်ပါတယ်။ ဒီအတွက် စာရေးဆရာ သန်လျင်ပြောင်ပြောင်မှူးကို ဖိတ်ခေါ်ပါတယ် ခင်ဗျား''

ဆရာသန်လျင်ပြောင်ပြောင်မှူးကား ဟောပြောပွဲတကာ၌ ပွဲချီအများဆုံးရရှိထားသူ 'ရွှေပါးစပ်'ပိုင်ရှင်ဖြစ်၍ သည်ပွဲလောက်တော့ မှုဟန်မတူပေ။ သူနှင့် ဆရာကြီးငွေစန္ဒာတို့ ဆုံစည်းခဲ့မှုလေးကို ပရိသတ်စိတ်ဝင်စားအောင် ပြောကြားပြီးသည့် သကာလ...

''အင်း ... ခုန ဆရာလော်ပန် ပြောသလိုပါပဲ။ ဆရာကြီးမှာ မိန်းမနှစ်ယောက်ရှိပါတယ်။ ဒါကို ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသလို ဆရာလော်ပန်ဟာလည်း ခြေဖဝါးထပ် လိုက်နိုင်ရုံမက ခုဆိုရင် ကျော်တက်သွားပါပြီ။ ခုယူတဲ့ မိန်းမဟာ... အား... အမလေးဗျ''

ဆရာသန်လျင်ပြောင်ပြောင်မှူး၏ စကား မဆုံးလိုက်။ ကွမ်းအစ်ကြီးသည် ကိုလံဘီယာဒုံးပျံယာဉ်အလား လေထုထဲကို ဝေ့ဝဲကာ သန်လျင်ပြောင်ပြောင်မှူး၏ ပြောင်သောနဖူးကို မိတ်ဆက်လိုက်သည့်သမယ ပရိသတ်လည်း လက်သည်တရားခံအစစ် ဘယ်သူဆိုတာကို သိလိုက်ကြချေ၏။ ဤတွင် ပြောင်ပြောင်မှူး ခါးတောင်းကျိုက်လေပြီ။

''ဟော့.. ဟော့.. ပြေးကြ.. ပြေးကြ။ မဖြစ်ဘူး။ ချကုန်ကြပြီ''





အခြေအနေကား ဝရုန်းသုံးကား။

ကိုရွှေတောသားတို့ ဆရာတပည့်လည်း ဤအရေး ဤကိစ္စ၌ ကြားမဝင်တတ်သူများပီပီ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဟုဆိုကာ တံခါးကြားထဲမှ ကိုယ့်ဖိနပ်ကိုယ် ထဆွဲလျက် ဒေဝဒဟ ခန်းမကြီးအား ကျောခိုင်းလိုက်ရပါတော့သတည်း။

*(မည်သူ့ကိုမျှ မရည်ရွယ်ပါ။ ဟာသ သက်သက်သာ ဖြစ်ပါကြောင်း)*



www.burmeseclassic.com

www.burmeseclassic.com



# ပျော်ပျော်ပါးပါး . . .

# ဝါးဟားဟား

သည်တစ်ပတ်အတွက် 'မဖြစ်ညစ်ကျယ်' ဂျာနယ်အား ရုံးတင်ပြီးစီးခဲ့ပြီမို့ ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့မှာ စိတ်ထဲပေါ့ပါးသွားခဲ့ကြသည်။

''ပလာယာရေ . . . ''

''ဆို . . . အာစရိ''

''အလုပ်တွေတော့ ပြီးပြတ်သွားပြီကွယ့်။ ဒီတော့ ဒီညနေ ငါ့ရွာကိုပြန်ရကောင်းမလားလို့''

''အာစရိတို့ ရွာမှာ ဘာတွေ ရှိလို့လဲ အာစရိရဲ့''

''ဘုရားပွဲ ရှိတယ်ကွ။ ဘုရားပွဲမှာ ခါတိုင်းနှစ်တွေလို ဗီဒီယိုမိုးအလင်းပြတာတို့၊ ရုပ်ရှင်လေးကားပေါင်း မိုးအလင်းပြတာတို့ မလုပ်တော့ဘဲ ပွဲသွင်းမှာတဲ့။ ဒါကလည်း ဒီနှစ် လယ်ယာသီးနှံတွေအောင်တဲ့ အပြင် ဈေးကောင်းလည်းရတော့ ရွာက စုပေါင်းထည့်ဝင်ငွေနဲ့ ပွဲသွင်းမယ်လို့ ကြားသကွ။ သွင်းတဲ့ပွဲကလည်း နာမည်ကြီး ဇာတ်ပွဲလို့ ပြောတာပဲ။ ပြီးတော့ ဘုရားပွဲကိုဟောဒီမြို့ပြက ဂျာနယ်လစ်တွေလည်း သွားပြီး သတင်းယူကြမယ်ဆိုပဲ''

''ဟာ . . . ဒါဆိုရင် တပည့်တို့လည်း ဘယ်လက်နေးနေလို့ ဖြစ်မလဲ အာစရိရဲ့။ ဟုတ်တယ်ဟုတ်''

''သေချာတာပေါ့ တပည့်ရယ်။ သိပ်သေချာတာပေါ့။ ပြီးတော့ တို့များဆရာတပည့်နှစ်ယောက် နေ့ရှိသရွေ့ တစ်နေကုန် အယ်ဒီတာ စားပွဲမှာ တကုပ်ကုပ် ညောင်းချည့်အောင် အလုပ်တွေ မိလုပ်လိုက်၊ ညနေစောင်းတော့ (၄၂)လမ်းကို ပြေးလိုက်နဲ့ ခေါက်ရိုးကို ကျိုးနေတော့တာပဲ။ မင်းစဉ်းစားကြည့်စမ်း

www.burmeseclassic.com


ပလာယာ။ တို့များ ဆရာတပည့်နှစ်ယောက် ဘဝကို ဒီလိုနဲ့ အချိန်တွေ ကုန်သွားမယ်ဆိုရင် ဘယ့်ကလောက်များ လူဖြစ်ရှုံးလိုက်မလဲ။ ဒီတော့ ဘဝကို ထွက်ပေါက်ပေးတဲ့အနေနဲ့ အခုလိုမျိုး မြို့ပြကိုခွာပြီး အမြင့်စိမ်းတွေနဲ့ ထိတွေ့သင့်တယ်''

''မှန်လိုက်လေ အာစရိရယ်။ အာစရိပြောမှ တပည့်လည်း ကိုယ့်ဘဝကိုယ် ရင်နာရကောင်းမှန်း သိရတော့တယ်။ ကောင်းတယ် အာစရိ။ ကောင်းတယ်။ အာစရိရွာကိုသွားရင် တပည့်လည်း လိုက်မယ်။ ကျေးလက်ရဲ့ ဆေးစက်အထူအပါးကို အကဲခတ်ရမယ်။ ဒါထက် ဟိုရောက်ရင် စားရေးသောက်ရေးက. . . ''

''မပူစမ်းပါနဲ့ကွာ။ ငါ့ရွာပါ။ ဟိုရောက်ရင် ဘာမှ ပူစရာ မလိုဘူး။ အားလုံး အိုကေမှာ ဗိုပြည့်စေရမယ်။ မင်းအနေနဲ့ တို့များကျေးလက်ရဲ့ ဘုရားပွဲမှာ အတွေ့အကြုံတွေ အများကြီး ရသွားစေရမယ်။ ရေးစရာ ကုန်ကြမ်းတွေဆိုတာ တစ်ပုံကြီးပေါ့ကွယ်''

''အာစရိညွှန်းနေတာနဲ့ အခုတောင် ဖင်တရွရွ ဖြစ်နေပြီ''

''ကဲ . . . ဒါဆိုရင် သိမ်းဆည်းစရာရှိတာတွေ သိမ်းဆည်းပေတော့ကွာ။ ရှိရောက်ဖို့ သင်္ဘောတစ်တန်၊ ကားတစ်တန် ဆက်ရမှာ''

''ဟုတ်. . . ''

သို့ဖြင့် ကျွန်ုပ်တို့ ဆရာတပည့်လည်း တိုက်လက်ကျန် ဂျာနယ်အဟောင်းအမြင်းများကို စု၍လည်းကောင်း၊ အသုံးပြုပြီးသား ဖလက် လိပ်များမှ ဖလင်ဟောင်းများကို ခွာ၍လည်းကောင်း၊ အသုံးပြုပြီးသော စာမူအဟောင်းများကို ထုပ်ပိုး၍လည်းကောင်း လမ်းထိပ်ရှိ ဘော်တယ်ဆိုင်သို့ သွားပို့လိုက်ရာ ရွာအပြန်ခရီးအတွက် လှတပတ ဖြစ်ရပါလေတော့ သတည်း။

a a a



ရွာဘုရားပွဲ၌ တင်ဆက်ကပြမည့် ဇာတ်အမည်ကား ဇာတ်ဆရာဦးခေတ်ထွန်းနှင့် အသံမင်းသမီး မြင့်မြင့်ရီတို့ ဇနီးမောင်နှံဦးစီးသည့် 'ရတနာပိန်းခင်း'ဇာတ်ပွဲပင် ဖြစ်ချေ၏။ ကျွန်ုပ်ကိုရွှေတောသား၏ ရွာကား ဇာတ်မသွင်းစဖူး အသွင်းထူးသည့်အတွက် 'ရတနာပိန်းခင်း' ဇာတ်ပွဲအားအားပေးကြည့်ရှုရန် မောင်းတင်ထားသည်မှာ သေချာလှချေတော့၏။

ကျွန်ုပ် ကိုရွှေတောသားကား တစ်ချိန်က 'ပွဲကြိုက်သူ'ဗိုင်မ်းနှင့် လည်ပင်းဖက်ဖူးသူ ဖြစ်ရလေကား ဘယ်ဇာတ်၏ အထာ ဘယ်လိုရှိသည်ကို အားလုံးထက်စာလျှင် နားလည်ကြောင်း ဤနေရာ၌ အသားလွတ် အမှတ်ယူရပေဦးတော့မည်။ ဇာတ်ဆရာ ဦးခေတ်ထွန်း ဆိုသူကား လူပြက်ဘဝမှ လာသူဖြစ်၏။ ဇာတ်ထောင်၍ ဘယ်သို့ စီးပွားရှာလျှင် ဘယ်အနေအထားအထိ တွက်ခြေကိုက်မည်ဆိုသည်ကို ချက်ဆို နားခွက်က မီးတောက်သူ ဖြစ်ချေ၏။ သူ၏ ဇနီးသည် မြင့်မြင့်ရီကား တစ်ချိန်က ယိမ်းသမ ဖြစ်၏။ သို့ရာတွင် ကကွက်ကဟန်တွေက သိပ်ပြီး အချိုးအဆစ်မကျလှ။ အရပ်ကြီး ကလန်ကလားနှင့် ဇာတ်စင်ထက် ခြေမြှောက် လက်မြှောက် လုပ်တတ်လေရာ ပွဲကြည့်ပရိသတ်အတွက် ရယ်စရာမဟုတ်ပါဘဲနှင့် တသောသော ဖြစ်ခဲ့ရချေ၏။ ဒါကိုငင်းလည်း အဟုတ် ကြီး ထင်နေရာမှ တစ်ဆင့်တက်လျက် ဆီမီးခွက်ယိမ်းကို ကလေ၏။ ဤ၌ ကံဆိုးလှစွာ လက်အလိမ်များပြီး တစ်ခွက်သောခွက်မှ ဆီမီးသည် သူမ၏ ချိုင်းတစ်ဖက်အား မီးဟပ်သွားတော့၏။ တောထနေသော ချိုင်း မွေးတို့လည်း ရှိတ်ခနဲ ဖြစ်သွားပြီးသည့် သကာလ၊ သူမလည်း ဇရုန်ခြင်း


www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို စိတ်ကုန်သွားလေတော့၏။ သို့သော် အနုပညာကို စိတ်မကုန်သေး။ ဤ၌ ရုပ်အဆင်း ပြေပြစ်ချောမွေ့လှပသော်လည်း အသံ(လုံး၀) မကောင်းရှာသော မင်းသမီးလက်ညှိုးရှင်းအတွက် ဇာတ်စင်အောက် ဆိုင်းဝိုင်းများကြားမှ ရှဲဒိုးအဆိုတော် လုပ်လေတော့သည်။

အဆိုပါ လင်မယားကား စီးပွားရေးဦးနောက် ကြီးကြသူများပီပီ 'ရတနာပိန်းခင်း' ဇာတ်တစ်ဇာတ်လုံးအား စီးထားနိုင်ခဲ့၏။ အသုံးစရိတ် ကြွေးပေးသင့်သူကို ပေး၏။ ပေါ်ချောင်ကောင်း ဇာတ်လမ်းများ၊ အော် ပရာများကို ရွေးချယ်တင်ဆက်၏။ မကုန်သင့်တာ မကုန်ရအောင် ခြိုးခြံ ချွေတာတတ်၏။ လင်မယားနှစ်ယောက်စလုံး တစ်ယောက်တစ်လှည့်စီ ပေသီးခေါက်၏။ ဇာတ်သူဇာတ်သားတွေ စားသောက်ဖို့ရာ ဇာတ်ထမင်း ဟင်းကို စီမံသူမှာလည်း မြင့်မြင့်ရီ ဖြစ်၏။ စပါးလုံးနိုင်းချင်းနှင့် ဆန်ကွဲ ကို မဟာမိတ်ပြုထားသော မည်ကာမတ္တဆန်သည် ရတနာပိန်းခင်း ဇာတ် သူဇာတ်သားတွေ သုံးဆောင်ဖို့ရာ ထမင်းဖြစ်ကုန်၏။ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းသီးပိုးထိုး၊ အာလူးအပုပ်၊ ကျောက်ခဲသလဲများ စွက် ထားသည့်ပဲ၊ ဖွဲနုရောထားသော ငါးပိ၊ အနံ့ထွက်နေသည့် ပင်လယ်ငါးများ ဒါတွေသည် ရတနာပိန်းခင်း ဇာတ်သူဇာတ်သားတွေ စားသုံးဖို့ရာ အဆင့်မြင့် ဟင်းလျာများ ဖြစ်၏။ ဇာတ်ပြောင်းရွှေ့သည့်ကိစ္စ၌ ကားနှစ်စီး လောက်မှ ဖြစ်မည့်ကိစ္စကို တစ်စီးတည်းဖြစ်အောင် ဖန်တီးကာ ကုန်ကျ စရိတ်ကိုလည်း ချွေတာတတ်၏။ သည်လိုမျိုး 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'နှင့် အပ်စပ်လျော်ညီလှစွာ 'မောင်တစ်ထမ်းမယ်တစ်ရွက်' ဘက်ညီသဖြင့် စီးပွားဖြစ်ကာ မင်္ဂလာတောင် ညွန့်တွင် တိုက်ခန်းတစ်ခန်း၊ ရွာသာကြီး၌ ကြက်ခြံတစ်ခြံ၊ သင်္ကန်းကျွန်းတွင် ခြံကွက်ကြီး တစ်ကွက်ဖြင့် အထိုင်ကျနေလေတော့၏။ ဇာတ်ဆရာ ဦးခေတ်ထွန်းကား ထန်းရည်ကြိုက်သူ ဖြစ်၍ အသံမင်းသမီး မြင့်မြင့်ရီမှာ ပိုကာဆွဲခြင်းအမှုကို ဝါသနာပါသော်လည်း အသားထဲက ပွဲပါလောက်သည်အထိ မလွန်ကဲ ကြလေရကား သူတို့အတွက် စီးပွားဉစ္စာ ယုတ်လျော့သည်ဟူ၍ မရှိခဲ့။

'ရတနာပိန်းခင်း'ဇာတ်အဖွဲ့တွင် ပါဝင်ကြသည့် အနုပညာရှင်တွေကား တကယ့်ကို ထိတ်ထိတ်ကြဲတွေ ဖြစ်ကြ၏။ ရှေ့ထွက်မင်းသမီးချောများဖြစ်ကြသော လက်ညှိုးရှင်း၊ ကျည်ပွေ့အိမ်၊ ဝဝလှိုင်တို့မှာ တစ်ပင်





တိုင်အကများ၊ စတိတ်ရှိုးများဖြင့် ကာလသားပရိသတ်ကို ထိန်းထားနိုင်၏။ ပြဇာမင်းသမီးကား 'ပန်တျာ-ဇလုံခွက်သယ်' ဖြစ်ချေ၏။ ပြဇာတ်မင်းသားချောကား ကော်ဇော်သိမ်း(ဒေါ်ပုံ)ဖြစ်၏။ ဇာတ်ပို့ဇာတ်ရံများမှာ ဖြောင်သိမ်း (အမှိုက်ကော်)၊ သန်လျင်ပြောင်ပြောင်မှူး၊ တောင်စွန်းငန်းစောင်း၊ မောင်မောင်ညွှတ်တို့ ဖြစ်ကြ၏။ လူရွှင်တော်များကား ပါလေရာ မြူးနစ်၊ လေးကွဲက်သိုင်း ညွှန့်တင်၊ ခပ်တည်တည် မောင်ဝလွှန်းနှင့် သပွတ်အူ မောင်ဖွေကြီး(ကတောင်း)တို့ ဖြစ်ကြ၏။ လူကြမ်းများမှာ ကျော်မြင်းနိုင်၊ ဘာဂျာ ဖျင်း၊ ဒလ-ဖြိုးပိန်နှင့် နိုဝင်ဘာ-အောင်ကြီးတို့ ဖြစ်ကြ၏။ နောက်ပိုင်း ဇာတ်တော်ကြီးများကို တာဝန်ယူထားကြသော ပညာရှင်နှစ်ဦးကား တွံတေးစိန်မျက်ပြူးနှင့် အောဘိစီ-မုတ္တမခင်တို့ ဖြစ်ကြ၏။ မြန်မာတေးဂီတဆိုင်ရာကဏ္ဍ၌ ရှားစားကျော် စိန်မြင့်မား(ဘိုကလေး)နှင့် ငွေနဲ့ကျော် နာဂမြေ-စော်ကဲတို့က တာဝန်ယူထားသကဲ့သို့ ခေတ်ပေါ်တေးဂီတပိုင်းဆိုင်ရာ၌ ကိုပဲကြော် ဦးစီးသော ခုတ်ထွင်တောင်ပံ တေးဂီတအဖွဲ့က တာဝန်ယူထားလေရာ ဘယ့်ကေလာက် မြိုင်ဆိုင်သော၊ ဘယ့်ကလောက် အင်အားတောင့်တင်းသော အဖွဲ့ကြီး ဖြစ်ပါဘိသနည်း။ သည်တော့လည်း သည်လိုမျိုး အံ့ကျင်းကောင်းသော ဇာတ်အဖွဲ့ကြီးအနေဖြင့် ဇာတ်ရာသီ ပွဲဆက်မပြတ်သည်မှာ အံ့သြစရာ ကောင်းလှသည်တော့ မဟုတ်။

"ဟလို.. တက်စ်တီ... ဟလို... တက်စ်တီ... ဝမ်း တူး သရီး ဖိုး ဖိုက် ငါး.. ဟလို.. တက်စ်တီ.. ဟလို.. တက်စ်တီ.. ဟလို တက်စ်တီ (ဖူး.. ဖူး) ဝမ်း တူး သရီး ဖိုး ဖိုက် ငါး"

ဇာတ်စင်တိုင်တွင် ချိတ်ဆွဲထားသော လော်စပီကာကြီးမှ အသံ တွေ ထွက်ပေါ်လာ၏။ အသံပိုင်ရှင်ကား ကျွန်ုပ် ကိုရွှေတောသားတို့ရွာမှ မိုက်ခွက်ကို ကိုင်ရပါလျှင် ထမင်းခုနစ်ရက်မစားဘဲ နေပြမည့် ပွဲတိုင်း ကျော်ဦးမင်္ဂလာ ဖြစ်ချေ၏။ ယခုပွဲ၌ သူသည် မိုက်ကိုကိုင်ကာ ပွဲထိန်းလေတော့၏။ ဦးစွာ အသံချဲ့စက် ကောင်းမကောင်း စမ်းနေခြင်း ဖြစ်၏။ စက်၏ အခြေအနေ ပကတိကောင်းမွန်ပြီဟု သိရလေသောအခါဝယ် ၎င်း၏ သဒ္ဒအသံအား ပွဲခင်းတစ်ခုလုံးကို လွှမ်းခြုံပစ်လိုက်တော့၏။

"ဟလို.. ဟုတ်ကဲ့။ ကျွန်တော်တို့ ပိတ်စွယ်ကျေးရွာရဲ့ ဘုရားပွဲ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးရှိရာကို ရောက်လာကြကုန်သော ရွှေပွဲလာ၊ ငွေပွဲလာ ည္သေပရိသတ် အပေါင်းတို့ ခင်ဗျား... မကြာခင် ကာလအတွင်းမှာ ရန်ကုန် ရွှေမြို့တော်ကြီး ကနေ ငှားရမ်းလာခဲ့ရတဲ့ 'ရတနာပိန်းခင်း' ဇာတ်သဘင် ကြီးကနေ ရွှေပွဲလာ ငွေပွဲလာ ည္သေပရိသတ် အပေါင်းတို့ကို ကလျာစုံလင်စွာနဲ့ တင်ဆက်ဖျော်ဖြေ တော့မှာ ဖြစ်ပါတယ်။ ရှေ့ပိုင်းမှာတော့ဖြင့် (ဟုတ် ကဲ့) ရှေ့ထွက်မင်းသမီး ချောလေးတွေဖြစ်ကြတဲ့ လက်ညှိုးရှင်း၊ ကျည်ပွေ့အိမ်၊ ဝဝလှိုင်တို့က ည္သေပရိသတ်အပေါင်း ရှုမငြီးနိုင်တဲ့ ကကွက်အက ဆန်းတွေနဲ့ ဖျော်ဖြေကြပါ မယ်။ အဲဒီ ကကွက်တွေထဲမှာ ကြက်ဖခွပ်စို့ ပြိုင်တူကွယ်၊ ဆွေမျိုးချစ်တဲ့ အေရိုးဇစ်၊ တစ်မျိုးစုကြ အရိုးစုအကဆိုတဲ့ မော်ဒန်ယိမ်းတွေနဲ့ ဖျော်ဖြေကြမယ်လို့ (ဟုတ်ကဲ့) ကျွန်တော် စုံစမ်းသိ ရှိရလို့ အရင်းအတိုင်း တင်ပြရခြင်း ဖြစ်ပါတယ်။

နှစ်ပါးသွား အကမှာတော့ဖြင့် အထူးည္သေသည်တော်အဖြစ် စော စောလေးကတင် ရောက်ရှိလာတဲ့ ပန်တျာကြံချောင်းက မင်းသမီးချော ပန်တျာ ဇလုံခွက်သယ်နဲ့ တွဲဖက်လို့ ပရိသတ်ကြီး ရှုမငြီးရအောင် ခုန်ပေါက်ကျွမ်းထိုး တင်ဆက်ကပြသွားမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ လူရွှင်တော် ပါလေရာ မြှူးနစ်၊ လေးကွက်သိုင်း ညွန့်တင်၊ ခပ်တည်တည် မောင်ဝလွန်းတို့ကလည်း ပရိသတ်ကြီး ပါးစပ်မစေ့ရအောင် ပြက်လုံးတွေ ထုတ်ပြပါလိမ့်မယ်ခင်ဗျ.. အဲ အဲ.. (ကျန်သွားတယ်ခင်ဗျ) အဲဒီ လူရွှင်တော်တွေထဲမှာ သပွတ်အူ မောင်ပွေကြီး (ကတောင်း)လည်း ပါပါသေးတယ်ခင်ဗျ။

ခေတ်ပြဇာတ်အနေနဲ့ကတော့ ပြည်တော်ချစ် မင်းသားချော ကော်ဇော်သိမ်း(ဒေါပုံ)က ရတနာပိန်းခင်း ဇာတ်ပွဲက ပင်တိုင်မင်းသမီး ပန်တျာဇလုံခွက်သယ်အပြင် ည္သေသည်တော်မင်းသမီးချော ဝါဝါအင်ကြင်းတို့နဲ့ တွဲဖက်ပြီးတော့လည်း စာရေးဆရာ မောင်ခြေကျွေး(မြန်မာစာ) ရေးသားစီစဉ်တဲ့ 'ဘာကြီးမှန်းလည်း မသိဘူး'ပြဇာတ်ကို တင်ဆက်သွားပါလိမ့်မယ်။ ဇာတ်ပို့ ဇာတ်ရံတွေကတော့ ဖြောင်သိမ်း(အမှိုက်ကော်)၊ သန်လျင်ပြောင်ပြောင်မူး၊ တောင်ဖွန်းငန်းစောင်း၊ မောင်မောင်ညွှတ်တို့ ဖြစ်ကြပြီး ဒီပြဇာတ်ဟာ ဇာတ်လမ်းအမည်နဲ့ လိုက်လျောညီထွေလှစွာ ဘာကြီး မှန်းလည်း မသိရအောင် ပီပီပြင်ပြင် ကြမ်းပြ ရမ်းပြကြမယ့်သူတွေကတော့ ကျော်မြင်းနိုင်၊ ဘာဂျာငဖျင်း၊ ဒလဖြိုးပိန်နဲ့ နိုဝင်ဘာအောင်ကြီးတို့ ဖြစ်ကြပါတယ် ခင်ဗျ။





နောက်ပိုင်း ဇာတ်တော်ကြီးအနေနဲ့ကတော့ ရာဇဝင်အူပေါက် တွေကို အပီအပြင် ဖော်ထုတ်တင်ဆက် ကပြမှာမို့ ဝါရင့်သမ္မာရင့် ဇာတ် သဘင်ပညာရှင် ကြီးတွေဖြစ်ကြတဲ့ တွံတေးစိန်မျက်ပြူးနဲ့ အောဘီစီ မုတ္တမခင်တို့က ပဒုမပေါင်ရှည်နဲ့ မယ်ကုဝဏ် ဇာတ်တော်ကြီးကို တင်ဆက်ကပြတော့မှာ ဖြစ်တဲ့အတွက် (အဟမ်း... အဟမ်း.. အဟမ်း) ရွှေပွဲလာ ည္သေပရိသတ်တွေ အနေနဲ့ ပွဲခင်းအတွင်းနဲ့ ပွဲခင်းပတ်ဝန်းကျင် တစ်ဝိုက် မူးယစ်သောက်စားခြင်း မပြုရ။ ခိုက်ရန်ဖြစ်ပွားခြင်း မပြုရ။ တုတ်၊ ဓား လက်နက်ကိုင်ဆောင်ခြင်း မပြုရ။ တွေ့ရှိပါက ထိရောက်စွာ အရေးယူမယ်ဆိုတဲ့ အကြောင်း ပွဲခင်းထိန်းသိမ်း ကြီးကြပ်ရေးကော် မတီကိုယ်စား ကျွန်တော် မောင်မင်္ဂလာက နောင်အစဉ်ထာဝရ ရှောင်ကြဉ်စရာ အဝဝကို တင်ပြလိုက်ရပါတယ်ခင်ဗျာ

ဟုတ်ကဲ့... မင်္ဂလာပါ''

ပွဲတိုင်းကျော် ဦးမင်္ဂလာ၏ ရှည်လျားထွေပြားသော အင်ထရို မိတ်ဆက်အစီအစဉ် ပြီးဆုံးသည့်အခိုက် ရှာစားကျော် စိန်မြင့်မား(ဘို ကလေး)က သူတံတွေးဆွတ်၍ ကွာမကျအောင် ကပ်ထားသော ပတ်လုံးကလေးများအပေါ် နှင်းခူများ တောထနေသည့် လက်ချောင်းများဖြင့် မြည်အောင်၊ ပီအောင်၊ ကြည်အောင် တီးခတ်လိုက်သည်။ ထိုအခါဝယ် ငွေနဲ့ကျော် နာဂမြေစော်ကဲ ကလည်း လျှာခင်ကပ်ကပ်နေသော သူ၏ မွဲခြောက်ခြောက် နဲ့အိုကြီးကို တတီတီ တတော်တော်ဖြင့် အသံတွေစီ အောင်မြိုင်အောင် မှုတ်ပါလေတော့သည်။

ဤသို့ မြန်မာ့ဆိုင်းဝိုင်းကြီးက တစ်ကျော့ ကျော့ပြီးလိုက်ချိန်ဝယ် လူငယ်ထု ပရိသတ်၏ နှလုံးသားကို ယူကျုံးဖျစ်ညှစ်မည့် ကိုပဲကြော် ဦးစီးသော ခုတ်ထွင်တောင်ပံ ခေတ်ပေါ်တေးဂီတအဖွဲ့ကလည်း တဒုံးဒုံး တဒိုင်းဒိုင်း၊ တဂွမ်းဂွမ်း တဂျမ်းဂျမ်းဖြင့် လက်စွမ်းတွေ ပြလိုက်ပါချေ၏။ ကိုပဲကြော်ကား ဂီတမှူးဖြစ်သော်လည်း သူကိုယ်တိုင် ဒရမ်တီးခြင်းအမှု ကို ဦးစီးဦးဆောင် ပြု၏။ သူ့ဒရမ်လက်စွမ်းကို ကလေးပရိသတ်တွေ သဘောကျကုန်၏။ သဘောကျ၍လည်း ထိုကလေးများ သူတို့အိမ်သူတို့ ပြန်ရောက်လျှင် လူကြီးသူမတွေ မသိအောင် အိုးတွေမှောက်၊ ပန်းကန်တွေလှန်ပြီး တုတ်ချောင်းတွေနှင့် ခေါက်လေရာ ပေါက်သည့်အိုး ပေါက်ကုန်၏။ ပိန်သည့်အိုး ပိန်ကုန်၏။ ကွဲသည့်ပန်းကန် ကွဲကုန်၏။ ဤမျှအထိ ကိုပဲကြော်၏



www.burmeseclassic.com

www.burmeseclassic.com

ဒရမ်စတိုင်လ်က ကလေးပရိသတ်ကို လွှမ်းမိုးချုပ် ကိုင်ထား၏။ ကိုပဲကြော် လက်စွမ်းပြပြီး၍ ဆိုင်းဝိုင်းကို အလှည့်ပေးရ ချိန်တွင် အိမ်သူဇနီးချော မြိတ်သူကလေး လေးလေးခိမှ ရေပူရေချမ်း ကမ်းလှမ်း၏။ လူရွှင်တော် သပွတ်အူ မောင်ပွေကြီး(ကတောင်း)ဆိုလျှင် တိုင်ဖုံကြားမှ လက်ကျန်ပုလင်းကို ခွက်ပုန်းမော့ရင်း အားအကျကြီး ကျလျက် ကောင်းကင်ပြင်မှ မသာသော လမင်းကို ငေးမျှော်ငံ့လင့် ကြည့်ရှု နေလေစမြဲ ဖြစ်ချေ၏။

ကျွန်ုပ်တို့ ဆရာတပည့်လည်း ပွဲခင်းအတွင်း မဝင်နိုင်သေးဘဲ ပွဲခင်းအပြင်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် လှည့်လာရေးထွက်ကြ၏။ ဤတွင် မြို့ပြမှ စာနယ်ဇင်း အမှိုက်သရိုက် အချို့ ရောက်ရှိလာမည်ဟု သတင်း ကြိုတင် ရထားလေရကား ထိုငတိများ မရိပ်မိရလေအောင် ကျွန်ုပ်တို့ ဆရာ တပည့်သည် တောနေ့တောဟန် အဝတ်အစားများကို ဝတ်ထားကြ၏။ ခေါင်းကိုလည်း တဘက်များပတ်ပြီး ကိုယ်ပေါ်၌ စောင်ကျားကိုလည်း ခြုံထားသေးတော့ရာ အဘယ်မှာလျှင် အဆိုပါငတိတို့ အနေဖြင့် ကျွန်ုပ်တို့ ဆရာတပည့်အား မှတ်မိနိုင်ပါလိမ့်မည်နည်း။

"အာစရိ ... အာစရိ ... ဟိုမှာ ဘူးသီးပုံပြုတ် မောင်တေမိ မဟုတ်လား"

"ဟယ် ... ဟုတ်ပါရဲ့။ ဒင်းဘာလုပ်နေပါလိမ့်။ ကွမ်းယာဆိုင် မှာ ရပ်လို့၊ နို့ ... နေစမ်းပါဦး။ ဒီကောင်ကြီးက ကွမ်းလည်းမစား၊ ဆေးလိပ်လည်း မသောက်တတ်ပါဘဲနှင့် ဘာဖြစ်လို့ ကွမ်းယာဆိုင်မှာ ရစ်သီရစ်သီ လုပ်နေရ တာပါလိမ့်"

"အို ... အာစရိကလည်း ဒုံးဝေးလိုက်တာဗျာ"

ပလာယာက စကားသံ၏ တုန်းကို လျှော့ချလိုက်ရင်း ကျွန်ုပ်၏ နားဝသို့ ကပ်ပြောလေရာ ထိုအခါမှပင် ကျွန်ုပ်လည်း သဘောပေါက်ရ ချေတော့၏။

"ငကြွေ HIV ကူးနယ်ထုတ်ရင် အယ်ဒီတာချုပ် လုပ်မလို့ ခုကတည်းက အတွေ့အကြုံ ရှာတာထင်တယ်"

"ခုကတည်းက မဟုတ်ပါဘူး အာစရိရယ်။ ဒီကောင်ကြီး ဒီလိုမျိုး 'ကျက်စား'နေတာ ကာလကြာပြီဥစ္စာ"





"ဩော် ... လူဆိုတာ ကိုယ့်လက်ကျန် ကိုယ်ကစ်၊ ကိုယ့်ဝက်ခြံ ကိုယ်ညှစ်ကြသူတွေမို့ သူ့သမိုင်းနဲ့သူ ရှိပါစေကွာ။ ကဲ ... ကဲ ... ရှေ့ ဆက်ကြည့်ကြရအောင်"

သို့ဖြင့် နှစ်ယောက်သား ရှေ့ဆက်လျှောက်လေသော် မင်းသမီး များ အဝတ်လဲသည့်အခန်း၊ အလှပြင်သည့်အခန်းအနီး၌ လူတစ်စု ယောင် လည်လည် လုပ်နေကြသည်ကို တွေ့ရ၏။ ထိုလူစုကား ကျွန်ုပ်တို့ ကျေး လက်အရပ်မှ လူများ မဟုတ်ကြချေ။

"ဟာ ... ပလာယာရေ၊ ဘယ်သူတွေများလည်း မှတ်တယ်။ မည်းပြောင်မြေခွေးရယ်၊ ပန်းခွေလှိုင်ရယ်၊ ဆဋ္ဌဂံငါးစင်ရိုင်းတို့ သုံးဦးပါလား"

"ဟာ ... ဟုတ်တယ် အာစရိရေ၊ ငနဲတွေ သုံးယောက်သား ထရံပေါက်ကို ဖြဲပြီး အထဲကို ချောင်းကြည့်နေကြပါကလား။ ဒီလောက် ယဉ်ကျေးမှု ချို့ယွင်းတဲ့ငနဲတွေ မှောင်ရိပ်ကနေပြီး ပုစွန်ကျစ်စာခဲနဲ့ လှမ်း ထုမယ်ဗျာ"

"မလုပ်ပါနဲ့ကွာ ... မလုပ်ပါနဲ့။ ခများတွေ အရှိန်ပျက်သွားပါလိမ့်မယ်။ ပွဲခင်းကြီးကြပ်ရေးတွေ ထိန်းရမယ့် အလုပ်ပါကွာ"

"တောက် ... တော်တော်ကဲတဲ့ ငတိတွေ"

"ကဲမှာပေါ့ကွာ။ သူတို့ခေါင်းဆောင် မောင်တေမိတောင် ဒီလောက် ဖြစ်နေမှတော့ ... ဟာ ... ပြောရင်းဆိုရင်း သတိရတယ်။ ကြည့်စမ်း ပလာယာ။ မောင်တေမိကို တွေ့သလား"

"မတွေ့တော့ဘူး အာစရိ။ မောင်တေမိသာ မတွေ့ရတာ မဟုတ် ဘူး။ ကွမ်းယာယာနေတဲ့ ဆေးဆိုးပန်းရိုက်မကလေးလည်း မတွေ့ရတော့ ဘူး"

အရာအားလုံးအပေါ် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် သဗ္ဗေသတ္တာ ကမ္မဿကာဟု သဘောထားလျက် မှောင်ရိပ်တစ်နေရာသို့ လျှောက်လှမ်း လိုက်လေသောအခါဝယ် မှောင်ရိပ်ရှိ ကန်သင်းရိုးစပ် တစ်နေရာ၌ စန့်စန့်ကြီးလဲနေသူ တစ်ဦးကို တွေ့ရချေ၏။

"မြို့ကလာတဲ့သူလို့ ပြောတာပဲဗျ။ သူ့ပါလာတဲ့ ပုလင်းသူ့ ဘာသာချပြီး မှောက်သွားတာ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ရွာသားတစ်ဦး၏ စကားအဆုံး၌ ကျွန်ုပ်တို့ ဆရာတပည့်နှစ် ယောက် သွားရောက်ကြည့်ရှုလိုက်လေရာ. . .

''ဟာ. . သေရင်လျှာထွက်ပြီ ဆိုတဲ့ ငပွကြီး''

''ဟုတ်ပါရဲ့။ တစ်ခါမှ အရက်သောက်တာ မတွေ့ရတဲ့ ငပွကြီး ဘယ်လိုဖြစ်ရတာပါလိမ့်''

''အာစရိရယ်၊ သင်းက မြို့ပြမှာ လူကြားကောင်းအောင်၊ လူမြင်ကောင်းအောင် ဟန်ဆောင်နေတာပါဗျာ။ လွတ်လွတ်လပ်လပ်ဆိုရင် ခွက်ပုန်းနှိပ်နေတာဗျ။ ဒါကို သူ့တပည့်တွေ ပြောပြလို့ သိရတာ''

''အင်း . . . မြင်လိုက်တွေ့လိုက်ရတာတွေကလည်း တစ်ကွက်ကလေးမှ စိတ်သက်သာစရာ မရှိပါဘဲကလား။ ကဲကွာ . . . အဲဒါတွေထားလိုက်ပါတော့။ တို့ဆရာတပည့်နှစ်ယောက် ကိုယ့်ဘာသာကိုယ် ပွဲခင်းထဲ ဝင်ထိုင်တာကမှ အကုသိုလ် ကင်းပါသေးတယ်''

''ဟုတ်တယ် အာစရိ''

ထိုခဏ ပွဲခင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ဇာတ်သဘင်ကမှု ဆိုင်းသံ ဗုံသံတွေ ညံနေဆဲ။

''ဘာ. . . ဘာဖြစ်တာလဲ အာစရိ''

''ဟာ . . . ဟော့. . . ဘာဖြစ်ရမလဲ။ ဘကြီးကျော်ရှင်ရဲ့ ကောက်ရိုးပုံ မီးထလောင်နေတာကွ။ ဟော . . . လေက တိုက်တော့ မီးစတွေ လွင့်လာပြီ''

ထိုစဉ်ခဏ ဇာတ်စင်မှ အသံထွက်ပေါ်လာ၏။ ဦးမင်္ဂလာ၏ အသံတည်း။

''ငြိမ်းကြပါဟ. . သတိကြပါဟ . . သဲတွေနဲ့ ပက်ကြ။ တာဘောမှာ ရေတွေ ရှိတယ်။ ခပ်ပြီး အမြန်ပက်''

လူအားလုံး ညီကြပါချေ၏။ မီးကား လူအားနိုင်၍ ငြိမ်းသွားပါချေ၏။ တော်ပါသေး၏။ ပွဲခွင်ကား ပျက်မသွား။ ပွဲထိန်းသိမ်းရေးတွေက အခင်းဖြစ်ရာကို စုံစမ်းဖို့ ထွက်သွား၏။ ထိုစဉ် မောင်ရိုပ်ကြားမှ မျက်စိ မျက်နှာ ပျက်နေသော လူတစ်ယောက်ကို တွေ့ရာ ထိုသူကား အခြား မဟုတ်။ ကျွန်ုပ်တို့၏ ဇာတ်ကောင်ကြီး မောင်တေမိပင် ဖြစ်လေသတည်း။ ၎င်း၏ နှမ်းပြင်ဝယ် ချွေးစေးတွေကြောင့် ကောက်ရိုးစတချို့ ကပ်နေလေရာ အခြေအနေ အရင်းခံကို ကျွန်ုပ် စဉ်းစားမိသွားခဲ့ပြီ ဖြစ်ပါ၏။

''ရွှေပွဲလာ ဒေ့ါ်ပရိသတ်အပေါင်းတို့ ခင်ဗျာ။ ပွဲခင်းတစ်ဝိုက်မှာ မီးကို ဂရုစိုက်ကြပါ။ အခုလည်း ဘယ်မိမဆုံးမ၊ ဖမဆုံးမကြောင့် မီးလောင်သလဲမသိဘူး။ ခုတော့ လူညီလို့ ဘာမှ မဖြစ်တော့ပါဘူး။ ဆေးလိပ်မီးကို အရမ်းမပစ်ကြပါနဲ့ခင်ဗျ။

ဟုတ်ကဲ့ . . . 'ရတနာပိန်းခင်း' ဇာတ်အဖွဲ့ကြီးက မကြာခင်မှာပဲ ပြဇာတ်ချစ်ပရိသတ်ကို တင်ဆက်မှာကတော့ 'ဘာကြီးမှန်းလည်း မသိဘူး'ပဲ ဖြစ်ပါတယ် ခင်ဗျား။ စောင့်မျှော်ကြည့်ရှုကြပါတော့ ခင်ဗျား''

ဟူသော ဦးမင်္ဂလာ၏ အသံကြီး ထွက်ပေါ်လာခဲ့လေရာ ပွဲခင်း တစ်ခုလုံးဆီမှ လက်ခုပ်လက်ဝါး တီးသံများ၊ လက်ခေါက်မှုတ်သံများ လျှံထွက်ကျလာလေတော့သတည်း။

(ကြည့်ရှင်ပြုံးပျော်နိုင်ကြပါစေ။)

မြို့မေတ္တာခံယူမယ့်

**ကိုရွှေတောသား**

BURMESE CLASSIC .com



www.burmeseclassic.com